# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၉)ရက် ၊ သောကြာနေ့ ၊ (18-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ- ၁၉

# ဘရာဇီးနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် ဘီစီဂျီကာကွယ်ဆေး ငါးသိန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ



ရန်ကုန် ဇူလိုင် ၁၇

ဘရာဇီးနိုင်ငံ ဘရာဇီးနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Brazilian Cooperation Agency–ABC)က မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုတစ်ရပ်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လှူဒါန်းသည့်အမေရိကန်ဒေါ်လာ ကိုးသောင်းခန့်တန်ဖိုးရှိ ဘီစီဂျီကာကွယ်ဆေး ငါးသိန်း doses သည် ယမန်နေ့ညနေပိုင်းက MAI လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါဘီစီဂျီကာကွယ်ဆေး(BCG vaccine)ကို မွေးကင်းစကလေးငယ်များမွေးဖွားပြီးသည်မှ ၂၄နာရီအတွင်း ထိုးနှံပေးရန် လိုအပ်ပြီး မွေးဖွားပြီး ၂၄ နာရီအတွင်း မထိုးနှံနိုင်ပါက အသက်နှစ်လမတိုင်မီလည်းကောင်း၊ အသက်နှစ်လအရွယ်တွင် အခြားကာကွယ်ဆေးများနှင့်ပူးတွဲ၍လည်းကောင်း ထိုးနှံခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြင်းထန်တီဘီရောဂါကာကွယ်ရေးလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်ရန် အထောက်အကူဖြစ်စေကြောင်း သိရသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရောက်ရှိမည့် ၇၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး MRTV HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MITV၊ MWD HD၊ MWD Variety HD၊ MNTV၊ Up to Date channel၊ Readers' Channel၊ M channel တို့မှလည်းကောင်း၊ MOI Website၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ ပတ္တမြားFM၊ FM ပုဂံ၊ ပဉ္စဝတီFM၊ မန္တလေးFM၊ ချယ်ရီ FM၊ ရွှေ FM နှင့် MRTV App: အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

## သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများ ပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်း အဆက်မပြတ်ဝင်ရောက်နေ

နေပြည်တော် ဇူလိုင် ၁၇

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းနှင့် အာရှပစိဖိတ်ဒေသတွင်းစက်သုံးဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာမှုကြောင့် လာမည့်အပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်နိုင်မည်ဟု သုံးသပ်ခန့်မှန်းရသော်လည်း ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သည့်ဈေးနှုန်းများအောက် တစ်လီတာလျှင် ငွေကျပ် ၂၅၀ ကျော်ခန့်ထိ လျော့နည်းနေဦးမည်ဟု ခန့်မှန်းရကြောင်း၊ ယခင်နှစ်က အရောင်းဆိုင်များ၌ ယာဉ်တန်းစီစောင့်ဆိုင်းဝယ်ယူမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုနှစ်တွင် အလားတူ ယာဉ်တန်းစီဝယ်ယူမှုမျိုး မတွေ့ရကြောင်းနှင့် သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့်ဆီတင်သင်္ဘောများလည်း အဆက်အပြတ်ဝင်ရောက်လျက်ရှိနေသည်ဟု လုပ်ငန်းရှင်အသိုင်းအဝိုင်းများထံမှ သိရသည်။ (သတင်းစဉ်)




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်စေရေး

ကမ္ဘာ့အင်အားကြီးနိုင်ငံများ အားပြိုင်မှုကြားတွင် မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအရ အချက်အချာကျကျ တည်ရှိမှုကြောင့် ကာကွယ်ရေးစွမ်းပကားမြင့်မားရန်လိုအပ်မှု၊ ကျင့်သုံးနေသည့် ပြည်သူ့စစ်မဟာဗျူဟာကို ဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်နေမှု၊ ပြည်သူလူထု၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုရှင်သန်မြင့်မားလာစေရေးနှင့် နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်စေရေးတို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်လာခဲ့ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေရှည်တစိုက်မတ်မတ်လုပ်ရမည့် အထူးကောင်းမွန်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ပေါ်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေးအသိရှိသည့် နိုင်ငံသားများ ပိုမိုများပြားလာမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ဖြစ်တည်မှု အချုပ်အခြာအာဏာပိုင်ဆိုင်မှုတို့ကို ရေရှည်အာမခံနိုင်မည်ဖြစ်ပေသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)ထိ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့အတူ သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့်လည်း သင်တန်းတွင် စစ်ပညာသာမက အဖွဲ့အစည်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ရဲဘော်ရဲဘက်စိတ်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်များရရှိခဲ့ကြပြီး တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းစစ်သည်များသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပြီး ၎င်းတို့အထဲမှ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များ ရရှိခဲ့သူများလည်း ပေါ်ထွန်းနေပြီဖြစ်သည်။

စစ်မှုထမ်းခြင်းမှရရှိလာမည့်အတွေ့အကြုံနှင့် အသိပညာများကြောင့် အနာဂတ်လူငယ်များ၏ ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းခွင်နယ်ပယ်တွင်လည်း ရင်ဆိုင်ကြုံတွေ့လာရမည့်အခက်အခဲများစွာကို ဖြေရှင်းနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှုများလည်း ရရှိစေမည်ဖြစ်ပေသည်။ အရေးကြီးသောအချက်တစ်ချက်မှာ ပြည်သူအများစု သို့မဟုတ် ရပ်ရွာအလိုက် အချိုးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် အရပ်ဘက်နှင့် စစ်ဘက်ကြား အပြန်အလှန်ယုံကြည်နားလည်မှုများ တည်ဆောက်နိုင်ပေသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေအသက်ဝင်လာခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ကောင်းမွန်သော ဥပဒေတစ်ရပ်ပင်ဖြစ်သည်။ လူငယ်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားခြင်းဖြင့် မိမိကိုယ်ကိုယုံကြည်မှု၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုများဖြင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအား ခိုင်မာတောင့်တင်းစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံသားတိုင်း တစ်ဦးချင်းစီက ကိုယ်စီတာဝန်သိစိတ်များဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းကို တက်ကြွစွာထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပလာတူးငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပလာတူးငါးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မေလအတွင်း ပလာတူးငါး ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပလာတူးငါးပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လထဲမှာ ဘိုကလေးမြို့နယ် ဘက်ကနေ ပလာတူးငါးတွေအပြင် အခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခု ပလာတူးငါးတွေ ပုံမှန်ထက် ပိုမိုအရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး ၁၀ ပိဿာလျှင် ငွေကျပ် ၉၉၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ပလာတူးငါးများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တက်ရောက်



မန္တလေး ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၅)ကို ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခင်အစည်းအဝေး(၁/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့် တိကျမှန်ကန်စွာဖြင့် အချိန်ကြန့်ကြာမှုမရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ အနေဖြင့် သတ်မှတ်ကာလအတွင်း စည်းကမ်းချက် များနှင့်အညီ အပြည့်အဝ အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူးက ဥပဒေ၊ နည်းဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့ထားသည့် လုပ်ငန်းစာတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များက အထွေထွေအကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၅၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မင်းကင်း ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၅၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၁၅ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်း ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးလျှပ်ကြီးကြောင့် လျှပ်ဘေးသင့် အာမခံအလုပ်သမားများကို မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်နှင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမားများအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်များ ထုတ်ပေး




**မန္တလေး ဇူလိုင် ၁၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ မန္တလေးလျှပ်ကြီးကြောင့် လျှပ်ဘေးသင့် အာမခံအလုပ်သမားများကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်နှင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမားများ၏ ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံး)များ ခွင့်ပြုထုတ်ပေးခြင်းကို ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၊ လျှပ်ဘေးသင့် အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယဝန်ကြီးက အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို မန္တလေးတိုင်းဒေသ ကြီးအတွင်း အကျိုးဝင်မှတ်ပုံတင် ထားသည့် အလုပ်ဌာန ၇၃၉၅ ဌာနရှိ အာမခံအလုပ်သမား ၁၂၅၆၇၃ ဦးအနက် စိစစ်ပြီး အာမခံအလုပ်သမားဦးရေ ၁၁၈၇၀ ကို ငွေကျပ် ၉၆၈ ဒသမ ၁၈၁ သန်းနှင့် အလုပ်လုပ်ကိုင်နေစဉ် လျှပ်လှုပ်ခတ်မှုကြောင့် လုပ်ငန်းခွင် ထိခိုက်သေဆုံးခဲ့သူ အာမခံအလုပ်သမား ၁၆ ဦး အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၀၃ ဒသမ ၄၇၀ သန်းကို ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်း၊ မိသားစုထောက်ပံ့မှု အာမခံစနစ်ပါ သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ Online Payment System နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပုဂ္ဂလိကဘဏ်များသို့ Digital Payment System ဖြင့် အာမခံအလုပ်သမားများ လက်ဝယ်အရောက် စနစ်တကျလွယ်ကူ မြန်ဆန်စွာ ရောက်ရှိစေရေး လွှဲပြောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ ဒုတိယဝန်ကြီးက အာမခံ အလုပ်သမားဦးရေ ၁၁၈၇၀ အတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ရာခိုင်နှုန်းအတွက် ငွေကျပ် ၉၆၈ ဒသမ ၁၈၁ သန်းကို လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူတို့က လျှပ်ဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့သူ ၁၆ ဦး အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၀၃ ဒသမ ၄၇၀ သန်းကို ကျန်ရစ်သူမိသားစုများနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုအခမ်းအနားတွင် မန္တလေးလျှပ်ဒဏ် ခံစားခဲ့ကြရသည့် လူမှုဖူလုံရေး အာမခံအလုပ်သမားဦးရေ ၁၁၈၇၀ အတွက် ငွေကျပ် ၉၆၈ ဒသမ ၁၈၁ သန်းကို Online Payment များမှတစ်ဆင့် ခွင့်ပြုထုတ်ပေးသွားမည် ဟုသိရကြောင်းနှင့် ခွင့်ပြုထုတ်ပေးသည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများမှာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် အပြည့်အဝခံစားနိုင်မည်ဖြစ်ရာ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများကို ဥပဒေနှင့်အညီ အားလုံးအကျုံးဝင်မှတ်ပုံတင်ထားရန် လိုအပ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့မှ Mobile Medical Unit(MMU)ဖြင့် အာမခံ အလုပ်သမားများအား ဆေးကုသဝန်ဆောင်မှုပေးနေခြင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ သတင်းရရှိသည်။ **မျိုးကျော်**

# အရာတော်မြို့နယ်တွင် ပဲစင်းငုံ ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မုံရွာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ပဲစင်းငုံ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ကေ ၂၅၄၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလ ဒုတိယပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၄၃၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲစင်းငုံ ကေ ၂၅၄၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၅၄၃၅ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြေပြင်ကွင်းဆင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးရှဉ့်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ပြီး ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ အရောင်းအဝယ် ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကို ဝယ်ယူမှု များပြားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ဇွန်လ ပထမပတ်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြား ပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်''ဟု အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းတင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ သိရသည်။

အိမ်မဲမြို့နယ်မှထွက်ရှိသည့် ဒေသထွက် ငါးရှဉ့်များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိလျက်ရှိကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မိတ်ဆွေသူငယ်ချင်း၊ ရှောင်းရင်း၊ ရိုးရင်း

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"မြန်မာအဘိဓာန်"ထဲမှာ "မိတ်ဆွေ" ကို "ခင်မင်သောသူ" ရယ်လို့ ဖွင့်ဆိုထားပါတယ်။ "သူငယ်ချင်း" ကို "ငယ်ရွယ်စဉ်ကပင်၊ အဖော်အပေါင်းပြုခဲ့သူ" ရယ်လို့ ဖွင့်ဆိုထားပါတယ်။

"အဖော်" ကို "မိတ်ဆွေအပေါင်းအဖော်" "အတူတကွရှိနေသူ"ရယ်လို့ ဖွင့်ဆိုထားသလို "အဖော်အလျော်" "အဖော်အဖက်" ကိုလဲ "မိတ်ဆွေအပေါင်းအဖော်"လို့ပဲ ထပ်တူဖွင့်ဆိုထားပါတယ်။

"ရှောင်းရင်း"ကို "ငယ်သူငယ်ချင်း "ရယ်လို့ ဖွင့်ဆိုထားပြီး "ရိုးရင်း" ကို "အသက်အရွယ်ကြီးမှ ပေါင်းဖော်ရသောမိတ်ဆွေ" ရယ်လို့ ဖွင့်ဆိုထားပါတယ်။ "ခင်ပွန်း" ဆိုတာလဲ "မိတ်ဆွေ"ပါပဲ။

"သဟာယ" ကို "အပေါင်းအသင်း" ရယ်လို့ ဖွင့်ဆိုထားပြီး "သင်္ဂဟ" ကိုလဲ "အပေါင်းအသင်း" ရယ်လို့ပဲ ဖွင့်ဆိုထားပါတယ်။

"မြန်မာအဘိဓာန်" ထဲမှာ "မိတ်ဆွေသူငယ်ချင်း၊ ရှောင်းရင်း၊ ရိုးရင်း၊ ခင်ပွန်း၊ အပေါင်းအသင်း၊ သဟာယ၊ သင်္ဂဟ၊ အဖော်၊ မိတ်ဆွေအပေါင်းအဖော်၊ အဖော်အလျော်၊ အဖော်အဖက်" စတဲ့ ဝေါဟာရမျိုးစုံနဲ့ မိတ်ဆွေရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုထားပါတယ်။

"မိတ်ဆွေ" နဲ့ပတ်သက်လို့ ဘယ်လိုပဲအဓိပ္ပာယ်တွေ ဖွင့်ဆိုထားစေကာမူ "မိတ်ဆွေစစ်၊ မိတ်ဆွေမှန်နဲ့ မိတ်ဆွေတု၊ မိတ်ဆွေယောင်"ဆိုတဲ့ "အတုနဲ့အစစ်" "အစစ်နဲ့အတု" နှစ်မျိုးပဲ ခွဲခြားသတ်မှတ်လို့ရပါတယ်။

"မိတ်ဆွေစစ်နဲ့ မိတ်ဆွေတု"ကို တော်ရုံတန်ရုံ အတွေ့အကြုံနဲ့ ခွဲခြားသိရှိနိုင်ကြမှာ မဟုတ်ပါဘူး။ အသက်အရွယ်ကြီးရင့်ပြီး ဘဝမျိုးစုံကို ဖြတ်သန်းကာ မိတ်ဆွေပေါင်းမြောက်မြားစွာနဲ့ ပေါင်းသင်းဆက်ဆံဖူးကြမှသာ "မိတ်ဆွေစစ်နဲ့ မိတ်ဆွေတု"ကို ခံစားချက်နဲ့ ခွဲခြားသတ်မှတ်နိုင်ကြတာပါ။

ငယ်စဉ်ကျောင်းသား၊ ကျောင်းသူဘဝတွေမှာတော့ "မိတ်ဆွေကျင့်ဝတ်ငါးပါး"ကို နှုတ်တိုက်ရွရွ သင်ကြားရွတ်ဆိုခဲ့ကြရပါတယ်။

"ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ"ရယ်လို့ "သိင်္ဂါလောဝါဒသုတ်ကျင့်ဝတ်"ထဲမှာပါတာကို ဆရာ၊ ဆရာမတွေသင်ကြားခဲ့ကြလို့ သိမှတ်ခဲ့ကြရပါတယ်။

သင်္ဂဟတရားလေးပါးဆိုပြီး (တစ်) ဒါန=ပေးကမ်းခြင်း၊ (နှစ်) ပေယျဝဇ္ဇ = ချစ်ဖွယ်သောစကားဆိုခြင်း၊ (သုံး) အတ္တစရိယ= အကျိုးဆောင်ခြင်း၊ (လေး) သမာနတ္တတာ = မိမိနဲ့တန်းတူဆက်ဆံခြင်းစတဲ့ မိတ်ဆွေကောင်းပီသအောင် စည်းရုံးသိမ်းသွင်းကြောင်း တရားလေးပါးကိုလည်း စာတွေ့လေ့လာသင်ကြားခဲ့ကြရပါတယ်။

စာတွေ့နဲ့ လက်တွေ့ဟာ ခံစားချက်ချင်း ကွာခြားလွန်းလှပါတယ်။ လက်တွေ့ဆိုတာက ကိုယ်တွေ့ကြုံရတာတွေရှိနေသလို ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာကို တွေ့မြင်သိရှိနေရတာတွေလဲ ပါဝင်ပါတယ်။

လူတိုင်းဟာ စားဝတ်နေရေးအတွက် ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့မရတော့ အပေါင်းအသင်း မိတ်ဆွေကိုယ်စီရှိနေကြပါတယ်။ အဲဒီအပေါင်းအသင်းမိတ်ဆွေတွေထဲမှာ ကိုယ့်ကိုအကျိုးပေး အထောက်အကူပြုနေကြတဲ့ မိတ်ဆွေကောင်း မိတ်ဆွေစစ်တွေရှိနေကြသလို ကိုယ့်ကိုဒုက္ခပေး၊ အပူမီးမွှေးပေးတဲ့အကျိုးမဲ့ သစ္စာပျက်၊ မိတ်ဆွေတု မိတ်ဆွေယောင်၊ ကပ်ပါးရပ်ပါး၊ ကပ်တီးမှူးလဲ၊ ဖွဲဆန်ကွဲတွေလဲရှိနေကြပါတယ်။

ကျွန်တော်ဟာ မှုခင်းရှုထောင့်ဂျာနယ်၊ မှုခင်းမြင်ကွင်းဂျာနယ်နဲ့ မှုခင်းရှုထောင့်ရသစုံ မဂ္ဂဇင်းမှာ အယ်ဒီတာချုပ် တာဝန်ခံအယ်ဒီတာအဖြစ် ၂၃ နှစ်ကျော် တာဝန်ထမ်းဆောင်လာခဲ့တဲ့ အတွေ့အကြုံ အရပြောရမယ်ဆိုရင် သောက်ဖော်သောက်ဖက် သူငယ်ချင်းအချင်းချင်း သွေးဆူလာကြတော့ ငြင်းကြခုံကြရင်း အချင်းများကြရာက ထိုးကြိတ်ကန်ကျောက်ကြတာတွေ၊ ရိုက်နှက်သတ်ဖြတ်ကြတာတွေ၊ အပေါင်းအသင်းက အဆွယ်ကောင်းလို့ အပျော်လိုက်စားကြရာက အမွေကျင့်မှု၊ မုဒိမ်းမှုဖြစ်ပွားကြရတာတွေ၊ ငွေညှစ်ခံကြရတာတွေ၊ အချို့ကျတော့ သူငယ်ချင်းကို အရက်မူးအောင်တိုက်ပြီး သူငယ်ချင်းရဲ့သမီးပျိုလေးကိုစော်ကား၊ မဟားတရားကျင့်ကြံတာတွေ၊ သူငယ်ချင်းတွေ နေအိမ်မှာမရှိခိုက် သူငယ်ချင်းတွေရဲ့ဇနီးတွေကို မဖွယ်မရာပြုဖို့ကြံကြတာတွေ ၊ သူငယ်ချင်းအဆွယ်ကောင်းလို့ လောင်းကစားမှုတွေ ပြုလုပ်၊ ဒုစရိုက်မှုတွေကို ကျူးလွန်ကြတာတွေ၊ သူငယ်ချင်းတွေ ကြီးပွားချမ်းသာနေကြတာကို မနာလိုမရှုဆိတ်ဖြစ်ကြပြီး ကွယ်ရာကနေ လုပ်ကြံလီဆယ်၊ ချောက်တွန်းကြတာတွေ၊ အထူးသဖြင့် အရက်ဝင်သွားကြရင် တွေးတောဆင်ခြင်မှုကင်းမဲ့ပြီး ဆင်ကန်းတောတိုး အကျိုးယုတ်လုပ်ရပ်တွေနဲ့ မိတ်ဆွေအချင်းချင်း ညှဉ်းပန်းနှိပ်စက်မှုတွေ စတဲ့ပြစ်မှုတွေကျူးလွန်နေကြတာကို သိရှိနေရပါတယ်။

အဲဒီနေရာမှာ ငယ်ငယ်ကသင်ကြားခဲ့ရတဲ့ (၃၈) ဖြာ မင်္ဂလာတရားတော်ကို သတိရမိပါတယ်။ **အသေဝနာစဗာလာနံ = လူမိုက်နှင့် မပေါင်းသင်းနှင့်။ ပဏ္ဍိတာနဥ္စသေဝနာ = လူလိမ္မာနှင့်ပေါင်းသင်းပါ။ ပူဇာစပူဇနေယျာနံ = ပူဇော်ထိုက်သူကို ပူဇော်ပါလို့** ဆိုထားပါတယ်။ **"လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ကင်းအောင်နေ။ ပညာရှိကိုအရှည်တွဲလို့ မှီဝဲဆည်းကပ် နည်းယူစေ။ သုံးပါးရတနာ မိဘများနှင့် ဆရာသမားကို ပူဇော်လေ။ ချမ်းသာကိုပေး ဆက်ဆံရေး မျှော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"**လို့ ဆက်ဆံပေါင်းသင်းရေးမင်္ဂလာအဖြစ် မြတ်ဗုဒ္ဓရဲ့ဟောပြောညွှန်ပြချက်ကို မှတ်သားဖွယ် ကျက်မှတ်ရွတ်ဆိုခဲ့ကြရပါတယ်။

**"လောကသာရပျို့"**မှာလဲ **"ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍၊ အမြဲခွာရှင်း၊ ဖဲကြဉ်မင်း"**လို့ လူမိုက်နဲ့ မပေါင်းသင်းကြဖို့ သတိပေးဆုံးမထားပါတယ်။

**"စွယ်စုံနီတိကထာ"**ထဲမှာ စီးပွားကိုဆောင်ရင် သူစိမ်းဖြစ်ပေမဲ့ အဆွေခင်ပွန်းလို့မှတ်ယူနိုင်ပါတယ်။ စီးပွားကိုမဆောင်ရင် အဆွေခင်ပွန်းဖြစ်ပေမဲ့ သူစိမ်းပဲတဲ့။ ဘာနဲ့ဥပမာပေးထားသလဲဆိုရင် ကိုယ်နဲ့အနီးကပ်ရှိနေတဲ့အနာရောဂါဟာ စီးပွားကိုမဆောင်ပေမဲ့ တောထဲက ဆေးဝါးတွေဟာ စီးပွားကိုဆောင်တယ်တဲ့။

**❖ငယ်ငယ်ကသင်ကြားခဲ့ရတဲ့ (၃၈) ဖြာ မင်္ဂလာတရားတော်ကို သတိရမိပါတယ်။ အသေဝနာစဗာလာနံ = လူမိုက်နှင့်မပေါင်းသင်းနှင့်။ ပဏ္ဍိတာနဥ္စသေဝနာ=လူလိမ္မာနှင့်ပေါင်းသင်းပါ။ ပူဇာစပူဇနေယျာနံ = ပူဇော်ထိုက်သူကိုပူဇော်ပါလို့ဆိုထားပါတယ်။ "လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ကင်းအောင်နေ။ ပညာရှိကိုအရှည်တွဲလို့ မှီဝဲဆည်းကပ်နည်းယူစေ။ သုံးပါးရတနာ မိဘများနှင့် ဆရာသမားကို ပူဇော်လေ။ ချမ်းသာကိုပေး ဆက်ဆံရေး မျှော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"လို့ ဆက်ဆံပေါင်းသင်းရေးမင်္ဂလာအဖြစ် မြတ်ဗုဒ္ဓရဲ့ဟောပြောညွှန်ပြချက်ကို မှတ်သားဖွယ်ကျက်မှတ်ရွတ်ဆိုခဲ့ကြရပါတယ်။ ❖**

ဒေါ့အပြင် ကိုယ့်ရှေ့မှာတော့ ပျားသကာလိုချိုသာတဲ့ ချစ်ဖွယ်စကားတွေကိုပြောဆိုနေပေမဲ့ ကိုယ့်ကွယ်ရာမှာတော့ ခါးတမာလို အော့နှလုံးနာစရာ စကား၊ အမုန်းစကားတွေကို ပြောဆိုနေလေ့ရှိတဲ့ မိတ်ဆွေတွေဟာ ပျားရည်ဖုံးထားတဲ့ အဆိပ်အိုးလို သဘောထားပြီး ဝေးဝေးက ရှောင်ကြဉ်ကြပါတဲ့။ အကြင်သူရဲ့ မျက်နှာဟာ ပဒုမ္မာကြာလို ရွှင်နေတယ်။ ဆိုစကားကလဲ စန္ဒာကူးလိုအေးချမ်းနေတယ်။ ဒါပေမဲ့ နှလုံးသားကတော့ အမြန်သေစေတတ်တဲ့ အဆိပ်ရှိနေတယ်။ အဲဒီလိုမိတ်ဆွေမျိုးကို မပေါင်းသင်းကြပါနဲ့တဲ့။

ဦးချိုရှိတဲ့သတ္တဝါကို အတောင် ငါးဆယ်ရှိတဲ့အရပ်က ရှောင်ကြဉ်နေပါ။ မြင်းကို အတောင်တစ်ရာရှိတဲ့အရပ်က ရှောင်ကြဉ်နေပါ။ အစွယ်ရှိတဲ့ဆင်ကို အတောင်တစ်ထောင်ရှိတဲ့အရပ်က ရှောင်ကြဉ်နေပါ။ မိတ်ဆွေတု၊ မိတ်ဆွေယောင်နဲ့ သူယုတ်မာကိုတော့ အဲဒီအရပ်မှာ မနေတော့ဘဲ ရှောင်ကြဉ်နေပါတဲ့။

ပျက်စီးရခြင်းရဲ့ အပြစ်ခြောက်ပါးထဲမှာ **"မကောင်းမိတ်ဖျင်း"**ဆိုတဲ့ မိတ်ဆွေတု၊ မိတ်ဆွေယောင်ဟာ တစ်ပါးအပါအဝင်ဖြစ်ပါတယ်။ မကောင်းတဲ့အပေါင်းအသင်းကြောင့် လောင်းကစားမိမယ်၊ သောက်စား မိမယ်၊ အချိန်အခါမဲ့ သွားလာမိမယ်၊ ပွဲလမ်းသဘင်ခုံမင်မယ်ဆိုရင် စီးပွားပျက်ကြရမှာ သေချာလှပါတယ်။

**"ဒီဃဇာဏုသုတ်"**မှာတော့ "မိန်းမလိုက်စားခြင်း၊ အရက်သေရည်အသောက်များခြင်း၊ အလောင်းအစား အားကြီးခြင်း၊ အဆွေခင်ပွန်းယုတ်ကိုပေါင်းသင်းခြင်းတို့ဟာ စည်းစိမ်ဥစ္စာပျက်စီးကြောင်း လေးပါးဖြစ်တယ်လို့" ဆိုဆုံးမထားပါတယ်။

**"စွယ်စုံနီတိကထာ"**မှာပဲ "ရန်သူနဲ့လဲ ယုံယုံကြည်ကြည် အကျွမ်းတဝင်မနေပါနဲ့။ အဆွေခင်ပွန်းနဲ့လဲ ယုံယုံကြည်ကြည်၊ အကျွမ်းတဝင် မနေပါနဲ့။ တစ်ခါတစ်ရံမှာ အဆွေခင်ပွန်းဟာ အမျက်ထွက်လာရင် ကိုယ့်အပေါ်ကိုအပြစ်အနာအဆာတွေရှာပြီး ဒုက္ခအကြီးအကျယ်ပေးတတ်တယ်။ အရှက်တကွဲအကျိုးနည်းအောင် ကျင့်ကြံတတ်တယ်လို့ ဆိုထားပါတယ်။

ဒါ့အပြင် မကောင်းသောအရပ်၊ မကောင်းသော မိတ်ဆွေ၊ မကောင်းသောဆွေမျိုး၊ မကောင်းသော မယား၊ ကျွန်တို့ကို ဝေးစွာရှောင်ကြဉ်အပ်ပါတယ်တဲ့။

အဆွေခင်ပွန်းတွေဟာ အနာနှိပ်စက်တဲ့ကာလ၊ ငတ်မွတ်ခေါင်းပါးတဲ့ကာလ၊ စည်းစိမ်ပျက်စီးတဲ့ကာလ၊ ရန်သူရဲ့ဖမ်းဆီးခြင်းခံရတဲ့ကာလ၊ သုသာန်တစပြင်မှာ ရောက်နေတဲ့ကာလတွေမှာ ကိုယ့်ဘေးမှာ ရပ်တည်လာရင် မိတ်ဆွေကောင်း ပီသပါတယ်တဲ့။

နှုတ်ခွန်းချိုသာ စကားပြောတတ်သူမှာ အဆွေခင်ပွန်းကောင်းများပြီး ကြမ်းကြုတ်သူမှာတော့ အဆွေခင်ပွန်း နည်းပါတယ်တဲ့။ နေမင်းနဲ့လမင်းလိုပါပဲတဲ့။

မြန်မာမှုနယ်ပယ်မှာ **"အပေါင်းကြောင့် ဂုဏ်တက်၊ အပေါင်းကြောင့် ဂုဏ်ပျက်"** ဆိုတဲ့ ဆိုစကားရှိပါတယ်။ မကောင်းတဲ့ အပေါင်းအသင်းကြောင့် ကိုယ့်ဂုဏ်ပျက်ရတဲ့ဖြစ်ရပ်တွေ အများကြီးရှိပါတယ်။ ဒါကြောင့် **"သုတသောမပျို့"**မှာ **"သတ္တဝါအား၊ မဆိုထားဘိ၊ ချိုသားရက္ခ၊ သစ်ပင်မှလည်း၊ ပေါင်းကြယှဉ်မှား၊ ခွေးတောက်ခါးနှင့်၊ နှစ်ပါးတူရှိ၊ ယှက်တင်ဘိက၊ မိမိချိုရင်း၊ ရသာကင်း"**လို့ ညွှန်းဆိုထားပြီး သတိပေးထားပါတယ်။

"မိတ်ဆွေစစ်မှန်ရင်" **"အကျိုးမထင်လျှင်၊ ဖိတားမြစ်လို့၊ ကျိုးရှိရာယှဉ်စေကြောင်း၊ ဖျောင်းဖျပဲ့ပြင်၊ စည်းစိမ်အင်ပျက်နည်းလို့၊ လက်ချည်းဖြစ်ချေလျှင်၊ စွန့်မည်ပင်ကြံဘူး၊ သည်သုံးဖြာ လက္ခဏာ၊ မိတ်ဆွေကောင်းပေပ၊ ပေါင်းဖတ်ယှဉ်ပူး"**လို့ **"ဓမ္မနီတိချိုး"**မှာဆိုထားပါတယ်။ ဆိုလိုတာက မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းမှန်ရင် ကိုယ့်မိတ်ဆွေရဲ့အကျိုးအတွက် မဟုတ်တာ၊ မမှန်တာလုပ်နေရင် အမုန်းခံပြီး ပြောဆိုတားဆီးရမယ်။ ဖျောင်းဖျနားချရမယ်။ အကယ်၍ လမ်းဘေးရောက်သွားရင်တောင် စောင့်ရှောက်ကူညီကြရမယ်လို့ ညွှန်းဆိုထားတာပါ။

"မိတ်ဆွေကျင့်ဝတ်ရဲ့ ဆန့်ကျင်ဘက်"က **"မိတ်ဆွေပျက်ခြင်း၊ အပြစ်ခြောက်ပါး"** ဖြစ်ပါတယ်။ **"ကြွေအံကျူးထ၊ မိန်းမကျူးထွေ၊ သေစာကျူးမှု၊ အတုပြုငြား၊ လှည့်စားတစ်ထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ ပျက်ပြားမိတ်ဆွေအပြစ်တည်း"**လို့ဆိုထားတာကို ကြည့်ရင် ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးနဲ့ လှည့်စားတာ၊ လိမ်ညာတာ၊ အကျိုးစီးပွားနဲ့ သိက္ခာကို ထိခိုက်အောင်လုပ်တာဟာ သစ္စာမဲ့တဲ့ မိတ်ဆွေတု မိတ်ဆွေယောင်တွေပါပဲ။

မိတ်ဆွေတွေထဲက မိတ်ဆွေစစ်ကို ရှာကြတဲ့အခါမှာ "ကြာကြာပေါင်းကြည့်မှ၊ အကြောင်းသိ" "ကြံသာအစဉ်ချိုသည်၊ လူအစဉ်မချို" "နွားကောင်းမကောင်း၊ ချောင်းတက်ကျမှသိ၊ လူကောင်းမကောင်း ပေါင်းဖက်လုပ်ကိုင်ကြည့်မှသိ" "လူဖြောင့်စိတ်တို၊ လူချိုစိတ်ကောက်" "လောဘကြီးလျှင်ချွဲ၊ ဒေါသကြီးလျှင်ဆဲ" "လူမိုက်သားရမ်းကား၊ လူလိမ္မာသားယဉ်ပါး" "မိတ်ဆွေတို့မှာ၊ ဖြောင့်မှန်စွာ၊ သစ္စာမဖောက်နှင့်" "သူ့ကိုကိုယ်ဖျက်၊ ကိုယ်ပင်ပျက်၏" "ဟန်ဆောင်တဲ့မိတ်ဆွေ၊ ရန်သူထက်ဆိုးသည်" "သူကောင်းဖြစ်ငြား၊ မှုထားကောင်းလျက်၊ အပေါင်းဖျက်သည်" "ထုထည်ကြီးမားတဲ့ ပင်စည်ကြီးကို၊ နွယ်မျှင်ကပတ်၊ ဝါးရင့်ကို ဝါးနုကပတ်" "အကျီစားသန်၊ ရန်ဖြစ်" "အပေါ်ယံ ရွှေမှုန်ကြဲ၊ အထဲကနောက်ချေးခံ"၊ "အရက်မူးကျွဲခိုးပေါ်"၊ "အရောဝင်၊ အရိုသေတန်" "အကြံတူ ရန်သူ၊ အလုပ်တူငြူစူ"၊ "ကျောချမှ ဓားပြမှန်းသိ" "ချစ်ခင်ပေါင်းသင်း၊ မိတ်ဆွေရင်း၊ ငွေချေးခြင်းက၊ ကွဲတတ်ကြ"ဆိုတဲ့ဆိုစကားတွေထဲကလိုပဲ လက်တွေ့မှာ ဖြစ်ပေါ်တွေ့ရှိနေကြရပါတယ်။

မှုခင်းတွေထဲမှာ ဖော်ပြခဲ့တဲ့ ဖြစ်ရပ်တွေထဲမှာ မိတ်ဆွေအပေါင်းအသင်းမကောင်းလို့ ဘဝစည်းစိမ်တွေ ပျက်စီးသွားကြရတာများပါတယ်။ ပြင်ပလောကမှာ မှုခင်းမဖြစ်ပွားကြပေမဲ့ မိတ်ဆွေအချင်းချင်း ပြဿနာကြီးငယ်အသွယ်သွယ်နဲ့ အဆက်အသွယ် ပြတ်သွားကြပြီး ချစ်စတို မုန်းစရှည်သွားကြတာတွေလဲရှိပါတယ်။ များသောအားဖြင့် လူငယ်တွေပါ။ လူကြီးတွေ့ကျတော့ ချစ်စလဲ မတိုဘူး။ မုန်းစလဲ မရှည်ဘူး။ သည်းခံစိတ်နဲ့ ဥပေက္ခာပြု လျစ်လျူရှုထားလိုက်ကြလေ့ရှိပါတယ်။ သူ့ကြောင့် ဆင်ခြင်ရမဲ့ သင်ခန်းစာရလို့ သူ့ကိုတောင်ကျေးဇူးတင်နေလိုက်ပါသေးတယ်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၁၆၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၁၆၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၀၇၈၂၆ ဧကစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၁၆၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေးစိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးနေကြောင်း သိရသည်။

"ဒီနှစ် ပုသိမ်ခရိုင်အနေနဲ့ စပါးဧက ၅၀၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါးဧက ၆၀၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေလုပ်ပေးနေပါတယ်။ ရွှေခရုနဲ့ ပတ်သက်ပြီး တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ စပါးမစိုက်ပျိုးမီကတည်းက အင်တိုက်အားတိုက်လုပ်ဆောင်ပေးနေပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၄ မှအဆက်

မိတ်ဆွေသူငယ်ချင်း ကောင်းစားရေးအတွက်သူလမ်းမှားနေတာကို တားဆီးတယ်။ ဖျောင်းဖျနားချတယ်။ မရတော့ ကရုဏာဒေါသောနဲ့ ပြောဆိုမိရာက တုတ်တပြက် ဓားတပြက်ဖြစ် ရိုက်နှက်ခုတ်ထစ်မှုတွေ ဖြစ်ပွားကြလေ့ရှိပါတယ်။ တကယ်တော့ စေတနာက ဝေဒနာဖြစ်သွားကြရတာပါ။ အရက်ကြောင့် သွေးဆူသွေးပူပြီး စိတ်ရိုင်းဝင်နေချိန်မှာ ဘယ်လိုပဲ ဖျောင်းဖျဖျောင်းဖျ၊ နားချနားချ နားမဝင်တော့ဘဲ ကျွဲပါးစောင်းတီး၊ အချည်းနှည်းဖြစ်နေလေ့ရှိပါတယ်။ **"မီးပြင်းခိုက်မှာ၊ ရေမလိုက်နိုင်တဲ့အချိန်"** ဆိုတာ အရက်မူးနေချိန်၊ ဒေါသ၊ လောဘ၊ မောဟ၊ ရာဂအရှိန်တက်နေချိန်၊ မစိတ်မွန်နေချိန်မျိုးကိုခေါ်တာပါ။ အဲဒီအချိန်မျိုးမှာ ကိုယ်က စေတနာနဲ့ဘယ်လိုပဲပြောပြော နားမဝင်တော့ဘဲ ပြန်လည်တုံ့ပြန်ကြလေ့ရှိပါတယ်။ မုန်ယိုနေတဲ့ဆင်လိုပဲ သခင်ကျေးဇူးရှင်ကို ပြန်သတ်လေ့ရှိပါတယ်။ စောင့်သိစာနာစိတ်တွေ၊ သစ္စာတွေ၊ ကိုယ့်အပေါ်ကောင်းခဲ့တာတွေကို ဘာမှမစဉ်းစားတော့ဘဲ ဟီရိဩတ္တပ္ပကင်းမဲ့စွာနဲ့ နွားသိုးကြိုးပြတ်၊ ဇွတ်တရွတ်ရမ်းကားကြလေ့ရှိပါတယ်။ ကိုယ့်အတွက်ပဲကြည့်ကြတဲ့ အတ္တသမားမိတ်ဆွေတု၊ မိတ်ဆွေယောင်တွေပဲဖြစ်ပါတယ်။ အဲဒီလို အတ္တသမားမိတ်ဆွေတုကို ဝေးဝေးက ရှောင်နေကြတာဟာ အန္တရာယ်ကင်းပါတယ်။

မိတ်ဆွေကောင်းပီသစွာနဲ့ ဘယ်လိုမှ ဖျောင်းဖျနားချလို့မရတဲ့ မိတ်ဆွေမျိုးဆိုရင် ငရမန်ကန်းလက်ထဲမှာ နင့်ထိုက်နဲ့နင့်ကံ နေခဲ့ပေတော့လို့ စောလူးမင်းကိုစွန့်ခွာခဲ့တဲ့ ကျန်စစ်သားထုံးနှလုံးမူပြီး အမြန်ဆုံးစွန့်ခွာသွားသင့်ကြပါတယ်။ ဒုက္ခမျိုးစုံနဲ့ကြုံတွေ့မှ နောင်တရကြမှာပါ။

ဒီနေရာမှာ နိုင်ငံခြားက နိုင်ငံရေးသုခမိန်ကြီးတစ်ဦးရဲ့ အဆိုကို သတိရမိပါတယ်။ **"ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဆိုတာ မရှိဘူးတဲ့။ ထာဝရအကျိုးစီးပွားပဲ ရှိတယ်တဲ့"** ဆိုလိုတာက ကိုယ့်အတွက် အကျိုးစီးပွားဆောင်ပေးရင် မိတ်ဆွေပဲ။ အကျိုးဆောင်မပေးဘူးဆိုရင်တော့ ရန်သူလို့ဆိုလိုတာပါ။

ကျွန်တော်တို့ကလေးဘဝက ရုပ်ရှင်မင်းသားကြီး ဦးခင်မောင်သရုပ်ဆောင်ခဲ့တဲ့ **"ဖာတစ်လုံးခေါင်းကျား"**ဆိုတဲ့ ရုပ်ရှင်ကားကို ကြည့်ခဲ့ဖူးပါတယ်။ မိတ်ဆွေစစ်၊ ဆွေမျိုးစစ်ကို သိချင်လွန်းလို့ ပေါတောတောစိတ်ဝေဒနာရှင်လို အသွင်ယူပြီး နယ်မျိုးစုံမှာထွက်ပြီး စနည်းနာခဲ့ပါတယ်။ တစ်ချိန်က သူ့ထံမှာချဉ်းကပ်၊ ခစားနေကြသူတွေဟာ သူ့ကို အကပ်မခံကြတော့ဘဲ မောင်းထုတ်နှင်ထုတ်ကြပါတယ်။ ဒီတော့ ဖာတစ်လုံး ခေါင်းကျား ဦးခင်မောင်က "ဟယ်လောက... သင်လောက မိတ်ဆွေစစ် ဆွေမျိုးစစ်တွေမရှိဘဲ အတုအယောင်တွေပဲ များနေပါလား"လို့အော်ဟစ်နေခဲ့တာကို မြင်ယောင်နေပါသေးတယ်။ အခုထိလဲ အတုအယောင်တွေက ရှိနေဆဲမို့ ဖာတစ်လုံးခေါင်းကျား ဦးခင်မောင်ကို မြင်လှည့်စေချင်စမ်းပါဘိ။

“ဘယ်လိုအဆိုအမိန့်တွေပဲရှိရှိ မိတ်ဆွေရယ်လို့ သတ်မှတ်ထားရင် အချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီကြပြီး စာနာခွင့်လွှတ်သည်းခံစိတ်နဲ့ ဆက်ဆံနေထိုင်သွားကြဖို့ လိုအပ်ပါတယ်လို့ ဆန္ဒပြုလိုက်ရပါစေ။

## စာပေဘဏ်တိုက် ရတနာသိုက်

- တတ်သိပညာ အလိမ္မာကို
  စာပေဖတ်ရှု လေ့လာပြု၍
  လူမှုဘဝ ဖွံ့ဖြိုးရဖို့
  စွမ်းစအားခွန် လမ်းပြညွှန်သည်
  ထူးချွန်စေရာ ရတနာ။

- စာပေဟူသည် တိုင်းပြည်အတွက်
  ခက်လက်ညွှန့်ဖူး စွမ်းရည်ထူးကို
  သောက်ရှူးကြယ်သွင် ရှေ့သို့နှင်ဖို့
  အားအင်ဖြိုးကြွယ် လူငယ်အများ
  လိုက်စားစေရာ ရတနာ။

- စာပေစွမ်းအား သိဉာဏ်ပွား၍
  မြင့်မားဘဝ တင့်ကြွားရဖို့
  ဗလငါးတန် စွမ်းရည်မှန်ဖြင့်
  တွေးကြံစဉ်းစား လူငယ်များတို့
  တိုးပွားပညာ မြင့်မားရာတွက်
  အနာဂတ်ရေး ရည်မျှော်တွေးဖို့
  အလေးထားရာ ရတနာ။

- ကျယ်ပြောပညာ အရာရာကို
  လေ့လာဖို့ရာ စုစည်းကာဖြင့်
  စာပေဖတ်ရှု တိုးတက်မှုတွက်
  ညွှန်းပြဖွယ်ရာ ထိုနေရာကား
  ရတနာသိုက် စာကြည့်တိုက်တည်း။ ။

**မောင်လေပြေ(တောင်တွင်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပါကစ္စတန်သို့ လာရောက်ဖွယ်ရှိ

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ယခုနှစ်စက်တင်ဘာလအတွင်း ပါကစ္စတန်နိုင်ငံသို့ လာရောက်ဖွယ်ရှိကြောင်း ပါကစ္စတန်ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန် မီဒီယာများ၏ သတင်းထုတ်ပြန်ချက် အတည်ဖြစ်ခဲ့ပါက အဆိုပါခရီးစဉ်သည် နှစ်ပေါင်း ၂၀ နီးပါးကာလအတွင်း အမေရိကန်သမ္မတ တစ်ဦး၏ ပထမဆုံးပါကစ္စတန်ခရီးစဉ်အဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသို့ နောက်ဆုံးရောက်ရှိခဲ့သော အမေရိကန်သမ္မတမှာ ဂျော့ဒဗလျူဘုရှ်ဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ပါကစ္စတန်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ပါကစ္စတန်ခရီးစဉ်နှင့်ပတ်သက်၍ မိမိတို့ မည်သည့်အချက်အလက်ကိုမျှမသိရသေးကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

သို့ရာတွင် ပါကစ္စတန်ရုပ်သံမီဒီယာများ၏အဆိုအရ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ယခုနှစ်စက်တင်ဘာလတွင် အစ္စလာမ္မာဘတ်မြို့သို့ လာရောက်မည်ဖြစ်ပြီး ခရီးစဉ်ပြီးဆုံးချိန်တွင် အိန္ဒိယနိုင်ငံသို့ ဆက်လက်သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပါကစ္စတန်စစ်ဦးစီးချုပ် ဖီးမာရှယ်လ်အက်ဆစ်မူနီရာကို အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံခဲ့ပြီးနောက် အမေရိကန်နှင့် ပါကစ္စတန်နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ပြည်နယ်၌ သင်္ဘောပြင်ဆင်ရေးအလုပ်ရုံများ အမေရိကန်ရေတပ်တည်ဆောက်မည်



**မနီလာ ဇူလိုင် ၁၇**

တောင်တရုတ်ပင်လယ်ဒေသနှင့် မျက်နှာချင်းဆိုင် တည်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ပြည်နယ်၌ ဖိလစ်ပိုင်ရေတပ်အတွက် စစ်သင်္ဘောပြင်ဆင်ထိန်းသိမ်းရေး အလုပ်ရုံများကို တည်ဆောက်ရန် အမေရိကန်ရေတပ်က စီစဉ်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်တရုတ်ပင်လယ်ဒေသသည် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုပြဿနာများဖြစ်ပွားနေသည့် ရေပြင်ဒေသဖြစ်ကြောင်း သိရသည်။

အမေရိကန်ရေတပ်အနေဖြင့် ပါလာဝန်ပြည်နယ် ရှိုင်းစတားပင်လယ်အော်နှင့် ကွီဇွန်မြို့တို့၌ ဖိလစ်ပိုင်စစ်သင်္ဘောများအတွက် ပြင်ဆင်ရေးအလုပ်ရုံများ တည်ဆောက်ရန် စီစဉ်ထားကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ဒေသ တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားပြီး ဖိလစ်ပိုင်နှင့်ဗီယက်နမ် အပါအဝင် အခြားဒေသတွင်းနိုင်ငံအချို့ကလည်း ယင်းပင်လယ်ဒေသကို တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ခွင့်တောင်းဆိုထားကြောင်း သိရသည်။

ပါလာဝန် ပြည်နယ်သည် တောင်တရုတ် ပင်လယ်ဒေသရှိ ဖိလစ်ပိုင် အကျိုးစီးပွားများကို ကာကွယ်ရသည့် အနောက်ဘက်ဒေသ စစ်ဌာနချုပ်တည်ရှိရာ ပြည်နယ်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ သက်တမ်းအရှည်ဆုံး အာရှမဟာမိတ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရတ်၌ ကုန်တိုက်အဆောက်အအုံမီးလောင် အနည်းဆုံး လူပေါင်း ၆၀ သေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၁၇**

အီရတ်နိုင်ငံ အရှေ့ပိုင်း အယ်လ်ကွတ်မြို့ရှိ အဆင့်မြင့် ဈေးဝယ်ကုန်တိုက်တစ်ခု၌ ယနေ့တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၆၀ ထိသေဆုံးခဲ့ရကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အထပ်ငါးထပ်ပါ ဈေးဝယ်ကုန်တိုက်အဆောက်အအုံ မီးလောင်မှုသည် ဇူလိုင် ၁၆ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကုန်တိုက် အဆောက်အအုံ မီးလောင်မှုကြောင့် အနည်းဆုံး လူပေါင်း ၆၀ သေဆုံး၍ ၁၁ ဦး ပျောက်ဆုံးနေကြောင်း အယ်လ်ကွတ်မြို့တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ဈေးဝယ်ကုန်တိုက်အဆောက်အအုံ မီးလောင်ကျွမ်းမှုဖြစ်စဉ်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

စုံစမ်းစစ်ဆေးမှုမှ ပေါ်ထွက်လာမည့်ပဏာမရလဒ်များကို ၄၈ နာရီအတွင်း ကြေညာပေးမည်ဖြစ်ကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ကုန်တိုက်အဆောက်အအုံပိုင်ရှင်ကို အီရတ်တာဝန်ရှိသူများက အမှုဖွင့်တရားစွဲဆိုမှုများ ပြုလုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO




## အသက် ၁၆ နှစ်နှင့် ၁၇ နှစ်လူငယ်များကို မဲပေးခွင့်ပြုရန် ဗြိတိန်စီစဉ်

**လန်ဒန် ဇူလိုင် ၁၇**

အသက် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ်လူငယ်များကို ရွေးကောက်ပွဲများ၌ မဲပေးခွင့်ပြုရန် စီစဉ်ထားကြောင်း ဗြိတိန်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။




ဗြိတိန်၏ ဒီမိုကရေစီစနစ်ကို ပြုပြင်ပြောင်းလဲသည့် အနေဖြင့် အသက် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ်လူငယ်များကို မဲပေးခွင့်ပေးရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဗြိတိန်အစိုးရသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗြိတိန်ရွေးကောက်ပွဲအားလုံး၌ အသက် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ်လူငယ်များအား မဲပေးခွင့်ပေးမည့်အစီအစဉ်သည် ဗြိတိန်ပါလီမန်၏ အတည်ပြုချက်ရယူရန်လိုအပ်မည် ဖြစ်ကြောင်း သိရသည်။

ဗြိတိန်၏ရွေးကောက်ပွဲများ၌ ပါဝင်မည့်သူဦးရေ မြင့်မားလာရေးအတွက် စည်းမျဉ်းစည်းကမ်းအကန့်အသတ်များကို မိမိတို့ ဖယ်ရှားရလိမ့်မည် ဖြစ်ကြောင်း ဗြိတိန်ဒုတိယဝန်ကြီးချုပ် အင်ဂျလာရေနာက ပြောကြားထားသည်။

ဗြိတိန်၌ ၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ဆန္ဒမဲပေးသူရာနှုန်းမှာ ၅၉ ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့ရာ ၂၀၀၁ ခုနှစ်နောက်ပိုင်း အနည်းဆုံးနှုန်းဖြစ်ခဲ့ရသည်။

မဲပေးခွင့်ရှိသူများ၏ အသက်အရွယ်ကို ၁၆ နှစ်ထိ လျှော့ချပေးမှုကြောင့် ရွေးကောက်ပွဲရလဒ်များကို ထိခိုက်နိုင်မှုမရှိကြောင်း သုတေသန စစ်တမ်းများအရ သိရသည်။

Ref : Xinhua

Trs : KKO

## ဘင်္ဂလားဒေ့ရှ်၌ နိုင်ငံရေးပါတီလူထုအစည်းအဝေးပွဲကျင်းပစဉ် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား

**ဒါကာ ဇူလိုင် ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဂိုပယ်လ်ဂန်မြို့၌ အမျိုးသားနိုင်ငံသားပါတီအမည်ရှိ လူငယ်များဦးဆောင်သော နိုင်ငံရေးပါတီတစ်ခုက လူထုအစည်းအဝေးပွဲ ကျင်းပနေစဉ် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူပေါင်း လေးဦးသေဆုံးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမျိုးသားနိုင်ငံသားပါတီက ငြိမ်းချမ်းစွာပြုလုပ်နေသည့် လူထုအစည်းအဝေးပွဲ၌ ပါတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သတင်းသမားများ တိုက်ခိုက်ခံခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရ ခေါင်းဆောင် မူဟာမက်ယူနွတ်က လူမှုမီဒီယာ စာမျက်နှာပေါ်၌ ရေးသားထားသည်။

ဝန်ကြီးချုပ် ရှိတ်ခ်ဟာစီနာ ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ် အစိုးရအဖွဲ့ဖြုတ်ချခံခဲ့ရပြီးနောက် ပေါ်ထွက်လာသည့် အမျိုးသားနိုင်ငံသားပါတီသည် ဇူလိုင် ၁၆ ရက်တွင် ဂိုပယ်လ်ဂန်မြို့ လူထုအစည်းအဝေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

အမျိုးသားနိုင်ငံသားပါတီ၏ လူထုအစည်းအဝေးပွဲကိုဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာစီနာ၏ အဝါမီလိဂ်ပါတီဝင်များနှင့် အဝါမီလိဂ်ပါတီထောက်ခံသူများက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရ ခေါင်းဆောင် မူဟာမက်ယူနွတ်က ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်ဟောင်းရှိတ်ခ်ဟာစီနာသည် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများကြောင့် အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့ရသည်။

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အိမ်စောင့်အစိုးရအဖွဲ့ ယာယီတာဝန်ယူထားသော်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှောင့်နှေးနေမှုကြောင့် နိုင်ငံရေးအရ သဘောထားကွဲပြားမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Crew Dragon အာကာသလူသယ်ယာဉ်က ကယ်လီဖိုးနီးယားပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၁၇**

Ax-4 ပုဂ္ဂလိက အာကာသ မစ်ရှင် အာကာသယာဉ်မှူးလေးဦး ပြန်လည်လိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ဇူလိုင် ၁၅ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

Ax-4 ပုဂ္ဂလိက အာကာသယာဉ်မှူးများ လိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် ဇူလိုင် ၁၄ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ စတင်ခွာထွက်ခဲ့သည်။

နိုင်ငံတကာ အာကာသစခန်းမှခွာထွက်ခဲ့ပြီး ၂၂ နာရီအကြာတွင် Crew Dragon အာကာသလူသယ်ယာဉ်သည် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်ခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Axion Space ကုမ္ပဏီက စီစဉ်သည့် Ax-4 ပုဂ္ဂလိကအာကာသမစ်ရှင်ကို Space-X ကုမ္ပဏီက ဇွန် ၂၆ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့သည်။

Ax-4 မစ်ရှင် ပုဂ္ဂလိကအာကာသယာဉ်မှူးလေးဦးသည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ သီတင်းနှစ်ပတ်ကျော်ကြာ နေထိုင်၍ သိပ္ပံစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ax-4မစ်ရှင် ပုဂ္ဂလိက အာကာသယာဉ်မှူးများမှာ အမေရိကန်၊ အိန္ဒိယ၊ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံသား ပုဂ္ဂလိက အာကာသယာဉ်မှူးများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နဂါးငွေ့တန်းကြယ်စု၏ အရံကြယ်အရေအတွက်မှာ မျှော်လင့်ထားသည်ထက် ပိုများပြားကြောင်း ဗြိတိန်သိပ္ပံပညာရှင်များ ပြောကြား

**လန်ဒန် ဇူလိုင် ၁၇**

နဂါးငွေ့တန်းကြယ်စု၏ အရံကြယ်အရေအတွက်မှာ မျှော်လင့်ထားသည်ထက်ပို၍ များပြားကြောင်း ဗြိတိန်နိုင်ငံ ဒါဟမ်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

ဒါဟမ်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ နဂါးငွေ့တန်းကြယ်စုကို လှည့်ပတ်နေသော အရံကြယ်စု အရေအတွက်မှာ ၁၀၀ ထိရှိနိုင်ကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စု ပိုင်ဆိုင်ထားသော အရံကြယ်စုငယ်အရေအတွက်မှာ ၆၀ ထိ ရှိနိုင်ကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်များ အနေဖြင့် ယခင်က တွက်ချက်အတည်ပြုထားသည်။



သို့ရာတွင် ကွန်ပျူတာစံပြုပုံစံများ ဖန်တီးလေ့လာချက်အရ နဂါးငွေ့တန်းကြယ်စု ပိုင်ဆိုင်ထားသည့် အရံကြယ်စုအရေအတွက်မှာ ၈၀ နှင့် ၁၀၀ ကြားရှိနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

နဂါးငွေ့တန်း ကြယ်စု၏ ပျောက်ဆုံးနေသော ကြယ်စုအများစုမှာ အလင်းအားအလွန်နည်းပါးသည့် ကြယ်စုများဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် နည်းပညာအဆင့်မြင့် ရေဒီယိုတယ်လီစကုပ်များ၏ အကူအညီဖြင့် တစ်နေ့နေ့တွင် ၎င်းကြယ်စုများကို တွေ့ရလိမ့်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## ကတ်ပလာ-၁၃၉ ကြယ်စနစ်အတွင်း ပုန်းကွယ်နေသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၁၇**

ကတ်ပလာ-၁၃၉ ကြယ်စနစ်အတွင်း ပုန်းကွယ်နေသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၆ ရက်သတင်းများအရ သိရသည်။

ကတ်ပလာ-၁၃၉ အက်ဖ်ဟူ၍ အမည်ပေးထားသော အဆိုပါနေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်သည် ဒြပ်ထုအားဖြင့် ကမ္ဘာဂြိုဟ်ဒြပ်ထုထက် ၃၅ ဆ ပိုကြီးမားကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကတ်ပလာ-၁၃၉ အက်ဖ်ဂြိုဟ်သည် ကတ်ပလာ-၁၃၉ ကြယ်ကို ၃၅၅ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် သိပ္ပံပညာရှင်များသည် ကတ်ပလာ-၁၃၉ အက်ဖ်ဂြိုဟ်အပါအဝင် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ငါးစင်းကို ကတ်ပလာ-၁၃၉ ကြယ်စနစ်အတွင်း ရှာဖွေတွေ့ရှိထားပြီး ဖြစ်ကြောင်း သိရသည်။

ကတ်ပလာ-၁၃၉ ကြယ်စနစ်၏ ကတ်ပလာ-၁၃၉ ဘီ၊ ကတ်ပလာ-၁၃၉ စီ၊ ကတ်ပလာ-၁၃၉ ဒီနှင့် ကတ်ပလာ-၁၃၉ အီးတို့ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကတ်ပလာ အာကာသ ရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

ကတ်ပလာအာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်ကာလ ကိုးနှစ်အတွင်း နေအဖွဲ့အစည်းပြင်ပဂြိုဟ်ပေါင်း ၃၀၀၀ ခန့်ကို ရှာဖွေပေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## GLP-1 အုပ်စုဝင်ဆေး သုံးစွဲသူများ၌ GEAD ရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**အော့တဝါ ဇူလိုင် ၁၇**

Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများကို သုံးစွဲသူများ၌ အစာပြွန်လမ်းကြောင်း အက်စစ်မြန်ဆန်လာမှုပြဿနာနှင့် ရင်ဆိုင်ရနိုင်ခြေ မြင့်မားနေနိုင်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် GLP-1 ဆေးများ သုံးစွဲနေသူများမှာ ပုံစံ-၂ ဆီးချိုရောဂါလူနာများဖြစ်ကြပါက အစာပြွန်လမ်းကြောင်း တစ်လျှောက် အက်စစ်မြန်ဆန်မှုရောဂါ (GERD) ဖြစ်နိုင်ခြေ ပို၍မြင့်မားနေနိုင်ကြောင်း သိရသည်။

ကနေဒါ သုတေသနပညာရှင်များသည် GLP-1 ဆေးများသုံးစွဲနေသည့် ပုံစံ-၁ ဆီးချိုလူနာ ၂၄၇၀၀ နှင့် SGLT-1 အုပ်စုဝင်ဆေးများသုံးစွဲနေရသည့် ပုံစံ-၂ ဆီးချိုလူနာ ၈၉၀၀၀ ကျော်တို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ GLP-1 ဆေးသုံးစွဲသူလူနာများသည် SGLT-1 ဆေးသုံးစွဲသူ လူနာများထက် GERD ရောဂါဖြစ်နိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ GLP-1 ဆေးများသုံးစွဲနေသည့် ပုံစံ-၂ ဆီးချိုလူနာများ၌ GERD ရောဂါပေါ်လာနိုင်ခြေ ပုံမှန်ထက် ၂၇ ရာခိုင်နှုန်း ပိုမြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## ကာကွယ်ဆေးများတွင်ပါဝင်သော အလူမီနီယံနှင့်ရေရှည်ကျန်းမာရေး ပြဿနာများကြား ဆက်စပ်မှုမရှိ

**ကိုပင်ဟေဂင် ဇူလိုင် ၁၇**

ကလေးဘဝ ကာကွယ်ဆေးများတွင် ပါဝင်သည့် အလူမီနီယံသတ္တုဓာတ်နှင့် ရေရှည်ကျန်းမာရေးပြဿနာများကြား ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၁၆ ရက် သတင်းများတွင်ရေးသားတင်ပြထားသည်။

ပိုမိုအားကောင်းသော ခုခံအားစနစ်တုံ့ပြန်မှုကို တည်ဆောက်ရာတွင် လူ့ကိုယ်ခန္ဓာကို ကူညီနိုင်ရေးအတွက် ကလေးများအတွက် ထုတ်လုပ်သည့် ရောဂါကာကွယ်ဆေးများ၌ အလူမီနီယံသတ္တုဓာတ်ကို ထည့်သွင်းလေ့ရှိသည်။

သို့ရာတွင် ၎င်းကာကွယ်ဆေးများ၌ပါဝင်သည့် အလူမီနီယံသတ္တုဓာတ်များသည် အော်တစ်ဇင်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါနှင့် ခုခံအားစနစ် ဖောက်ပြန်မှုရောဂါများကဲ့သို့ ရေရှည်ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေနိုင်သည်ဟူသော အယူအဆများလည်း ပေါ်ထွက်လာခဲ့သည်။

သို့ရာတွင် ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကလေးဘဝထိုးနှံရသည့် ကာကွယ်ဆေးများတွင် ပါဝင်သည့် အလူမီနီယံသတ္တုဓာတ်သည် အထက်ပါ ရေရှည်ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်မှုမရှိကြောင်း သိရသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် ၁၉၉၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြား မွေးဖွားခဲ့သော ကလေး ၁ ဒသမ ၂ သန်းကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အင်တာမီလန်အသင်းက လွတ်မန်းကိုခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှုရရှိ

မီလန် ဇူလိုင် ၁၇

အင်တာမီလန် အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလ စတင်ကတည်းက အတ္တလန်တာ အသင်းမှ တိုက်စစ်မှူး လွတ်မန်းကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ယခုအခါ ကစားသမားနှင့် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အတ္တလန်တာ အသင်းသည် တိုက်စစ်မှူးလွတ်မန်းကို ရောင်းချမည်ဖြစ်သော်လည်း ကစားသမားအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၅၀ ထိ အလိုရှိနေပြီး အင်တာမီလန်အသင်းက ကစားသမားနှင့်တွေ့ဆုံ၍ သဘောတူညီမှုရခဲ့ပြီးနောက် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ ဝန်းကျင်ဖြင့် ခေါ်ယူနိုင်ရန်မျှော်လင့်ခဲ့သည်။

လွတ်မန်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အတ္တလန်တာအသင်းအတွက် ပြိုင်ပွဲစုံ ၄၅ ပွဲထိ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၇ ဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိပြုလုပ်နိုင်ခဲ့သည့်အပြင် အသင်းကို ယူရိုပါလိဂ်ဆုဖလား ရယူပေးနိုင်ခဲ့ပြီးနောက် ဥရောပထိပ်သီး ကလပ်အသင်းများကခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့သော်လည်း ၎င်းအနေဖြင့် အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အသင်းနည်းပြနှင့် အဆင်မပြေမှုများရှိခဲ့သော်လည်း ပြိုင်ပွဲစုံတွင် သွင်းဂိုး ၂၀ နှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည်။

လက်ရှိတွင် အတ္တလန်တာ အသင်းက တိုက်စစ်မှူး လွတ်မန်းကိုရောင်းချရန် စီစဉ်နေသောကြောင့် ကာလရှည်စိတ်ဝင်စားနေသည့် အင်တာမီလန်အသင်းက ကစားသမားနှင့် တွေ့ဆုံခဲ့ပြီးနောက် ကစားသမားကိုယ်တိုင်ကလည်း အင်တာမီလန်အသင်းတွင် ဦးစားပေးပွဲကစားခွင့် ရရှိနိုင်သောကြောင့် ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့သည်။

အင်တာမီလန် အသင်းသည် တိုက်စစ်ပိုင်းအတွက် လိုက်ပ်ဇစ်ကစားသမား အိုပန်ဒါ၊ ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဂျက်ဆင်တို့ကိုခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း လွတ်မန်းကိုသာ ဦးစားပေးခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref : Football Italia

Trs : ML



## အားကစားသတင်းအတိုအထွာများ

- လိုက်ပ်ဇစ်အသင်းသည် အသက် ၂၂ ရှိ တောင်ပံတိုက်စစ်ကစားသမား ဘာကာယိုကိုအား ပီအက်စ်ဗွီအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။
- ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် ဆန်းဒါးလန်းအသင်းက လေဗာကူဆင်အသင်းမှ ကွင်းလယ်ကစားသမား ရှာကာကို ပြန်လည်ခေါ်ယူရန် ဆွေးနွေးလျက်ရှိပြီး ကစားသမားအနေဖြင့် အာဆင်နယ်အသင်းတွင်လည်း ခုနစ်နှစ်ခန့်ထိ ကစားခဲ့သဖြင့် ပရီးမီးယားလိဂ် အတွေ့အကြုံကောင်းများရှိနေ၍ ဂျူးဘယ်လင်ဟမ်၏နေရာကို အစားထိုးနိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

ML

# နှစ်ပေါင်း ၂၈ နှစ်အတွင်း အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် အီတလီအသင်းတက်ရောက်



ရောမ ဇူလိုင် ၁၇

အမျိုးသမီး ယူရို၂၀၂၅ ကွာတားဖိုင်နယ်အဆင့်တွင် နော်ဝေအသင်းနှင့် အီတလီအသင်းတို့ တွေ့ဆုံခဲ့ရာ အီတလီအသင်းက ပွဲကစားချိန်အတွင်း နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သောကြောင့် နှစ်ပေါင်း ၂၈ နှစ်တာကာလအတွင်း ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။

အီတလီ အမျိုးသမီးအသင်းသည် ယူရိုပြိုင်ပွဲသမိုင်းတွင် ၁၉၉၇ ခုနှစ်က ဆီမီးဖိုင်နယ်အဆင့်သို့ နောက်ဆုံးတက်ရောက်ခဲ့ပြီး စပိန်အသင်းနှင့်တွေ့ဆုံခဲ့ရာ နိုင်ပွဲရခဲ့သောကြောင့် ဗိုလ်လုပွဲထိ ရောက်ရှိခဲ့သော်လည်း ဂျာမနီအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ဆုဖလားနှင့် လွဲချော်ခဲ့ရပြီးနောက် ယူရိုပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်မှသာ နော်ဝေအမျိုးသမီးအသင်းကို အနိုင်ယူ၍ ဆီမီးဖိုင်နယ်အဆင့်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အီတလီအမျိုးသမီးအသင်းသည် နော်ဝေအသင်းကို ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ပထမပိုင်းအတွင်း သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်း ပြန်လည်စတင်ချိန်အတွင်း အီတလီအသင်း ကစားပုံတိုးတက်လာသောကြောင့် ပွဲချိန် မိနစ် ၅၀ တွင် ဦးဆောင်ဂိုး ရရှိခဲ့ပြီးနောက် နော်ဝေအသင်း ချေပဂိုးရရှိရေး အစွမ်းကုန်တိုက်စစ်ဖွင့်ကစားလာခဲ့ရာ ပွဲချိန် မိနစ် ၆၀ တွင် ရရှိသည့်ပင်နယ်တီ လွဲချော်ခဲ့သော်လည်း ပွဲချိန် ၆၆ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဦးဆောင်ဂိုးရရှိရေး တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် မိနစ် ၉၀ တွင် အီတလီအသင်းက နော်ဝေအသင်း ခံစစ်ပိုင်းကျဆင်းမှုကိုအခွင့်ကောင်းယူ၍ အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရယူပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

အီတလီ အမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် လက်ရှိချန်ပီယံ အင်္ဂလန်အမျိုးသမီးအသင်းနှင့် ဆွီဒင်အမျိုးသမီးအသင်းတို့ပွဲစဉ်မှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်ကို ဖူးရစ်မြို့၌ ဇူလိုင် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ဂျီနိုအာခံစစ်ကစားသမား ဒီဝင်တာကို ရိုမီရိုနေရာတွင် အစားထိုးရန် စပါးအသင်းကြိုးပမ်း

လန်ဒန် ဇူလိုင် ၁၇

စပါးအသင်းသည် အေတီကိုအသင်းသို့ ပြောင်းရွှေ့ရန်စီစဉ်နေသည့် ခံစစ်ကစားသမား ရိုမီရိုနေရာတွင် အစားထိုးရန်အတွက် ဂျီနိုအာအသင်းမှ ခံစစ်ကစားသမား ဒီဝင်တာကိုခေါ်ယူရန် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ခံစစ်ကစားသမား ဒီဝင်တာသည် ၂၀၂၅ ခုနှစ်မှ ဂျီနိုအာအသင်းတွင် ပွဲကစားခွင့် ရရှိခဲ့သော်လည်း ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် အင်တာမီလန်အသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် ဘုန်းမောက်အသင်းတို့ကလည်း အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေသဖြင့် စပါးအသင်းက လက်ဦးမှုရရှိရန် ပြင်ဆင်လျက်ရှိသည်။

စပါးအသင်းသည် ဗဟိုခံစစ်ပိုင်းတွင် ရိုမီရို၊ ဗန်ဒီဗန်၊ ဒန်ဆို၊ ဒရာဂူဆင်တို့ရှိသော်လည်း ဗန်ဒီဗန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာကြောင့် အနားယူနေရသကဲ့သို့ ရိုမီရိုသည်လည်း အသင်းမှထွက်ခွာမည်ဖြစ်၍ ဗဟိုခံစစ်ပိုင်းကို အကောင်းဆုံး ပံ့ပိုးပေးနိုင်မည့် ဒီဝင်တာကိုသာ ခေါ်ယူရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရိုမီရိုသည် အေတီကိုအသင်းနှင့် သဘောတူညီမှု ရရှိထားသော်လည်း စပါးအသင်းနှင့် ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေသောကြောင့် ပြောင်းရွှေ့ရန် ကြန့်ကြာနေသော်လည်း လက်လွှတ်ရန်သေချာသဖြင့် အတွေ့အကြုံကောင်းများရှိသည့် လူငယ်ကစားသမား ဒီဝင်တာနှင့်အစားထိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Ref : Goal.com

Trs : ML

# မာရီယို၏ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပစ်မှတ်ထားနေကြောင်း ပက်ကွီအို ထုတ်ဖော်ပြောကြား

လက်စ်ဗီးဂတ် ဇူလိုင် ၁၇

လက်ဝှေ့လောက၏အအောင်မြင်ဆုံး ချန်ပီယံများစာရင်းတွင် ပါဝင်နေသည့် ဖိလစ်ပိုင်ဂန္ထဝင်လက်ဝှေ့သမား ပက်ကွီအိုသည် လက်ဝှေ့လောကမှ အနားယူသွားခဲ့ပြီးနောက် ယခုတစ်ဖန် လက်ဝှေ့လောကထဲသို့ပြန်လည်ဝင်ရောက်လာခဲ့ပြီး WBC ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမားမာရီယိုနှင့် ဇူလိုင် ၁၉ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ထိုးသတ်သွားမည်ဖြစ်သည်။




အသက် ၄၆ နှစ်အရွယ် ပက်ကွီအိုသည် အသက် ၃၀ နှစ်အရွယ် လက်ရှိကမ္ဘာ့ချန်ပီယံ မာရီယိုနှင့် ထိုးသတ်သွားမည့် အခြေအနေမှာ ပက်ကွီအိုအတွက် ခက်ခဲမည့် အခြေအနေဖြစ်သော်လည်း ကမ္ဘာ့ချန်ပီယံခါးပတ်အား တစ်ကျော့ပြန်ပိုင်ဆိုင်နိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပက်ကွီအိုသည် လက်ဝှေ့လောကမှ အနားယူပြီးနောက် နိုင်ငံရေးလောကတွင် ကျင်လည်နေသူဖြစ်ပြီးလက်ဝှေ့လောကဖြင့် ကင်းကွာနေသည်မှာ လေးနှစ်ကျော်ရှိပြီဖြစ်သည်။

ပက်ကွီအိုသည် လေးနှစ်ကျော်အကြာတွင် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်ကာ သမိုင်းဝင်အောင်မြင်မှုတစ်ရပ်ကို ရယူနိုင်ရေးအတွက် ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

မာရီယိုနှင့် ထိုးသတ်သွားရန်အတွက် ပြင်ဆင်လေ့ကျင့်မှုကိုလည်း အကောင်းဆုံးပြုလုပ်ထားကြောင်း ပက်ကွီအိုက ပြောကြားခဲ့သည်။

Ref : DAZN

Trs : AZL

# ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးဆု သုံးခုကို အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒိုဆွတ်ခူး




ရီယာ့ဒ် ဇူလိုင် ၁၇

ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးဆုသုံးခုကို အယ်နာဆာအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၄၀ ရှိ စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် အယ်နာဆာအသင်းနှင့် အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် အယ်လ်အီတီဟတ်အသင်းမှ ကစားသမားများကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စီရော်နယ်ဒိုသည် အယ်နာဆာအသင်းနှင့်အတူ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၃၀ ကစားခဲ့ရာတွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို ၁၅ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့ပြီးနောက် Fan's Player of the Year ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ စီရော်နယ်ဒိုသည် အယ်နာဆာ အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပွဲပေါင်း ၃၀ ကစားခဲ့ရာတွင် ၂၅ ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုးအများဆုံး ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မန်ယူအသင်းက ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမိုကို နောက်ဆုံးအကြိမ်အဖြစ် ယူရို သန်း ၇၀ ဖြင့် ကမ်းလှမ်း

မန်ချက်စတာ ဇူလိုင် ၁၇

မန်ယူအသင်းက ဘရန့်ဖို့ဒ်အသင်းမှ တိုက်စစ်ကစားသမား အမ်ဘူမိုကို နောက်ဆုံးအကြိမ်အဖြစ် ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့် ကမ်းလှမ်းခဲ့သည်။

မန်ယူအသင်းသည် လိုအပ်ချက်များရှိနေသည့် အသင်းတိုက်စစ်ပိုင်းအတွက် နည်းပြအာမိုရင်က လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် တိုက်စစ်ကစားသမားများခေါ်ယူရန် ပြင်ဆင်ထားပြီး ဝုဗ်အသင်းမှ တိုက်စစ်ကစားသမား ကုန်ဟာကို ခေါ်ယူခဲ့ပြီးနောက် အမ်ဘူမိုကိုပါခေါ်ယူရန် အတွက် ဆက်လက်ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ကုန်ဟာကို ခေါ်ယူခဲ့ပြီးနောက် အမ်ဘူမိုကို ခေါ်ယူရန်အတွက် ဆက်လက်ကြိုးပမ်းခဲ့ပြီးနောက် ကစားသမားဖြစ်သူနှင့် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိထားသော်လည်း ဘရန့်ဖို့ဒ်အသင်းနှင့် ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်နေသည့်အတွက် ကြန့်ကြာနေခြင်းဖြစ် သည်။

မန်ယူအသင်းက အမ်ဘူမိုကို ခေါ်ယူရန် အကြိမ်ကြိမ် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းက ပယ်ချခဲ့ခြင်းဖြစ်ပြီး ယခုအခါ မန်ယူအသင်းက နောက်ဆုံးအကြိမ်အဖြစ် ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းအပြင် အပိုဆုကြေးယူရို ငါးသန်း စုစုပေါင်း သန်း ၇၀ ဖြင့် နောက်ဆုံးအကြိမ် ကမ်းလှမ်းခဲ့ပြီး ဘရန့်ဖို့ဒ်အသင်းက ဆက်လက်ငြင်းဆန်မည်ဆိုပါက ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းသွားမည်ဖြစ်သည်။

ဘရန့်ဖို့ဒ် အသင်းအနေဖြင့် ယခင်ကတည်းက အမ်ဘူမို အတွက် ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၇၀ ခန့် အနည်းဆုံးအလိုရှိနေသည့်အတွက် အပြောင်းအရွှေ့ ဖြစ်မြောက်နိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပီအက်စ်ဗွီအသင်းတိုက်စစ်မှူး နိုအာလန်းကို နာပိုလီအသင်း ယူရို ၂၈ သန်းဖြင့်ခေါ်ယူ




ရောမ ဇူလိုင် ၁၇

နာပိုလီအသင်းသည် ပီအက်စ်ဗွီအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး နိုအာလန်းကို ပြောင်းရွှေ့ကြေး ယူရို ၂၈ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြောင်း ပီအက်စ်ဗွီအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

နာပိုလီအသင်း အနေဖြင့် နိုအာလန်းကို ပြီးခဲ့သည့်ဇန်နဝါရီ အပြောင်းအရွှေ့ ကာလကတည်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ပီအက်စ်ဗွီအသင်းက ငြင်းပယ်ခဲ့သော်လည်း လက်ရှိအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ခွင့်ပြုခဲ့သောကြောင့် နာပိုလီအသင်းက ပြောင်းရွှေ့ကြေး ယူရို ၂၈ သန်းဖြင့်ခေါ်ယူ၍ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

နိုအာလန်းသည် ဘယ်လ်ဂျီယံ ကလပ် ဘရူဂျက်အသင်းမှ ပီအက်စ်ဗွီအသင်းသို့ ၂၀၂၃ ခုနှစ်က ပြောင်းရွှေ့ကြေး ယူရို ၁၂ ဒသမ ၅ သန်း ဖြင့်ရောက်ရှိခဲ့ကာ အသင်းနှင့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ပြိုင်ပွဲစုံ ၆၃ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၉ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအတွက် ပါဝင်ကစားခဲ့သည့် ၄၄ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ကြောင်း သိရသည်။

နာပိုလီအသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူးနိုအာလန်း အပါအဝင် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဒီဘရိုင်းကို အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူနိုင်ခဲ့သည့်အပြင် အမ်ပိုလီအသင်းမှ ခံစစ်ကစားသမား မာရီယန်နူစီကိုလည်း ယူရိုကိုးသန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Getfootball

Trs : ML

# တိုက်စစ်မှူး ဖာရန်တောရက်စ်အနေဖြင့် အသင်းမှထွက်ခွာမည်မဟုတ်ဟု အတည်ပြု

ဘာစီလိုနာ ဇူလိုင် ၁၇

ဘာစီလိုနာအသင်းက အသင်းမှ တိုက်စစ်ကစားသမား ဖာရန်တောရက်စ်အနေဖြင့် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်မဟုတ်ဘဲ အသင်းတွင်သာ ဆက်ရှိနေမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ဖာရန်တောရက်စ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က မန်စီးတီးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဟန်ဆီဖလစ်သည် အသင်းတိုက်စစ်ပိုင်း၌ လီဝမ်ဒေါ်စကီး၊ ရာဖင်ဟာနှင့် လမိုင်းယာမယ်တို့ကိုသာ ဦးစားပေးကစားသမားအဖြစ် အသုံးပြုနေပြီး ဖာရန်တောရက်စ်အနေဖြင့် လူစားဝင်ကစားသမား အဖြစ်သာ ပါဝင်ကစားခွင့်ရရှိနေသည့်အတွက် အသင်းနှင့် အနာဂတ်မရေရာ ဖြစ်နေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် အနာဂတ်မရေရာဖြစ်နေသည့် ဖာရန်တောရက်စ်ကို ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက အပြိုင်ကမ်းလှမ်းလိုနေသော်လည်း ဘာစီလိုနာအသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ဖာရန်တောရက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲ ပါဝင်ကစားခဲ့ကာ ၁၉ ဂိုးသွင်းယူနိုင်ခဲ့ပြီး ခုနစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည်ထိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေသည့်အတွက် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားဖွယ် ရှိနေသည်ဟု သတင်းများ ထွက်ပေါ်နေသော်လည်း ဘာစီလိုနာအသင်းက အသင်းမှ ထွက်ခွာမည်မဟုတ်ဟု အတည်ပြု ကြေညာခဲ့သကဲ့သို့ ဖာရန်တောရက်စ် ကိုယ်တိုင်ကလည်း အသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# National Bank Open တင်းနစ်ပြိုင်ပွဲမှ ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနုတ်ထွက်

မွန်ထရီရယ် ဇူလိုင် ၁၇

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာသည် ကနေဒါနိုင်ငံမွန်ထရီရယ်မြို့တွင် ဇူလိုင် ၂၆ ရက်၌ ကျင်းပပြုလုပ်သွားမည့် National Bank Open မှ နုတ်ထွက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

National Bank Open တင်းနစ်ပြိုင်ပွဲသည် US Open တင်းနစ်ပြိုင်ပွဲ အကြိုကျင်းပပြုလုပ်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ဆာဘာလင်ကာက US Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် အဓိကပစ်မှတ် ထားနေခြင်းလည်း ဖြစ်သည်။

ဆာဘာလင်ကာသည် ပွဲပန်းမှ ဒဏ်ခံစားနေရသည့်အတွက် National Bank Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက US Open တင်းနစ်ပြိုင်ပွဲကို ကြံ့ခိုင်မှု အပြည့်အဝဖြင့် ပါဝင်နိုင်မည် မဟုတ်သည်ကို စိုးရိမ်ပူပန်နေကြောင်း သိရသည်။

ရေရှည် ပြိုင်ပွဲများတွင် ပါဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် ကိုယ်ခန္ဓာ အနားပေးရန် လိုအပ်နေပြီး ၎င်း၏အနာဂတ်အတွက် ရည်မှန်း၍ National Bank Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ကနေဒါတင်းနစ်အဖွဲ့ချုပ်ထံသို့ ဆာဘာလင်ကာက အသိပေးခဲ့ရသည်။

Ref : RT

Trs : AZL

# တောင်သူများဝင်ငွေတိုးစေဖို့ ပဲစင်းငုံသီးနှံကို စနစ်တကျစိုက်ကြစို့



မြန်မာနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ခုနှစ် စာရင်းအရ ပဲစင်းငုံသီးနှံကို ၁၀၈၄၅၁၇ ဧကစိုက်ပျိုး၍ အထွက်နှုန်း ၁၃ ဒသမ ၇၁ တင်းဖြင့် ၁၄၈၆၉၇၀၀ တင်း ထွက်ရှိခဲ့ပြီး နိုင်ငံခြား တင်ပို့ကုန်အနေဖြင့် ၂၀၇၅၉၅ ဒသမ ၉၀၉ မက်ထရစ်တန်ချိန်တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပဲစင်းငုံကို ပဲမျိုးစုံသီးနှံ စုစုပေါင်းစိုက်ဧရိယာ၏ ၁၀ ရာခိုင်နှုန်းစိုက်ပျိုးလျက်ရှိပြီး ပဲစင်းငုံစိုက်ပျိုးဧရိယာ၏ ၉၀ ရာခိုင်နှုန်းသည် သီးညှပ်သီးနှံအဖြစ်စိုက်ပျိုးကြသည်။

ကမ္ဘာတွင် ပဲစင်းငုံကို လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀ ခန့်ကပင် စတင်စိုက်ပျိုးခဲ့ကြသည်။ ပဲစင်းငုံကို အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ တရုတ်၊ မြန်မာ စသည့်နိုင်ငံများတွင် အဓိက စိုက်ပျိုးကြသည်။ ပဲစင်းငုံ၏ မူရင်းပေါက်ရောက်ရာနိုင်ငံသည် အိန္ဒိယနိုင်ငံဖြစ်သည်။ ပဲစင်းငုံကို အပူပိုင်းနှင့် အပူသမပိုင်း နိုင်ငံများတွင် စိုက်ပျိုးကြသည်။ ဒေသအခေါ်အဝေါ်မှာ ပဲစင်းငုံ၊ပဲစင်းခုံ၊ပဲရင်ချောင်တို့ဖြစ်ကြသည်။

ပဲစင်းငုံသည် နှစ်ရှည်ခြုံပင်မျိုးဖြစ်သော်လည်း တစ်နှစ်ခံသီးနှံပင်အဖြစ် စိုက်ပျိုးလေ့ရှိသည်။ ပဲစင်းငုံမျိုးများတွင် ပင်ထောင်၊ပင်ပြန့်ဟူ၍ နှစ်မျိုးရှိပြီး အသက်ရက်ကိုလိုက်၍ သက်လျင်မျိုးရက် ၁၆၀ အောက်၊ သက်လတ်မျိုး (ရက် ၁၆၀ မှ ရက် ၂၀၀)၊ သက်ကြီး မျိုးရက် ၂၀၀ အထက်ဟူ၍ ခွဲခြားခေါ်ကြပြန်သည်။ပဲစင်းငုံသည် ပင်တည်း၊ ပင်ခြား နှစ်မျိုးနှစ်စား အောင်မြင်စွာမျိုးကူးနိုင်သည်။ ဝတ်ဆံဖိုတိုင်ရှည်ထွက်လာပြီး ပန်းမပွင့်မီ တစ်ရက်အလို ညနေပိုင်းတွင် ဝတ်မှုန်ရင့်၍ မျိုးကူးသည်။ ပျားနှင့်အခြားဝတ်ရည်စုပ်အင်းဆက်များကြောင့် ၂၀ ရာခိုင်နှုန်းထိ ပင်ခြားဝတ်မှုန်ကူးနိုင်သည်။ ၂ မိုင်၊ ၃ မိုင်အကွာမှ စိုက်ပျိုးထားသည့် ပဲစင်းငုံမျိုးသည်ပင် အခြားမျိုးများနှင့်ရောနှောနိုင်သည်။ နံနက် ၁၁ နာရီမှညနေ ၃ နာရီကြား ပန်းပွင့်လေ့ရှိသည်။ မျိုးကူးစပ်လိုပါက မပွင့်မီ နံနက် ၉ နာရီမတိုင်မီ အဖိုဝတ်မှုန်တိုင်ဖယ်ရှားပေးရမည်။

**(က) မျိုးရွေးချယ်ခြင်း**

အစကောင်းမှ အနှောင်းသေချာ ဆိုသည့်စကားအတိုင်း သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ပထမဦးဆုံးအနေဖြင့် မျိုးရွေးချယ်ရာတွင် အရည်အသွေးကောင်းသောမျိုးကို သေချာစွာရွေးချယ်ရမည်။ မကောင်းသောမျိုးစေ့ကို ရွေးချယ်မိလျှင် စိုက်ပျိုးထုတ်လုပ်စဉ်တစ်လျှောက်လုံး မည်မျှပင်ကောင်းမွန်အောင် ဆောင်ရွက်သည်ဖြစ်စေ မျှော်မှန်းထားသော အထွက်နှုန်းနှင့်အရည်အသွေးတို့ကို မရရှိနိုင်ပေ။ ထို့ကြောင့် မှန်ကန်သောမျိုးကို ရွေးချယ်ရန် အလွန်အရေး ကြီးသည်။

ပဲစင်းငုံမျိုးတွင် ပင်ပြန့်၊ ပင်ထောင်ဟူ၍ အခြေခံမျိုးကြီးနှစ်မျိုးရှိသည်။ ပဲစင်းငုံသီးနှံကို ရေဆင်း(၆)၊ ရေဆင်း(၇)၊ မုံရွာရွှေဒင်္ဂါး၊ သူဌေးကန်၊ ငါးဆံပဲစသည့် မျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိသည်။ မျိုးမှန်သော်လည်း မျိုးစေ့များ အပင်မပေါက်လျှင် တစ်ဧကတွင် ဝင်ဆံ့နိုင်သည့် အပင်ဦးရေကို မရရှိနိုင်ပါ။ ထို့ကြောင့် မျိုးစေ့ဝယ်ရာတွင် အပင်ပေါက်ရာခိုင်နှုန်းကောင်း၊ မကောင်းကိုလည်း စစ်ဆေးရမည်။ ပဲစင်းငုံမျိုးစေ့များတွင် အပင်ပေါက်ရာခိုင်နှုန်း ၈၀ အထက်ရှိရပါမည်။

**(ခ) မြေပြုပြင်ခြင်း**

မြေအမျိုးအစားအနေဖြင့် သဲသမမြေမှရွှံ့စေးမြေ၊ မြေနီကျောက်စရစ်၊ မြေနီသဲဝန်း၊ စနယ်မြေနက်တို့တွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ နုန်းမြေစေး၊ မြေသြဇာထက်သန်၍ မြေသားနက်သည့် သမမြေတွင် ပိုမိုဖြစ်ထွန်းသည်။

- မြေပြုပြင်ချိန်တွင် တစ်ဧကလျှင် နွားချေးသို့မဟုတ် မြေဆွေး ၁-၃ တန်နှုန်း ထည့်ပါ။
- မြေပြင်ချိန်တွင်ယူရီးယား ၂၈ ပေါင်၊တီစူပါ ၁၁၂ ပေါင်နှင့် ပိုတက် ၅၆ ပေါင်နှုန်း ထည့်ပေးပါ။
- ကန့်ဓာတ်အနည်းဆုံး ငါးရာခိုင်နှုန်း ပါဝင်သော ဂျစ်ပဆန်မြေသြဇာ ပေါင် ၁၀၀ ကို စိုက်ချိန်တွင် ထည့်ပါ။
- ဇင့်ဓာတ်ပါသော ဇီဖာမြေသြဇာကို တစ်ဧကလျှင် သုံးပေါင်နှုန်းဖြင့် မြေပြင်ချိန်တွင်ထည့်ပါ။

**(ဂ) စိုက်ပျိုးခြင်း**

ပဲစင်းငုံကို မြန်မာနိုင်ငံတွင်မိုးရာသီတွင် အဓိက စိုက်ပျိုးလျက်ရှိပြီး မိုးရာသီတွင် မေလမှဇူလိုင်လထိ စိုက်ပျိုးကြသည်။ ပဲစင်းငုံသီးနှံသည် မိုးရာသီ၌ စိုက်ပျိုးသည့်သီးနှံဖြစ်ပြီး ဖြည့်စွက်ရေလိုအပ်ချက်နည်းပါးသော သီးနှံဖြစ်သည်။ ပဲစင်းငုံကို သီးသန့်သို့မဟုတ် သီးညှပ်စိုက်ပျိုးလေ့ရှိပြီး သီးသန့်စိုက်ပျိုးရာတွင် သက်တမ်းအလိုက် သတ်မှတ်ထားသော အပင်အရေအတွက်ဝင်အောင် စိုက်ပျိုးရမည်။ သီးညှပ် စိုက်ပျိုးမည်ဆိုပါက ပဲစင်းငုံတစ်တန်းနှင့် တစ်တန်း ကြားတွင် ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ဝါ၊ နေကြာနှင့် နှံစားပြောင်း သုံးတန်းမှ ငါးတန်းထိ ညှပ်၍ စိုက်ပျိုးကြသည်။

ပဲစင်းငုံကို မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုတွင်မိုးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး အထက်မြန်မာပြည်အပူပိုင်းခြောက်သွေ့ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး တို့တွင် အများဆုံးစိုက်ပျိုးကြသည်။ တစ်ဧကမှာ ဝင်ဆံ့နိုင်သည့် အပင်အရေအတွက် မပြည့်မီခြင်းနှင့် ဝင်ဆံနိုင်သည့်အရေအတွက်ထက် များပြားနေခြင်းတို့သည် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးတို့အပေါ်မှာ များစွာအနှောင့်အယှက်ပေးနိုင်သည်။ ထို့ကြောင့် တစ်ဧကမှာ ဝင်ဆံ့နိုင်သော အပင်အရေအတွက် ပြည့်မီရေး သတ်မှတ်ထားသော တန်းကြား၊ ပင်ကြားအတိုင်း စိုက်ပျိုးရပါမည်။ ပဲစင်းငုံသီးနှံကို မိုးရာသီတွင်တစ်ဧက ရိတ်သိမ်းပင်ရေ ၉၆၀၀ ရရှိရန် တန်းကြား ၄ ဒသမ ၅ ပေ၊ ပင်ကြား တစ်ပေရအောင် စိုက်ပျိုးပါ။

**(ဃ) ပြုစုစောင့်ရှောက်ခြင်း**

သီးနှံများစိုက်ပျိုးပြီးလျှင် ပစ်ထား၍မရဘဲ ရိတ်သိမ်းချိန်ထိ ဂရုတစိုက် ပြုစုစောင့်ရှောက်ရန် အလွန်အရေးကြီးသည်။ ပဲစင်းငုံကိုစိုက်ပြီး ၁၄ ရက်သားမှ ပန်းပွင့်ချိန်ထိ ၇ ရက်၊ ၁၀ ရက်ခြား တစ်ကြိမ် ဇီဝစူပါရွက်ဖျန်းမြေသြဇာကို အရွက်၏အပေါ်နှင့် အောက် မျက်နှာပြင်နှစ်ဖက်လုံးကို ဖျန်းပေးပါ။ ပန်းစတင်ပြချိန်မှ သီးလုံးဝင်ချိန်ထိ အနည်းဆုံး နှစ်ကြိမ် ယူရီးယားမြေသြဇာ ဟင်းစားဇွန်းလေးဇွန်း၊ လက်ခြားမှုန့် တစ်ဇွန်းတို့ကို ရေတစ်ဂါလန်တွင်ဖျော်၍ တစ်ဧကလျှင် ၂၀ ဂါလန်၊ ၂၅ ဂါလန်နှုန်း ဖျန်းပေးပါ။ အပင် နှစ်ပတ်သားမှ ပန်းပွင့်ချိန်ထိ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ ပန်းပွင့်ချိန်တွင် မြေအစိုဓာတ် လုံလောက်စွာရှိအောင် ဆောင်ရွက်ပါ။ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် ကြိုတင် ကာကွယ်ပါ။ မြေအောင်းဖျက်ပိုးဖြစ်သည့် ခြနှင့် ဖိုးလမင်းကျိုင်းကာကွယ်ရန် စိုက်တန်းအတွင်းသို့ မြေအောင်းပိုးသတ်ဆေးများ ထည့်သွင်းခြင်းဖြင့် ကာကွယ်နှိမ်နင်းနိုင်သည်။ အပွင့်ပွင့်ချိန်မှစ၍ အသီးရင့်မှည့်သည်ထိ သီးတောင့်ထိုးပိုးနှင့် ပွင့်ထွေးပိုးများ ကျရောက်နိုင်သဖြင့် ထိသော၊ စားသောနှင့်ပင်လုံးပြန့်အာနိသင်ရှိသော ပိုးသတ်ဆေးများဖြင့် နှိမ်နင်းနိုင်သည်။ ပင်သက် ၄၅ ရက်သားမတိုင်မီ ပင်ဖိုမိုစေ့ (sterility mosaic) ရောဂါကျရောက်ပါက ရောဂါလက္ခဏာ စတွေ့လျှင်တွေ့ခြင်း ကန့်ဓာတ်ပါသော ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့် ပက်ဖျန်းပေးပါ။

**(င) ရိတ်သိမ်းခြင်း**

သီးနှံစိုက်ပျိုးထုတ်လုပ်စဉ် ကာလတစ်လျှောက်လုံး အပင်များကို ကောင်းစွာပြုစုစောင့်ရှောက်ခဲ့လျှင် ရိတ်သိမ်းသည့်အခါ အရည်အသွေးကောင်းသီးနှံများကို အထွက်နှုန်းမြင့်စွာ ရရှိနိုင်သည်။ သို့သော် ရိတ်သိမ်းသည့်အခါတွင်လည်း စနစ်တကျရိတ်သိမ်းနိုင်မှသာ သီးနှံများကို အရည်အသွေးမပျက်ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရိတ်သိမ်းချိန်တွင် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များကိုလည်း မလွဲမသွေ လိုက်နာဆောင်ရွက်ရပေမည်။

ပဲစင်းငုံသီးတောင့်များ အစိမ်းရောင်မှအညိုရောင်သို့မဟုတ် ဝါညိုရောင်သို့ ၉၀ ရာခိုင်နှုန်း အရောင်ပြောင်းချိန်တွင် ရိတ်သိမ်းပါ။ ပဲစင်းငုံ၏ တစ်ဧကအထွက်နှုန်းမှာ မျိုး၊ စိုက်ပျိုးနည်းစနစ်နှင့် ရာသီဥတုအပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။ တစ်ဧကပျမ်းမျှအထွက်နှုန်း တင်း ၂၀ မှ တင်း၃၀ အတွင်း ထွက်ရှိသည်။

ပဲစင်းငုံကို ကုန်ကြမ်းအဖြစ် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီး ပဲစင်းငုံအခွံ၊ ပဲစင်းငုံရိုးများကို မြေသြဇာအဖြစ် လည်းကောင်း၊ တိရစ္ဆာန်စာအဖြစ်လည်းကောင်း၊ ထင်းမီးအဖြစ် လည်းကောင်း အသုံးပြုနိုင်သည်။ ပဲစင်းငုံကို တန်ဖိုးမြှင့် ထုတ်ကုန်၊ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်သော ပစ္စည်းများမှာ ပဲငံပြာရည်၊ ကြာဆံ၊ မုန့်အမျိုးမျိုး၊ ပဲကြော်၊ စည်သွတ်ဘူး၊ တို့ဟူး၊ ကွတ်ကီး၊ ပဲပြုတ်၊ ပဲသီးစိမ်းပြုတ်များဖြစ်သည်။

ပဲစင်းငုံကို မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှုနှင့်ပြည်ပတင်ပို့ရန် စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည်။ ဒေသတွင်း ဈေးကွက်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရောင်းချလျက်ရှိပြီး အထူးသဖြင့် မန္တလေး၊ ရန်ကုန်၊ မကွေးစသည့်မြို့ကြီးများတွင် ဝယ်လိုအားမြင့်မားသည်။ ပြည်ပဈေးကွက်အနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သောထိုင်း၊တရုတ်၊အိန္ဒိယနိုင်ငံများသို့တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံ၏အရည်အသွေးသည် နိုင်ငံတကာတွင် အသိအမှတ်ပြုခံရပြီး ဝယ်လိုအားမြင့်မားသည်။

ပဲစင်းငုံသည် အာဟာရပြည့်ဝပြီး စီးပွားဖြစ်စိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်၍ မြန်မာနိုင်ငံအတွက် လူထုကို အာဟာရဓာတ် ဖြည့်တင်းပေးသည့်အပြင် စီးပွားရေးအရလည်း အထောက်အကူပြုသည်။ ပဲစင်းငုံသည် မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ကမ္ဘာ့ဈေးကွက်တွင် အရေးပါသောသီးနှံဖြစ်ပြီး ပြည်တွင်းနှင့်ပြည်ပဈေးကွက်များတွင် ပဲစင်းငုံကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချလျက်ရှိသည်။ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ မြေပြုပြင်ခြင်း၊ ဖြည့်စွက်ရေလိုအပ်ချက်နည်းခြင်း၊ ခေတ်မီနည်းစနစ်များ အသုံးပြုခြင်းဖြင့် အထွက်နှုန်းနှင့် သီးနှံအရည်အသွေးကိုမြှင့်တင်နိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရေးအတွက် အထောက် အကူပြုနိုင်သည်။ ထို့ကြောင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှုကိုမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်စေနိုင်မည်ဖြစ်သည်။

**❖ပဲစင်းငုံသည် မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ကမ္ဘာ့ဈေးကွက်တွင် အရေးပါသောသီးနှံဖြစ်ပြီး ပြည်တွင်းနှင့်ပြည်ပဈေးကွက်များတွင် ပဲစင်းငုံကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချလျက်ရှိသည်။ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ မြေပြုပြင်ခြင်း၊ ဖြည့်စွက်ရေလိုအပ်ချက်နည်းခြင်း၊ ခေတ်မီနည်းစနစ်များ အသုံးပြုခြင်းဖြင့် အထွက်နှုန်းနှင့် သီးနှံအရည်အသွေးကိုမြှင့်တင်နိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သည်။❖**

**စံကားဝါ(စိုက်ပျိုးရေး)**

## ရောင်ပြန်ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပ




ရန်ကုန် ဇူလိုင် ၁၇

ဇူလိုင် ၁၈ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ရောင်ပြန်ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဇူလိုင် ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရောင်ပြန် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မင်းကိုစိုး (နတ်သံကွင်း) က ရေးသားထားပြီး ဒါရိုက်တာ ဝမ်းတွင်းက Golden Heart Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ မေတ္တာဖွဲ့ဒရာမာနဲ့ သည်းထိတ်ရင်ဖို ရသပိုင်းကို ပေါင်းစပ်ထားတဲ့ ဇာတ်ကားတစ်ကားပါ။ ကျွန်တော်က ဒီဇာတ်ကားထဲမှာ ပရဟိတလုပ်တယ်။ ပရဟိတလုပ်ရင်းကိုင်ရင်းနဲ့ သရဲသုံးယောက်နဲ့ သွားတိုးတယ်။ သူတို့က အကူအညီတောင်းတာကို ကျွန်တော်က ကူညီပေးရင်းနဲ့ အလွဲလေးတွေဖြစ်တဲ့ ဇာတ်ကားလေးပါ။ သရဲဆိုပေမဲ့ ထိတ်လန့်ခြောက်လှန့်မဲ့ကား မဟုတ်ပါဘူး။ ဟာသဇာတ်ကားလေးမို့ ရုပ်ရှင်ပြသရင်လဲ လာရောက်အားပေးပါအုံးလို့ ပြောချင်ပါတယ်"ဟု အဆိုပါဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ်ပါဝင်ထားသူ သရုပ်ဆောင်နေဝင်းက ပြောပြသည်။

အဆိုပါ ရောင်ပြန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ခင်လှိုင်၊ နေဆန်း၊ မင်းသူ၊ ဇော်ဝင်းနိုင် (မန်း)၊ အောင်လေး၊ စစ်နိုင်၊ စူပါလင်း၊ သွက်လက်၊ ခြူးလေး၊ သံသာညီ၊ ကလျာနဒီ၊ အရာနှင့် အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## Artificial ရုပ်ရှင်ဇာတ်ကား၌ မင်းသား ကူးပါးကို့ ပါဝင်မည်

နယူးယောက် ဇူလိုင် ၁၇

Amazon MGM ၏ Artificial ရုပ်ရှင်ဇာတ်ကား၌ Monsters မင်းသားကူးပါးကို့လည်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

Artificial ဇာတ်ကားတွင် မင်းသားကူးပါးကို့သည် မင်းသားယူရာအောရစ်ဆော့၊ အင်ဒရူးဂါဖီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Artificial ဇာတ်ကား၌ ကူးပါးကို့ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Artificial ဇာတ်ကားသည် ဉာဏ်ရည်တုနည်းပညာ (AI ) လောကကို နောက်ခံထား ရိုက်ကူးမည့် ဟာသဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Artificial ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Amazon MGM က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Artificial ဇာတ်ကားကို ဒါရိုက်တာ လူကာဂွါဒါနီနိုက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဆိုင်မွန်ရိုက်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




## စိုးဗီဒီယိုထုတ်လုပ်ရေးက လွမ်းပါရစေမမဝေ ဇာတ်လမ်းတွဲကို မော်လမြိုင်မြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးနေ



ရန်ကုန် ဇူလိုင် ၁၇

စိုးဗီဒီယိုထုတ်လုပ်ရေးက လွမ်းပါရစေမမဝေ ဇာတ်လမ်းတွဲကို မော်လမြိုင်မြို့တွင် ဇာတ်အိမ်တည်ကာ ဇူလိုင် ၁၆ ရက်က စတင်ရိုက်ကူးနေကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မင်းသုနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ လွမ်းပါရစေမမဝေ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မင်းမောင်မောင်(ဖြစ်ရပ်မှန်)ကရေးသားထားပြီး ဇာတ်ညွှန်းကို လွမ်းဝေအောင်က ရေးသားထားကာ ဒါရိုက်တာ မင်းမောင်မောင်၊ အောင်ဖြိုးမင်းနှင့် တွဲဖက်ဒါရိုက်တာကိုမျိုးတို့က စိုးဗီဒီယို ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးနေကြောင်း သိရသည်။

"ဇာတ်လမ်းကတော့ ဖြစ်ရပ်မှန် အချစ်ဇာတ်လမ်းလေးပါ။ ဇာတ်အိမ်တည်တာကတော့ ရန်ကုန်၊ မော်လမြိုင်နဲ့ဟသံာတမှာ ရိုက်မှာပါ။ အခုလက်ရှိ စတင်ရိုက်ကူးနေတာကတော့ မော်လမြိုင်မှာပါ။ အချစ်မေတ္တာဖွဲ့ ဇာတ်လမ်းမှာ မတူကွဲပြားထူးခြားတဲ့ အလှည့်အပြောင်းလေးတွေ ပါပါတယ်" ဟု သရုပ်ဆောင် မင်းသုနိုင်က ပြောပြသည်။

လွမ်းပါရစေမမဝေ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ မင်းသုနိုင်၊ ဇော်ဝိုင်း၊ ဇော်ဟိန်း၊ အောင်ဖြိုးမင်း၊ အေးမြတ်သူ၊ ရွှေကိန္နရီ၊ လှမျိုးသဉ္ဇာနွယ်၊ ဝါဝါအောင်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## Werwulf ဇာတ်ကားကို ဒါရိုက်တာ ရောဘတ်အဂ္ဂါက ရိုက်ကူးမည်ဖြစ်

နယူးယောက် ဇူလိုင် ၁၇

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ Werwulf အမည်ရှိ ဇာတ်ကားကို ဒါရိုက်တာ ရောဘတ်အဂ္ဂါက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

Werwulf ဇာတ်ကားတွင် မင်းသား အေရွန်တေလာဂျွန်ဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး မင်းသမီး လီလီရိုဒပ်လည်း ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မင်းသမီးလီလီရိုဒပ်သည် Werwulf ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန်အတွက် Focus Features ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

Werwulf ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အက်ဂျန်က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Werwulf ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

မင်းသား အေရွန်တေလာဂျွန်ဆင်နှင့် လီလီရိုဒပ်တို့သည် ဒါရိုက်တာ ရောဘတ်အဂ္ဂါ၏ Nosferatu ဇာတ်ကား၌ သရုပ်ဆောင်ခဲ့ဖူးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## Mahar Application တွင် မူပိုင်ဇာတ်လမ်းတွဲအဖြစ်ထုတ်လွှင့်မည့် သူစိမ်းဇာတ်လမ်းတွဲကို ဩဂုတ်လပထမပတ်တွင် စတင်ရိုက်ကူးမည်

ရန်ကုန် ဇူလိုင် ၁၇

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ပြီး Mahar Application တွင် မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်မည့် သူစိမ်းဇာတ်လမ်းတွဲကို ဩဂုတ်လပထမပတ်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ သူစိမ်းဇာတ်လမ်းတွဲကို ဖန်တီးပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ အိ(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

အဆိုပါ သူစိမ်းဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အမွန်ကိုကရေးသားထားပြီး ဇာတ်ညွှန်းကို အမွန်ကိုနှင့် လူညီချောတို့က ရေးသားထားကာ ဒါရိုက်တာ အိ(အရုဏ်ဦး)က အောင်သီရိ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

"လူငယ်တွေအတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ မေတ္တာဖွဲ့ ဇာတ်လမ်းတွဲလေးပါ။ ဩဂုတ်လ ပထမပတ်မှာ ရိုက်ကူးသွားဖို့ရှိပါတယ်။ လောလောဆယ်တော့ ဇာတ်ညွှန်းဖတ်တာ ပြီးသွားပါပြီ။ သရုပ်ဆောင်တွေနဲ့ ဇာတ်ကောင်တွေကို နေရာချထားပြီးပြီဖြစ်ပါတယ်" ဟု ဒါရိုက်တာ အိ(အရုဏ်ဦး)က ပြောပြသည်။

သူစိမ်းဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ညီနန္ဒ၊ ဗညားဘုန်းပြည့်၊ တေဇလင်းရောင်၊ ရဲရင့်စည်သူ၊ ဖူးစုံ၊ ထက်ထက်ထွန်း၊ သင်းသဲမိုး၊ ရွှေပုံ၊ နှင်းဝတ်ရည်ကျော်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Farmers complete harvest of summer sesame in Sagaing District



Photo shows harvested summer sesame in a field.

**Sagaing July 17**

Local farmers have so far harvested all sown acreage of summer sesame in Sagaing District of Sagaing Region, according to the statistics of the district Agriculture Department.

In Sagaing District, during this year's summer cropping season, a total of 4,471 acres of summer sesame were successfully cultivated. Harvesting of these sesame fields began in May, and as of today, 100% of the acreage has been harvested, with an average yield of 18.11 baskets per acre.

"This year, during the summer cropping season in Sagaing District, only 4,471 acres of sesame could be cultivated. At present, all of the cultivated sesame fields have been fully harvested. Efforts have also been made to expand the cultivated area, improve yields, and promote sesame farming using GAP (Good Agricultural Practices) methods," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

This year, farmers from Sagaing Township harvested 201 acres of sesame, Myinmu Township 145 acres and Myaung Township, 4,125 acres, totalling 4,471 acres.

Officials from relevant Agriculture Department helped local farmers expand sown acreage of sesame, apply agricultural techniques and use quality strains of crops in Sagaing Distict.

The crops produced in good agricultural practices-GAP can be higher quality than other crops planted as usual, fetch high prices, and have chance to export them to foreign markets. As a result, local farmers can enjoy improvement of socioeconomic life.

206

# New ceasefire takes effect in Syria's Sweida following deadly clashes, Israeli airstrikes

**Damascus July 17**

A fragile ceasefire entered into effect Wednesday night in Syria's southern province of Sweida, as Syrian interim government troops began withdrawing from the city following days of deadly clashes between government forces, Druze fighters, and Bedouin tribes, according to the state-run media outlets.

The de-escalation came hours after Israel launched multiple airstrikes on the Syrian capital Damascus, citing the protection of the Druze community in Sweida.

The ceasefire was reached between Syria's interim government and Druze spiritual leaders after four days of intense fighting that killed at least 248 people, according to the UK-based Syrian Observatory for Human Rights.

A statement from Syria's interior authorities said the agreement includes a complete cessation of hostilities, the return of army units to their barracks, and the full reintegration of Sweida into state control.

The agreement will see internal security checkpoints staffed by local police established across the Sweida city, while a joint monitoring committee of interim government officials and Druze clerics will be formed to oversee implementation of the deal. The agreement also outlines steps to regulate heavy weapons in cooperation with the defense and interior authorities, and to restore government institutions under Syrian law.

Xinhua

# Farmers finish cultivation of vegetable plants on more than 1,000 acres of land

**Taze July 17**

Local farmers have planted a total of 1,023 acres of vegetable plants in Taze Township of Sagaing Region this year, according to YeU District Agriculture Department.

In 2025-26 monsoon crop cultivation season, local authorities earmarked 1,352 acres of vegetable plants in Taze Township but farmers have so far planted 1,023 acres of crops against the target cultivation.

"This year, during the monsoon crop season, over 1,300 acres of vegetables are planned for cultivation in Taze Township. As of today, more than 1,000 acres have already been cultivated. Efforts are ongoing to ensure that the full target acreage is achieved. The crops include roselle, chilli, spicy, cauliflowers, cabbage, herbs, Chinese cabbage, gourd, potatoes, okra, eggplant, and ridge gourd. Farmers are being provided with technical support to grow all these vegetables following the GAP (Good Agricultural Practices) system. They are also being trained to minimize chemical residues and grow crops that are healthy and safe," said U Zaw Myint Htun, Head of the Department of Agriculture for Ye-U District.

This year, the Taze Township Department of Agriculture is providing technical training to vegetable farmers to cultivate using GAP standards. They are also offering guidance to ensure that the harvested vegetables meet health and safety standards and are supporting farmers in expanding their vegetable cultivation areas.

In Taze Township, a variety of vegetables are cultivated seasonally each year. These crops have proven successful and contribute to household income. The Department of Agriculture continues to educate vegetable farmers on proper cultivation techniques, pest-free practices, and the use of natural fertilizers, organic pesticides, and repellents.

206

# UN humanitarians say dozens killed while seeking food in Gaza

**United Nations July 17**

Amid continuing hostilities in Gaza, Palestinians continue to be killed or injured as they seek food from militarized aid hubs, UN humanitarians said on Wednesday.

The UN Office for the Coordination of Humanitarian Affairs (OCHA) said there were reports of dozens of people killed or injured Wednesday at one of those hubs.

"In the past week, severe injuries continued to be reported among people seeking aid," OCHA said. "The World Health Organization (WHO) reported one instance where a 21-year-old man was paralyzed for life after being shot while trying to collect a bag of flour from one of the militarized hubs."

The WHO was referring to the Gaza Humanitarian Foundation (GHF), founded by a private U.S. group and currently funded by the U.S. government. Contrary to established international humanitarian norms for distributing relief in local communities, the GHF set up four sites in the whole of Gaza in restricted Israeli military zones, where starving civilians enter through fenced lanes under the eyes of armed security contractors. Chaos results in gunfire.

Xinhua



Displaced Palestinians wait to receive free food from a food distribution center in Gaza City, on July 14, 2025.

# Over 40,000 acres of green gram cultivated in Kanbalu Township

**Kanbalu July 17**

Statistics of Kanbalu Township Agriculture Department stated that local farmers planted 48,391 acres of green gram in Kanbalu Township of Sagaing Region during this monsoon.

Local authorities earmarked cultivation of 83,944 acres of green gram as monsoon crops in 2025-26 season in Kanbalu Township. So far, farmers have planted 48,391 acres of crops against the target cultivation.

"This year, during the monsoon cropping season in Kanbalu Township, over 83,000 acres of green gram are planned to be cultivated. As of today, more than 48,000 acres have already been cultivated. Efforts are ongoing to ensure the target acreage is fully achieved. Awareness activities are being conducted to encourage expanded cultivation of green gram and to promote the use of quality seeds for higher yields," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

This year, the township agricultural office has been providing the following support to green gram farmers in Kanbalu Township, promoting the use of high-quality and regionally suitable seed varieties, educating on proper cultivation methods, advising on pest and disease prevention, promoting the correct use of fertilizers, and offering guidance aimed at improving yields.

In addition, during this year's monsoon season, for all types of pulses being cultivated, efforts are being made in collaboration with farmers to ensure good yield and quality. This includes the distribution of high-quality seeds, necessary agricultural inputs, and dissemination of post-harvest technologies.

206

# Over 8,000 acres of summer paddy harvested in Dabayin Township



Photo shows the harvesting of summer paddy in a field using machinery.

**Dabayin July 17**

According to YeU District Agriculture Department, local farmers have harvested more than 8,000 acres of summer paddy in Dabayin Township of Sagaing Region.

They planted 20,024 acres of summer paddy this year in the township. Starting from May this year, they have harvested paddy on 8,161 acres of farmlands, yielding 85.09 baskets per acre.

U Zaw Myint Tun, Head of the YeU District Department of Agriculture, unveiled: "In Dabayin Township, a total of 20,024 acres of summer paddy have been cultivated during this year's summer crop season. The harvesting of these paddy fields is currently in progress. As of today, more than 8,000 acres have already been harvested. Farmers were provided with agricultural techniques, awareness on pest prevention, guidance to prevent crop losses, and advice to ensure that the harvested paddy is properly stored under cover in a timely manner."

Officials from the Township Agriculture Department distribute quality seeds of paddy to local farmers in order to boost per-acre yield of crops to meet the target cultivation, pamphlets on agricultural techniques with provision of necessary agricultural inputs and conduct training courses for farmers to enhance their capacity.

Farmers are being encouraged to make early preparations— in coordination with the Department of Agriculture— for the timely cultivation of summer paddy and other crops after the harvest of monsoon paddy and monsoon crops. These preparations include following the Department's issued guidelines on pest and disease prevention, implementing soil nutrient replenishment activities, and collecting quality and pure seeds in advance. 206

# Harvest of more than 22,000 acres of summer paddy completes in Shwebo Township

**Shwebo July 17**

Statistics of Shwebo Township Agriculture Department of Sagaing Region stated that local farmers have so far harvested more than 22,000 acres of summer paddy in the township.

They planted 64,910 acres of summer paddy in Shwebo Township. So far, they have harvested 22,442 acres of crops, yielding 88.42 baskets per acre.

U San Oo, Head of the Shwebo Township Department of Agriculture, disclosed: "In Shwebo Township, a total of 64,910 acres of summer paddy have been cultivated during this year's summer crop season. The harvest of these paddy fields is currently underway. As of today, more than 22,000 acres have already been harvested. Summer paddy cultivation exceeded the initially planned acreage. Farmers were provided with agricultural techniques, pest prevention knowledge, and guidance to avoid crop losses and to ensure timely post-harvest storage under proper cover."

In Shwebo Township, to help summer paddy farmers increase per-acre yields and achieve production targets, high-quality seeds were distributed, educational pamphlets on farming techniques were handed out, training and awareness sessions were conducted, and efforts were made to provide necessary inputs in a timely manner.

Local farmers were urged to contact the Agriculture Department to make preparations for following the agricultural guidelines on prevention of pests, fulfillment of fertilizers and collection of quality strains of crops in time in order to grow summer paddy and other crops. 206

# More than 5,000 acres of rain-fed pigeon pea planted in Kyunhla Township

**Kyunhla July 17**

Local farmers have grown more than 5,000 acres of rain-fed pigeon pea in Kyunhla Township of Sagiang Region this monsoon, according to the township Agriculture Department.

Local farmers grew a total of 5,215 acres of rain-fed pigeon pea against the target of 11,541 acres of target cultivation in the township in 2025-26 monsoon cultivation season.

"This year, during the monsoon crop season, over 11,000 acres of pigeon pea are planned to be cultivated in Kyunhla Township. As of today, more than 5,000 acres have already been planted. Efforts are ongoing to meet the targeted acreage. Measures are also being taken to ensure good yield from the pigeon pea crops. Pigeon peas are being grown both as a sole crop and as an intercrop," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

This year in Kyunhla Township, the Township Department of Agriculture is providing guidance to pigeon pea farmers on selecting quality and pure seeds, using proper cultivation methods, preventing pest infestations, and improving crop yields through field-based training and awareness programmes.

Furthermore, the Kyunhla Township Department of Agriculture is promoting the use of blended fertilizers by combining urea with gypsum to reduce the cost of foliar fertilizers for pigeon pea farmers. It is reported that this technique not only lowers cultivation costs but also helps protect the plants from pests and promotes healthy plant growth. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ayadaw Township plants more than 1,000 acres of sunflower as monsoon crops

**Ayadaw July 17**

Agricultural data of the Monywa District Agriculture Department mentioned that local farmers have planted more than 1,000 acres of sunflower in Ayadaw Township of Sagaing Region during this monsoon.

"For the 2025-2026 monsoon crop season, local authorities of Ayadaw Township earmarked to cultivate 2,737 acres of sunflower. Cultivation began in June this year, and as of today, a total of 1,100 acres have already been planted there.

'This year, during the monsoon crop season in Ayadaw Township, we have planned to grow over 2,000 acres of sunflower. As of today, more than 1,000 acres have already been cultivated. Efforts are ongoing to meet the target acreage. To reduce reliance on imported palm oil, sunflower — an oil crop — is being promoted for expanded cultivation. Compared to other oil crops like groundnut and sesame, sunflower produces a higher oil yield per acre," said Daw San San Myint, Head of the Monywa District Department of Agriculture.

To promote sunflower cultivation in Ayadaw Township, the Township Department of Agriculture is intensifying training programs and capacity-building for both agricultural staff and sunflower farmers.

This year, support is being provided to sunflower growers in Ayadaw Township, including the distribution of seeds, arrangements for selling urea fertilizer at affordable prices, and facilitating farmer-to-farmer seed exchange systems for distributing newly produced sunflower seeds.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်တပ်မတော်က ဒရုန်းရန်ကာကွယ်ရေးအတွက် လေယာဉ်ပစ်အမြောက်များ တိုးချဲ့အသုံးပြုသွားရန်အတည်ပြု



ပြင်သစ်တပ်မတော်သည် စစ်အခြေစိုက်စခန်းများကို ဒရုန်းခြိမ်းခြောက်မှုများမှ ကာကွယ်ရန်အတွက် ၃၀ မီလီမီတာနှင့် ၄၀ မီလီမီတာ လေယာဉ်ပစ်အမြောက်၊ လေကြောင်းရန် ကာကွယ်ရေးလက်နက်များ တိုးချဲ့အသုံးပြုသွားရန် အတည်ပြုလိုက်ပြီဖြစ်သည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအစီအစဉ်အပေါ် စိတ်ဝင်စားမှုကို စစ်ဘက်ထိပ်တန်းခေါင်းဆောင်များ မကြာသေးမီက ထပ်မံအတည်ပြုပြောကြားခဲ့သည်။ ယခုနှစ် ဇူလိုင် ၉ ရက်တွင် ပါလီမန်ကြားနာပွဲတစ်ခု၌ ပြင်သစ် လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျီရုန်း ဘယ်လန်ဂျာက ၃၀ မီလီမီတာ သို့မဟုတ် ၄၀ မီလီမီတာ အမြောက်ကျည်များကို အသုံးပြုသော လေယာဉ်ပစ်အမြောက်စနစ်များသည် Mistral ကဲ့သို့သော လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များထက် ကုန်ကျစရိတ်သက်သာသော ရွေးချယ်မှုဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။ ဤမှတ်ချက်များကို လေတပ်အနေဖြင့် ခြိမ်းခြောက်မှုအသစ်များကို မည်သို့ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရမည်ကို အာရုံစိုက်ထားကြောင်း၊ လေတပ်အခြေစိုက်စခန်းများ ကာကွယ်ရေးအတွက် တန်ဖိုးနည်းအရွေ့စွမ်းအင်သုံးဖြေရှင်းနည်းများ လိုအပ်ကြောင်း အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီး ဘယ်လန်ဂျာက အလေးပေးပြောဆိုခဲ့သည်။

ပြင်သစ်တပ်မတော်တွင် ၃၀ မမ လေယာဉ်ပစ်အမြောက် အသုံးပြုထားသည့် Serval C-UAV တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ကို ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်သည်။ တန်ပြန်ဒရုန်းရန်တိုက်ဖျက်မှုစစ်ဆင်ရေးများ (C-UAV) အတွက် အထူးဒီဇိုင်းထုတ်ထားပြီး လေထဲတွင် အစိတ်အစိတ်အမြွှာအမြွှာ ခွဲထွက်နိုင်သော အပိုင်းအစများကို ထုတ်လွှတ်ပြီး မိုက်ခရိုဒရုန်းများနှင့် မီနီဒရုန်းများကို တန်ပြန်တိုက်ခိုက်ရန် အစီအစဉ်ထည့်သွင်းထားသော လေကွဲကျည်ခဲယမ်းများကို အသုံးပြုသွားမည်။ အကွာအဝေး နှစ်ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်မည်ဖြစ်ပြီး အလိုအလျောက် ပစ်မှတ်ရှာဖွေ၊ ထောက်လှမ်း၊ စိစစ်ခွဲခြား၊ တိုက်ခိုက်နိုင်ရန်အတွက် 3D ရေဒါနှင့် ရေဒီယိုလှိုင်းနှုန်းထောက်လှမ်းရေးစနစ်တို့ ပေါင်းစပ်ဖွဲ့စည်းပေးထားသည်။ စစ်ကြောင်းများ၊ အခြေစိုက်စခန်းများနှင့် ရှေ့တန်းကျကျ တပ်ဖြန့်ထားသော တပ်စခန်းများ ဒရုန်းရန်ကာကွယ်ရေးအတွက် အသုံးပြုရန်သင့်တော်မည့် လေကြောင်းရန် ကာကွယ်ရေးစနစ်လည်းဖြစ်သည်။ ပြင်သစ်ကြည်းတပ်သည် Serval C-UAV ဒရုန်းရန်တိုက်ဖျက်ရေးစနစ် သို့မဟုတ် ယာဉ် ၂၄ စီး မှာယူထားပြီး ၄၈ စီးထိ ထပ်မံတိုးချဲ့မှာယူနိုင်ဖွယ်ရှိနေသည်။ ၂၀၂၈ ခုနှစ်တွင် စတင်တပ်ဖြန့်အသုံးပြုနိုင်ရန် စီစဉ်ထားသည့် ဤတန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးယာဉ်သည် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**French Armed Forces to expand use of 30 mm and 40 mm air defense systems to protect military bases. ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)က လူသားနှင့်စက်ရုပ်ပေါင်းစပ်၍ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(PLA)၊ အမှတ်(၇၆)တပ်တော်စုမှတပ်ဖွဲ့ဝင်များသည် လူသားနှင့် စက်ရုပ်ပေါင်းစပ်၍ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန CCTV-7 ၏ ထုတ်လွှင့်ချက်များကို ကိုးကား၍ Militarnyi သတင်းဌာနက ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစစ်ရေးလေ့ကျင့်မှုသည် အဆင့်မြင့်မောင်းသူမဲ့စနစ်များ အထူးသဖြင့် လေးချောင်းထောက်စက်ရုပ်ခွေးများဖြင့် ခြေလျင် တပ်ရင်း၊ တပ်ဖွဲ့များ၏လှုပ်ရှား စစ်ကစားမှုတွင် ပေါင်းစည်းတိုက်ပွဲဝင်နိုင်မှုကို သရုပ်ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို ရုရှားနယ်စပ်အနီး တောင်ကုန်းထူထပ်သော ဒေသတစ်ခုတွင် လူသားနှင့်စက်ရုပ် ရွေ့လျားစစ်ကစားနိုင်မှုကို စမ်းသပ်ရန် ရည်ရွယ်၍ တောင်ကုန်းတောင်တန်းနှင့် မြက်ခင်းပြင် မြေမျက်နှာသွင်ပြင်အနေအထားများတွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ တောင်ကုန်းတောင်တန်း၊ အမြင့်ပိုင်းဒေသများသည် အထူးစစ်နည်းဗျူဟာများနှင့် အုပ်ချုပ်ထောက်ပံ့မှုများ လိုအပ်ချက်ရှိသည်။

လေ့ကျင့်မှုများသည် စက်ရုပ်ခွေး များ သို့မဟုတ် စက်ရုပ်ဝံပုလွေများအဖြစ် တင်စားခေါ်ဝေါ်လေ့ရှိသော လေးချောင်းထောက်စက်ရုပ်စနစ်များ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုပုံကို မီးမောင်းထိုးပြထားသည်။ စက်ရုပ်ခွေးများတွင် QBZ-191 ချေမှုန်းရေးရိုင်ဖယ်များ သို့မဟုတ် ၎င်းတို့၏နောက်ကျောပေါ်တွင် ထောက်လှမ်းရေးအာရုံခံကိရိယာများ သယ်ဆောင်ထားသည်ကို တွေ့မြင်ခဲ့ကြရသည်။ ၎င်းစက်ရုပ်ခွေးများသည် ခက်ခဲကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အနေအထားများတွင် ခြေလျင်တပ်ဖွဲ့ဝင်များအတွက် ပစ်ကူပေးခြင်း၊ ရန်သူနေရာများကို ထောက်လှမ်းပေးခြင်းနှင့် နှိမ်နင်းတိုက်ခိုက်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ချေမှုန်းရေးရိုင်ဖယ်များ၊ ဒုံးပစ်လောင်ချာများကိုင်ဆောင်ထားသော ခြေလျင်တပ်ဖွဲ့ဝင်များသည် စက်ရုပ်ခွေးများနှင့် အတူ ချီတက်ပြေးလွှားနေကြသည်ကို တွေ့မြင်ခဲ့ကြရသည်။ မြို့ပြစစ်ဆင်ရေးလေ့ကျင့်မှုဖြစ်စဉ်များတွင် တပ်ဖွဲ့ဝင်စစ်သည်များ စွန့်စားရမှုလျော့နည်းစေရန်နှင့်မလိုလားအပ်ဘဲ အန္တရာယ်မဖြစ်စေရန် စက်ရုပ်ခွေးသည် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ရှင်းလင်းရာတွင် ပါဝင်ကူညီခဲ့ကြသည်။ ထို့ပြင် နည်းဗျူဟာမြောက်ကင်းထောက်ဒရုန်းများဖြင့် ဝေဟင်မှ စစ်မြေပြင်အခြေအနေအရပ်ရပ်ကို စောင့်ကြည့်ထောက်လှမ်းခြင်းများ ဆောင်ရွက်၍ ကြိုတင်သတိပေးခြင်းနှင့် ပစ်မှတ်အချက်အလက်များ ပေးပို့ခြင်းတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများကို အသားကျဖြစ်စေရန် လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။



မောင်းသူမဲ့စနစ်များဖြင့် ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များ ပေါင်းစပ်တိုက်ပွဲဝင်ရာတွင် စက်ရုပ်ခွေးများဖြင့် ခက်ခဲကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်၊ အတားအဆီးများ ရှောင်ရှားခြင်းနှင့် လမ်းကြောင်းပြခြင်း၊ ရေဒီယိုလင့်ခ်ချိတ်ဆက်မှုများဖြင့် အဝေးမှထိန်းချုပ်တိုက်ပွဲဝင်နိုင်ခြင်း၊ စစ်မြေပြင်တွင် လိုက်လျောညီထွေဖြစ်စွာ ကိုယ်ပိုင်တိုက်ပွဲဝင် လုပ်ဆောင်မှုနှင့် တစ်စိတ်တစ်ပိုင်း အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုတို့ကို သရုပ်ပြသခြင်း စသည့် စွမ်းဆောင်ရည်များကို လက်တွေ့ကျကျ စမ်းသပ်လေ့ကျင့်နိုင်ခဲ့ကြသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်(PLA)၏ မောင်းသူမဲ့စနစ်များ တိုးမြှင့်တပ်ဖြန့် အသုံးပြုလာခြင်းသည် အန္တရာယ်များသော စစ်မြေပြင်ပတ်ဝန်းကျင်များ၌ စစ်မြေပြင်သတိရှိမှုနှင့် မလိုလားအပ်ဘဲ သေကြေပျက်စီးမှုများ လျော့နည်းစေမှုတို့အပေါ် အာရုံစိုက်၍ ကြိုးပမ်းလုပ် ဆောင်လာမှုတစ်ရပ်ပင်ဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုသည် အနာဂတ်တိုက်ပွဲဝင်စစ်ဆင်ရေးများအတွက် အထူးသဖြင့် ရှုပ်ထွေးနက်နဲပြီး အကြိတ်အနယ်ဖြစ်နိုင်သည့် စစ်မြေ ပြင်များတွင် လူသား-စက်ရုပ် ပေါင်းစည်းလုပ်ဆောင်မှုအတွက် သိသာထင်ရှားသော မှတ်တမ်းတစ်ခုပင်ဖြစ်ကြောင်း သိရသည်။

**Chinese Military Tested Robotic Dogs in an Offensive ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၄၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း သီးနှံ ၄၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၀၅ ဧကနှင့် ဖူးစားပြောင်း ၅၄၉၁ ဧက စုစုပေါင်း ၆၄၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၇၆ ဧကနှင့် ဖူးစားပြောင်း ၃၉၇၉ ဧက စုစုပေါင်း ၄၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်တွင် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၁၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း ဖူးစားပြောင်း တစ်ဧကလျှင်ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ထံမှ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြစ်ချင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဝါးခယ်မ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေအများအပြား တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့မေလကထက် ဇွန်လထဲမှာ ပိဿာချိန် တော်တော်များများထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ အဝယ်လိုက်နေတာကြောင့် တင်ပို့အားရှိခဲ့တာ ဖြစ်ပါတယ်။ ရေထွက်ကုန်တွေကို ကုန်လမ်းခရီးကအဆင်ပြေလို့ ကုန်တင်ကားတွေနဲ့ အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

အဆိုပါ ဝါးခယ်မမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် ထုံးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေ တိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျည်တောင်ကန်ကျေးရွာအုပ်စု ထုံးဘိုကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးရွာရှိရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၈၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထုံးဘိုကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၂ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၃၆ ဒသမ ၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၈၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# အုတ်တွင်းမြို့နယ် ဆင်ကုန်တိုင်ကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းစစ်ဆေး



**အုတ်တွင်း ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆင်ကုန်တိုင် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာလမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဆင်ကုန်တိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု ဆင်ကုန်တိုင် ကျေးရွာ၌ အရှည် ပေ ၂၀၀၀ ၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာ စီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၉၃ ဒသမ ကိုးသိန်း အသုံးပြုပြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးပေးမှု၊ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မေ ၁၇ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးမှုကြောင့် ဆင်ကုန်တိုင်ကျေးရွာရှိ အိမ်ခြေ ၈၆ အိမ်မှ လူဦးရေ ၃၃၀ ဦးတို့၏ သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

**ကိုညီ**

# နိုင်ငံနှင့်ပြည်သူတို့အတွက် စေတနာထားပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ် အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်





**နေပြည်တော် ဇူလိုင် ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဟန့်အတားတစ်ခုဖြစ်ပေါ်စေသည့်အတွက် ကောင်းမွန်သည့်အစိုးရတစ်ရပ်၊ သန့်ရှင်းသည့် အစိုးရတစ်ရပ်ဖော်ဆောင်ရာ၌ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းရှင်းအောင် ကျင့်ကြံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံနှင့်ပြည်သူတို့အတွက် စေတနာထားပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ် အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုများ၊ လွဲမှားမှုများဖြစ်ပေါ်ကာ အခြေခံပြည်သူများအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်သည့်အဖွဲ့သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ဦးဆောင်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit–CUP)နှင့်တွေ့ဆုံကာ အဖွဲ့၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များပြတ်လပ်မှု မရှိစေရေး၊ ဈေးနှုန်းမြင့်တက်မှု မဖြစ်ပေါ်စေရေး၊ ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများမရှိစေရေးအတွက် ပူးပေါင်းဖြေရှင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ(၁/၂၀၂၅)အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌတို့တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အခြေခံစားသောက်ကုန်ဈေးနှုန်းများမြင့်တက်မှုသည် ပုံသေဝင်ငွေရရှိသည့် လခစားဝန်ထမ်းများနှင့်အခြေခံလူတန်းစားများအပေါ်သက်ရောက်မှုကြီးမားကြောင်း၊ နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံစားကုန်များကို အထွက်နှုန်းတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ဈေးနှုန်းကို သင့်တင့်သောဈေးနှုန်းများဖြစ်စေရန်၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေးအတွက် ရှိပြီးဖြစ်သည့်အခြေခံကောင်းများကိုအသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့်သီးနှံများကိုတိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီးပြည်တွင်းတွင် ဆီဖူလုံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့်ချေးငွေများနှင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းစိုက်ဧက ငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ဖ၈၈ ဘီလီယံထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေး ရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက အတိုးနှုန်းသက်သာသည့်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် ကုန်ဈေးနှုန်းအပေါ်သက်ရောက်မှုမဖြစ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှုမရှိစေရေး၊ဈေးနှုန်းမြင့်တက်မှုမဖြစ်ပေါ်စေရေး၊




ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများမရှိစေရေးအတွက် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက်သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးက ကြိုတင်စီမံ၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီအပါအဝင် အခြေခံစားသောက်ကုန်ဈေးနှုန်းများတည်ငြိမ်စေရေး ဆောင်ရွက်မှုအခြေအနေ၊ ကုန်စည်များစီးဝင်၊ စီးထွက်မှုအခြေအနေ၊ ငလျင်ဘေးသင့်ဒေသများတွင် အခြေခံစားကုန်များကို ဈေးကားများဖြင့်လှည့်လည်ရောင်းချမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးပြည်နယ်များမှဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သုံးပစ္စည်းများ၏ထွက်ရှိမှု၊ ဖူလုံမှု၊ရောင်းဝယ်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် နေ့စဉ် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားဆက်စပ်ကော်မတီများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သား၊ငါး၊ ဥနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှုအဝင်၊ အထွက်မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ရေးလုပ်ငန်းများကိုကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းဝန်းကျင်ခန့် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခု ခွင့်ပြု



**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅)အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ကိုးခုကိုလည်းကောင်း၊ စက်မှု၊ ဟိုတယ်ခရီး၊ ဝန်ဆောင်မှု၊ လျှပ်စစ်၊ စိုက်ပျိုး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အိမ်ရာအဆောက်အအုံ၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများမှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၆ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၈၆၅ သန်းနှင့် ငွေကျပ် ၆၇၂၈၃၅ ဒသမ ၂၆၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ဦးရေ ၉၂၂၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ခြင်း လုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

ယခုနှစ် ဇွန်လကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်းဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ ပုံမှန်အတိုင်းပြန်လည်နေထိုင်သွားလာနိုင်ရေးအတွက် တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများက လမ်းများနှင့် ဆေးရုံတို့ကို ပြန်လည်ရှင်းလင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

KNPP ၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများထိန်းချုပ်ထားသည့် လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းကို တပ်မတော်စစ်ကြောင်းများက အသက်ကိုပဓာနမထားဘဲ ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ပြီး မြို့ရွာများပျက်စီးမှုအနည်းဆုံးဖြစ်အောင် အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ၎င်းလမ်းကြောင်းကို ယခုနှစ် ဇူလိုင် ၁၁ ရက် နေ့လယ်ပိုင်းတွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ ပုံမှန်သွားလာနိုင်လျက်ရှိသည်။

အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့် ဖယ်ခုံမြို့နယ် ဖယ်ခုံ-မိုးဗြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖယ်ခုံ-မိုးဗြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးတို့က အမှာစကားအသီးသီးပြောကြားသည်။ ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကိစ္စများကိုရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဖယ်ခုံမြို့နယ် ဒေသဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများကို ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များကို စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က ဖယ်ခုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် နိုင်ငံ့ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားစဉ် ဆေးရုံ၌ဘန်ကာများပြုလုပ်၍ ခံစစ်တံတိုင်းသဖွယ်ပြုလုပ်ခြင်းကြောင့် အပျက်အစီးများဖြစ်ပေါ်နေသည့် မိုးဗြဲပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုကြည့်ရှုပြီး လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်များအတွက်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ် အားကစားကွင်း၌သန့်ရှင်းရေးဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများကို ချီးမြှင့်ငွေများပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လုမယ်တော်ဂူကျောင်းသို့ သွားရောက်ကာ သင်းအုပ်ဆရာတော်နှင့် သွားရောက်တွေ့ဆုံပြီး ဆုတောင်းမေတ္တာပို့သကာ အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့နောက် ဖယ်ခုံမြို့ပေါ်ရှိ ကျောင်းတိုက်များမှသံဃာတော်များကိုလည်းကောင်း၊နတ်တောကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံ-ပင်လောင်း ကားလမ်းဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ပင်လောင်းမြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမင်္ဂလနှင့် ပင်လောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်၊သံဃာတော်များအားသွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ယနေ့ထိ သေဆုံးသူဦးရေ ၃၇၇၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့်ပျောက်ဆုံးသူ ၃၈ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီမှ ၁၇ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက လှူဒါန်းသည့် (BCG Vaccine) ပြင်းထန်တီဘီရောဂါကာကွယ်ဆေးအမှုန့်ပုလင်း ၂၅၀၀၀ နှင့် ဖျော်စပ်အရည် ပုလင်း ၂၅၀၀၀ (အလေးချိန် သုည ဒသမ ၆၀၅ တန်)ရောက်ရှိခဲ့ပြီး အဆိုပါဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ကျွန်ဖြစ်မယ့် စိတ်ဓာတ်

လေ့တွေပြိုင်လိုက်တာ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အစင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်းရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်၊ ကြွားတယ်။ တစ်ခါ ရှုံးတဲ့နောက်ကနေတဲ့ လှေကလည်းပဲ ပန်းတိုင်မရောက်သေးဘူး။ ကြိုးစားချင်ကြိုးစားနိုင်တယ်။ မကြိုးစားချင်တော့ဘူး။ ရှုံးတော့မှာပါပဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလဲဆိုရင် တကယ့်တိုင်းပြည်ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့ လူမျိုးနဲ့ ထိုက်တန်တဲ့စိတ်ဓာတ်မျိုးမဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မယ့် စိတ်ဓာတ်မျိုး။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် ပြည်သူ့အစည်းအဝေးကြီး၌
ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

## ငွေကြေးအရင်းအနှီးလိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက်လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက သီးခြားအာမခံတင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဝင် လုပ်ငန်းရှင်များကို ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ချေးငွေပမာဏ**

| | | | |
|---|---|---|---|
| (၁) | လုပ်ငန်းသုံးလည်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ | - | အနည်းဆုံးကျပ်သိန်း ၁၀၀ မှ အများဆုံးကျပ်သိန်း ၅၀၀၀ အထိ |
| (၂) | မတည်ရင်းနှီးငွေ (Fixed Capital) အတွက်ချေးငွေ | - | အနည်းဆုံးကျပ်သိန်း ၂၀၀ မှ အများဆုံးကျပ်သိန်း ၅၀၀၀ အထိ |

(၃) ကျပ်သိန်း ၅၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့်ပြန်ဆပ်ကာလ**

| | | | |
|---|---|---|---|
| (၁) | လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ | - | ချေးငွေသက်တမ်း တစ်နှစ် |
| (၂) | မတည်ရင်းနှီးငွေ | - | ချေးငွေသက်တမ်း သုံးနှစ် ဆိုင်းငံ့ကာလ တစ်နှစ်၊ ပြန်ဆပ်ကာလ နှစ်နှစ်၊ ခြောက်လတစ်ကြိမ် လေးရစ်ဆပ်ရန် |

(ဂ) **ချေးငွေအတိုးနှုန်း** - တစ်နှစ်လျှင် ငါးရာခိုင်နှုန်း

၄။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဆီစက်ပိုင်ရှင်များအသင်းရုံးများ အားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများ အားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများ အားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများ အားလုံး၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ အားလုံး။

၅။ ဆီစက်ချေးငွေအဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန websitewww.mopf.gov.mm၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန websitehttps://msmewebportal. gov.mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း websitehttp://www.meoma.org၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း websitehttp://meoda.myanmarwebtraining.com၊MEB website www.meb.gov.mm၊ MADB websitewww.madb.gov.mm တို့တွင် download ရယူနိုင်ကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

၁၇ - ၇ - ၂၀၂၅

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၁ / ၂၀၂၅)**
**၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်**
**(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ရေပြင်နယ်နိမိတ်အတွင်းတွင်ရှိသော အောက်ပါတို့နှင့် သက်ဆိုင်စေရမည် -
(က) ပြည်တွင်းပြည်ပမှ ရေယာဉ်နှင့် လေယာဉ်၊
(ခ) ပင်လယ်ဆိပ်ကမ်းအပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊
(ဂ) စီးပွားရေးလုပ်ငန်း။

**ခြွင်းချက်။** ပြည်တွင်း စစ်ရေယာဉ်၊ စစ်လေယာဉ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
(ဃ) **ကမ်းခြေစောင့်တပ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဆိုသည်။
(င) **ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့အား ကြီးကြပ်ကွပ်ကဲရသူကို ဆိုသည်။
(စ) **တပ်ဖွဲ့ဝင်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သော ပြန်တမ်းဝင်အရာရှိကို ဆိုသည်။
(ဆ) **အရပ်ဘက်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တွဲဖက်၍ဖြစ်စေ၊ ဌာနကူးပြောင်း၍ဖြစ်စေ တာဝန်ထမ်းဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပြန်တမ်းဝင်အရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် စတင်ခန့်ထားသည့် ပြန်တမ်းဝင်အရာရှိနှင့် အမှုထမ်းမှ ပြန်တမ်းဝင်အရာရှိအဆင့် ရရှိသူများလည်း ပါဝင်သည်။
(ဇ) **တပ်ဖွဲ့ဝင်** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်အရာရှိ၊ အရပ်ဘက်အရာရှိ၊ တပ်ဖွဲ့ဝင်အမှုထမ်း သို့မဟုတ် အရပ်ဘက် အမှုထမ်းကို ဆိုသည်။
(ဈ) **အခြေခံမျဉ်းများ** ဆိုသည်မှာ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ နောက်ဆက်တွဲ(က)တွင် သတ်မှတ်ထားသည့် အခြေခံမျဉ်းများကို ဆိုသည်။
(ည) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်ဆိပ်ကမ်းမဟုတ်သည့် အခြားဆိပ်ကမ်း၊ ချောင်းနှင့်မြစ်များ မပါဝင်။
(ဋ) **ပင်လယ်ဆိပ်ကမ်း** ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဆိပ်ကမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဓိကဆိပ်ကမ်း သို့မဟုတ် ပင်လယ်ရေနက်ဆိပ်ကမ်းလည်း ပါဝင်သည်။
(ဌ) **ပိုင်နက်ပင်လယ်** ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။
(ဍ) **ဆက်စပ်ဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ပြင်ပတွင် တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်း ဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။
(ဎ) **သီးသန့်စီးပွားရေးဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်း ဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။
(ဏ) **ရေပြင်နယ်နိမိတ်** ဆိုသည်မှာ နိုင်ငံတော်၏အတွင်းပိုင်း ရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်း ရှိသောရေပြင်ကို ဆိုသည်။ ဤစကားရပ်တွင် ကမ်းရိုးတန်းလည်း ပါဝင်သည်။
(တ) **ရေယာဉ်** ဆိုသည်မှာ ရေပေါ် သို့မဟုတ် ရေအောက်တွင် ရွေ့လျားသွားလာနိုင်သော စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ် သို့မဟုတ် မောင်းသူမဲ့ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲရေယာဉ်၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲ၊ ရေတွင်ပေါ်သော အခြားတွဲယာဉ်၊ လေကူရှင်သုံးရေယာဉ်၊ ရေယာဉ်ပျံ၊ အပျော်စီးရေယာဉ်၊ ဖောင် သို့မဟုတ် ရွက်လှေတို့ ပါဝင်သည်။
(ထ) **လေယာဉ်** ဆိုသည်မှာ လေထဲတွင်မောင်းနှင်သော စက်တပ်ယာဉ် သို့မဟုတ် စက်မဲ့ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရဟတ်ယာဉ်၊ စက်မဲ့လေယာဉ် (Glider)၊ မောင်းသူမဲ့လေယာဉ်(Drone)၊ မီးပုံးပျံ (Air Balloon) သို့မဟုတ် လေထဲတွင်ပျံသန်းနိုင်သော အခြားယာဉ်တစ်မျိုးမျိုး လည်း ပါဝင်သည်။
(ဒ) **နိုင်ငံခြားရေယာဉ်** ဆိုသည်မှာ ပြည်ပတွင်မှတ်ပုံတင် ထားသော ရေယာဉ်ကို ဆိုသည်။
(ဓ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ ရေယာဉ်ကိုပိုင်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်နှင့် သက်ဆိုင်သည့်လုပ်ငန်းကို ရေယာဉ်ပိုင်ရှင် ကိုယ်စားဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံထားရသော ကိုယ်စားလှယ်လည်း ပါဝင်သည်။
(န) **ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ** ဆိုရာတွင် နိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းဆိုင်ရာအကျိုးစီးပွားအတွက် လူသားတို့ ဖန်တီးသောကျွန်း၊ ကမ်းလွန်စခန်း၊ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနစခန်း၊ ရေနံတူးစင်၊ အထိုင်တွင်းတူးစင်၊ ရေပေါ်တွင်းတူးစင်၊ သိုလှောင်ရုံ၊ ဖြန့်ဖြူးသိုလှောင်ရုံ၊ ရေအောက်ကေဘယ်ကြိုး၊ ပိုက်လိုင်း၊ စွန့်ပစ်ပစ္စည်းများလက်ခံရာနေရာ၊ ပင်လယ်ပြင်အခြေပြုပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်ယူရေးစခန်း သို့မဟုတ် စစ်ဘက်နှင့်မသက်ဆိုင်သည့် ရေကြောင်းဆိုင်ရာအခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ ပါဝင်သည်။
(ပ) **အဏ္ဏဝါသဘာဝသယံဇာတ** ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိရေထု သို့မဟုတ် ပင်လယ်ရေမျက်နှာပြင်တွင် ရှိသော သက်ရှိသက်မဲ့သယံဇာတတစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဒီရေတောနှင့် သန္တာကျောက်တန်း များလည်း ပါဝင်သည်။
(ဖ) **ရှားပါးမျိုးစိတ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း ပုံမှန်တွေ့ရလေ့မရှိသော၊ ရှားပါးသော သို့မဟုတ် မျိုးသုဉ်းရန် အန္တရာယ်နှင့်ရင်ဆိုင်နေရသော အပင် သို့မဟုတ် တိရစ္ဆာန် မျိုးစိတ်တစ်ခုခုကို ဆိုသည်။
(ဗ) **အဏ္ဏဝါပတ်ဝန်းကျင်** ဆိုသည်မှာ ရေပြင်နယ်နိမိတ် အတွင်း အဏ္ဏဝါဂေဟစနစ်၏ လည်ပတ်မှုအခြေအနေနှင့် အရည်အသွေးတို့ကို အပြန်အလှန်အကျိုးသက်ရောက် စေသည့် ရုပ်ပိုင်းဆိုင်ရာ၊ မြေထု၊ ရေထု၊ လေထုဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ အခြေအနေကို ဆိုသည်။
(ဘ) **အဏ္ဏဝါဂေဟစနစ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း နေထိုင်ကျက်စားသော သို့မဟုတ် ရှင်သန်ပေါက်ပွားသော ကျွန်းနေဇီဝမျိုးစုံမျိုးကွဲ၊ အပင်၊ တိရစ္ဆာန်နှင့် သက်မဲ့ ရုပ်ဝတ္ထုများ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ် သို့မဟုတ် ယင်းစနစ်ကြောင့် ဖြစ်ပေါ် ပြောင်းလဲနေသော အဏ္ဏဝါပတ်ဝန်းကျင်ကို ဆိုသည်။
(မ) **ညစ်ညမ်းမှု** ဆိုသည်မှာ ဘေးအန္တရာယ်ရှိပစ္စည်း၊ ညစ်ညမ်း ပစ္စည်း သို့မဟုတ် စွန့်ပစ်ပစ္စည်းကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ် ခြင်း သို့မဟုတ် စုပုံခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေခြင်း သို့မဟုတ် သက်ရောက်စေခြင်းကို ဆိုသည်။
(ယ) **ပင်လယ်ဓားပြမှု** ဆိုသည်မှာ နိုင်ငံတကာပင်လယ်ပြင် အတွင်း ရောက်ရှိနေသော ပုဂ္ဂလိကပိုင်ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ်တစ်ဦးဦးက အခြားသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းအပေါ် ပုဂ္ဂလိက အကျိုးအလို့ငှာ အကြမ်းဖက် ခြင်း၊ တရားမဝင်ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသို့ ပြုလုပ်ရန် ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းလည်း ပါဝင်သည်။
(ရ) **တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု** ဆိုသည်မှာ ဥပဒေနှင့် အညီ ထုတ်ပေးထားသော ပြည်တွင်းဝင်ရောက်ခွင့် လက်မှတ်နှင့် သက်ဆိုင်ရာနိုင်ငံက နည်းလမ်းတကျ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ်တို့မပါရှိဘဲ နိုင်ငံတော်၏ပိုင်နက်ပင်လယ်ကို ဖြတ်သန်း၍ အတွင်းပိုင်း ရေပြင်သို့လည်းကောင်း၊ ပင်လယ်ဆိပ်ကမ်းတစ်ခုခုသို့ လည်းကောင်း ဝင်ရောက်ခြင်း သို့မဟုတ် ဝင်ရောက်ရန် အားထုတ်ခြင်းကို ဆိုသည်။
(လ) **ပင်လယ်ပြာစီးပွားရေး (Blue Economy)** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် နှင့် လူမှုစီးပွားဖူလုံရေးမြှင့်တင်ရန် အဏ္ဏဝါဂေဟစနစ် ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတများကို ရေရှည်တည်တံ့စေသည့် နည်းလမ်းများအသုံးပြု၍ လုပ်ကိုင်သောစီးပွားရေးကို ဆိုသည်။
(ဝ) **အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာပြစ်မှု** ဆိုသည်မှာ အဏ္ဏဝါသဘာဝသယံဇာတများကို ညစ်ညမ်းမှုဖြစ်စေရန် သို့မဟုတ် ထိခိုက်စေရန်လုပ်ဆောင်ခြင်း၊ တရားမဝင် ရှာဖွေတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် သယ်ယူ ရွှေ့ပြောင်းခြင်းကို ဆိုသည်။
(သ) **ပင်လယ်ရေကြောင်းဆိုင်ရာ ဆိုက်ဘာခြိမ်းခြောက်မှု (Maritime Cyber Threat)** ဆိုသည်မှာ ပင်လယ်ရေကြောင်း ဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို နှောင့်ယှက်ဟန့်တားရန် အလို့ငှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုကိုအသုံးပြု၍ ခြိမ်းခြောက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။
(ဟ) **နိုင်ငံတကာသဘောတူစာချုပ်များ** ဆိုရာတွင် နိုင်ငံတော် ကအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းချုပ်ဆိုထားသော စာချုပ်များနှင့် ယင်းစာချုပ်များ၏ နောက်ဆက်တွဲ သဘောတူညီချက်များ အားလုံး ပါဝင်သည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာ အာဏာနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊
(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် တရားမဝင် ဝင်ရောက် အခြေချနေထိုင်မှုများကို တားဆီးနှိမ်နင်းရန်နှင့် တရား ဥပဒေစိုးမိုးရေး လုပ်ငန်းများဆောင်ရွက်ရန်၊
(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်၊
(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွား၊ ပင်လယ်ပြာစီးပွားရေး၊ အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါ ဂေဟစနစ် တို့ကို ကာကွယ်စောင့်ရှောက်ရန်၊
(င) ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက် ရာတွင် နိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေ စောင့်တပ်ဖွဲ့များ၊ ပြည်တွင်း ပြည်ပမှ သက်ဆိုင်ရာအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်။

*(ဆက်လက်ဖော်ပြပါမည်)*

# “မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်” (Myanmar’s Value – Myanmar’s Future)

**မောင်မိုး**

**“သနပ်ခါး၏ အေးမြသင်းပျံ့သော မွှေးရနံ့မှသည်**
**ဆယ့်နှစ်ရာသီပန်းများ၏ ရောင်စုံဝင့်လွင်သော ပွင့်ချပ်များအထိ. . .**
**ဧရာဝတီ၏ ငြိမ်းချမ်းသော စီးဆင်းမှုမှသည်**
**စိမ်းလန်းသော ရိုးမတောင်တန်းများအထိ. . .**
**မြန်မာတို့၏အင်အားသည် မြန်မာ့အမွေအနှစ်များ၊**
**မြန်မာ့တန်ဖိုးများတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပါသည်. . .”**



မြန်မာနိုင်ငံသည် ခိုင်မာသောသမိုင်းကြောင်း၊ ကြွယ်ဝသောယဉ်ကျေးမှုအစဉ်အလာများဖြင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရွှေတိဂုံစေတီတော်၏ ကြီးမြတ်သော သာသနာ့ရွှေရောင်ထွန်းပြောင်မှုမှသည် ဧရာဝတီမြစ်၏ အေးချမ်းသာယာသောစီးဆင်းမှုအထိ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာကို ရာစုနှစ်ပေါင်းများစွာတည်ရှိခဲ့သည့် ရိုးရာဓလေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ ကြံ့ခိုင်မှုများဖြင့် စုစည်းပုံဖော်ထားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာသည် နိုင်ငံ၏အမည်အတွင်း၌ပင် အထင်အရှား ပေါ်လွင်နေသည်။ “မြန်မာ”ဟူသောစကားလုံးသည် ကျွန်ုပ်တို့လူမျိုး၏ သန်မာမှုနှင့် လျင်မြန်မှုကို ရောင်ပြန်ဟပ်စေသည်။ “မြန်” (Swift)သည် လျင်မြန်မှုနှင့် လိုက်လျောညီထွေဖြစ်မှုကိုကိုယ်စားပြုပြီး “မာ”(Resilience)သည် သန်မာမှုနှင့်ခံနိုင်ရည်ရှိမှုကိုကိုယ်စားပြုသည်။ ဤပေါင်းစပ်မှုသည် ကျွန်ုပ်တို့နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်သောစိတ်ဓာတ်ကို ပေါ်လွင်စေသည်။

**ဒေသနှစ်ခုနှင့် သမုဒ္ဒရာနှစ်စင်းတို့အား ဆက်စပ်ပေးရာ Land Bridge တစ်ခုအဖြစ် တည်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာသည် အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့၏ ဆက်သွယ်ရာဗဟိုတွင်တည်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးအရ အချက်အချာကျသည်သာမက ပထဝီနိုင်ငံရေး (Geopolitics) နှင့် ပထဝီစီးပွားရေး (Geoeconomics)အရ အလွန်အရေးပါသောနေရာတစ်ခုဖြစ်သည်။**

မြန်မာ့သနပ်ခါးသည် အသားအရေ လှပတင့်တယ်စေသည့် အလှကုန်ပစ္စည်းတစ်ခုထက်ပိုသည်။ ၎င်းသည် သန့်ရှင်းစင်ကြယ်မှု၊ နေရောင်ခြည်ဒဏ်ကိုကာကွယ်နိုင်မှုနှင့် မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာသောရိုးရာဓလေ့ကို ကိုယ်စားပြုသည်။ ထိုကဲ့သို့ပင်မြန်မာတို့၏ ယဉ်ကျေးမှုမြင့်မားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ခြင်းတို့သည် မြန်မာ့တန်ဖိုးများဖြစ်ပြီး ထိုတန်ဖိုးများကို မျိုးဆက်တစ်ခုပြီးတစ်ခုလက်ဆင့်ကမ်း၍ စွမ်းအားအဖြစ် စုစည်းပွေ့ပိုက်ကာ ခေတ်အဆက်ဆက် စိန်ခေါ်မှုများကို လျင်မြန်စွာနှင့်သန်မာစွာ ရင်ဆိုင်ကျော်လွှားခဲ့ခြင်းသည် မြန်မာ့လမ်းစဉ်(Myanmar’s Way)များ အတိုင်းပင်ဖြစ်သည်။ မြန်မာ့နည်း မြန်မာ့ဟန် (Myanmar-Owned and Myanmar-Led) ဖြင့်ပင် မြန်မာနိုင်ငံသည်သမိုင်းတစ်လျှောက်ကြုံတွေ့ခဲ့ရသော ကိုလိုနီခေတ်၊ ထိုမှတစ်ဆင့် ပေါ်ပေါက်လာသော ရောင်စုံသူပုန်ခေတ်၊ ခေတ်အဆက်ဆက် ရှင်ကြီးဝမ်းနှင့် ရှင်ငယ်ဝမ်း အသီးသီးတွင် ဖြတ်သန်းရင်း နိုင်ငံရေးပဋိပက္ခအဖုံဖုံတို့ကို ကျော်လွှားနိုင်ခဲ့ကာ မုန်တိုင်းအပြီးထွက်ပေါ်လာသည့် ရောင်စုံသက်တံ့ပမာ တစ်ဖန်ထွန်းလင်းတောက်ပခဲ့သည့် သာဓကသမိုင်းများရှိခဲ့ပြီဖြစ်သည်။







## သမိုင်းကြောင်းတန်ဖိုး

မြန်မာနိုင်ငံသည်ရှေးကျသောယဉ်ကျေးမှု၊ ထူးခြားသည့်သမိုင်းအမွေအနှစ်နှင့် လှပသောသဘာဝတရားတို့ဖြင့် ကမ္ဘာ့သမိုင်းတွင် အထူးခြားဆုံးနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကျွန်ုပ်တို့၏ မြေသည် ပုဂံခေတ်မှစတင်၍ ကိုလိုနီခေတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ယနေ့ခေတ်အထိ ရှည်လျားသောသမိုင်းကြောင်းများကိုပိုင်ဆိုင်ထားပြီး ထိုအမွေအနှစ်များသည် မြန်မာလူမျိုးတို့၏ ဂုဏ်ရည်နှင့် စိတ်ဓာတ်ကို ထင်ဟပ်စေသည်။ နှစ်ပေါင်းထောင်ချီရှိသော သမိုင်းကြောင်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ် ယဉ်ကျေးမှုအဆင့်ဆင့်ထွန်းကားလာမှုကို ပုဂံပြည်ကြီးက သက်သေထူလျက်ရှိသည်။ **“တကောင်းအဘိရာဇာ၊ တို့မြန်မာ သာကီမျိုးဟာမို့”** ဟု စာဖွဲ့ခဲ့ရသော တကောင်းမှစ၍ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့်ခေတ်စဉ်များတစ်လျှောက် မြန်မာတို့သည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခံ့ညားထည်ဝါစွာနေထိုင်ခဲ့ကြသည်။ အခွန့်ရှည်တည်တံ့ခိုင်မြဲလာခဲ့သော မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်ကြီးတည်တံ့ခိုင်မာရေးအတွက် ဘိုးဘွားဘီဘင်များ သွေးနှင့်ရေးထိုးခဲ့သော သမိုင်းမှတ်တမ်းကောင်းများ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သော သမိုင်းမှတ်တမ်းကောင်းများသည်ယနေ့ထက်တိုင်မော်ကွန်းတင်ထားဆဲဖြစ်သည်။ မြန်မာ့သမိုင်း၏တန်ဖိုးသည် အတိတ်ကိုမှတ်တမ်းတင်ရုံသာမက သင်ခန်းစာယူ၍ အနာဂတ်ကိုပုံဖော်ဖန်တီးရန်ဖြစ်သည်။ သင်ခန်းစာယူရန် အခြေခံဖြစ်သည်။ ကျွန်ုပ်တို့၏ မျိုးဆက်သစ်များအနေဖြင့် ဤသမိုင်းအမွေကို ထိန်းသိမ်းကာကွယ်ပြီး ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးသောနိုင်ငံတစ်ခုအဖြစ် ဆက်လက်တည်ဆောက်ရန် တာဝန်ရှိသည်။

## ပထဝီဗဟိုချက်တန်ဖိုး

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အင်ဒိုချိုင်းနားကျွန်းဆွယ်အား ပိုင်းခြားထားပြီး အရှေ့ဘက်တွင် အာဆီယံအပါအဝင် အာရှဒေသတစ်ခုလုံးနှင့် ပစိဖိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် တောင်အာရှဒေသအပါအဝင်အိန္ဒိယသမုဒ္ဒရာ စသည့်သမုဒ္ဒရာနှစ်စင်းနှင့်ဒေသတစ်ခုကို ပိုင်းခြားထားသည်။ တစ်နည်းအားဖြင့် ၎င်း**ဒေသနှစ်ခုနှင့် သမုဒ္ဒရာနှစ်စင်းတို့အား ဆက်စပ်ပေးရာ Land Bridge တစ်ခုအဖြစ် တည်ရှိနေသည်။**

**စာမျက်နှာ ၂၁ သို့**

**အာရှတိုက်အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ပိုင်းတွင် မဟာဗျူဟာကျကျတည်ရှိနေခြင်းနှင့်အတူ နိုင်ငံအတွင်း သဘာဝသယံဇာတများ ပေါကြွယ်ဝမှုများ၊ ကမ်းရိုးတန်းတည်ရှိမှုအနေအထား၊ သဘာဝနှင့်ဖန်တီးဆိပ်ကမ်းများ ရရှိနိုင်မှုအနေအထား၊ မြစ်ချောင်းများ၏တည်ရှိမှုအနေအထား၊ မြေဆီဩဇာပြည့်ဝမှု၊ အဓိကကုန်သွယ်ရေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများနှင့်နီးကပ်မှု၊ သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်သည့် ပင်လယ်ပြင်ထွက်ပေါက်ရှိခြင်း စသည့်ရေကြောင်းဆိုင်ရာအနေအထားများသည် မြန်မာပထဝီတန်ဖိုးများဖြစ်သည်။**

စာမျက်နှာ ၂၀ မှအဆက်

**မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာသည် အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့၏ ဆက်သွယ်ရာ ဗဟိုတွင်တည်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးအရ အချက်အချာကျသည်သာမက ပထဝီနိုင်ငံရေး(Geopolitics)နှင့် ပထဝီစီးပွားရေး(Geoeconomics)အရ အလွန်အရေးပါသောနေရာတစ်ခုဖြစ်သည်။**

တောင်အာရှနှင့် အရှေ့တောင်အာရှအကြား ဆုံမှတ်တွင်တည်ရှိသော မြန်မာနိုင်ငံသည် ကုန်သွယ်ရေး၊ သံတမန်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့၏ဗဟိုချက်ဖြစ်ခဲ့ပြီး မြန်မာတို့၏ပထဝီနိုင်ငံရေးတန်ဖိုးတစ်ခုလည်းဖြစ်သည်။ ဘုရားစေတီပုထိုးများစွာတည်ရှိသော ရှေးဟောင်းမြို့တော် ပုဂံသည် တစ်ချိန်က အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှကြားသမိုင်းနှင့်ယဉ်ကျေးမှုတံတားအဖြစ်တည်ရှိခဲ့ပြီး ဒေသတစ်ဝန်းမှ ပညာရှင်များနှင့် ကုန်သည်များကို ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ **အာရှတိုက်အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ပိုင်းတွင် မဟာဗျူဟာကျကျတည်ရှိနေခြင်းနှင့်အတူ နိုင်ငံအတွင်းသဘာဝသယံဇာတများပေါကြွယ်ဝမှုများ၊ ကမ်းရိုးတန်းတည်ရှိမှုအနေအထား၊ သဘာဝနှင့်ဖန်တီးဆိပ်ကမ်းများရရှိနိုင်မှု အနေအထား၊ မြစ်ချောင်းများ၏တည်ရှိမှုအနေအထား၊ မြေဆီဩဇာပြည့်ဝမှု၊ အဓိကကုန်သွယ်ရေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများနှင့် နီးကပ်မှု၊ သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်သည့် ပင်လယ်ပြင်ထွက်ပေါက်ရှိခြင်း စသည့် ရေကြောင်းဆိုင်ရာ အနေအထားများသည် မြန်မာပထဝီတန်ဖိုးများဖြစ်သည်။** ၎င်းပထဝီဗဟိုချက်တန်ဖိုးများကို မြန်မာနိုင်ငံသားအားလုံးအစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက်ထိရောက်စွာအသုံးချဖန်တီးအကောင်အထည်ဖော်ရန်လိုအပ်မည်ဖြစ်သည်။



> **ကမ္ဘာ့အလယ်တွင် မိမိတို့၏ကိုယ်ပိုင်သမိုင်းယဉ်ကျေးမှုများဖြင့် နှစ်ပေါင်းထောင်ချီ ခိုင်မာစွာတည်ရှိလာခြင်းနှင့်အတူ အနာဂတ်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များမြှင့်တင်ရေး၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများတိုးမြှင့်ရေးနှင့် မြန်မာ့ Identity (မြန်မာ့ဝိသေသ)များ မြှင့်တင်နိုင်ရေးသည် နိုင်ငံသားအားလုံး၏ အဓိကသမိုင်းပေးတာဝန်တစ်ခုပင်ဖြစ်သည်။**




## စီးပွားရေးတန်ဖိုး

စီးပွားရေးသည်လည်း မြန်မာတို့၏ အဓိကတန်ဖိုးတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံတစ်နိုင်ငံ **"အာရှတိုက်၏ဆန်အိုး"** အဖြစ် လူသိများခဲ့သည်။ ပုဂံခေတ် (အေဒီ ၉၄၉-၁၂၉၇) တွင် ငွေကြေးစနစ်ကို ငွေဒင်္ဂါး၊ ငွေခဲများဖြင့်အသုံးပြုခဲ့ပြီး အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပြုခဲ့သည်။ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်များ (၁၄-၁၉ ရာစု) တွင် ဆား၊ ကျွန်းသစ်၊ သစ်မာတို့သည် အရေးပါသောကုန်သွယ်မှုပစ္စည်းများဖြစ်ခဲ့ပြီး ဥရောပ (ပေါ်တူဂီ၊ ဒတ်ချ်) အိန္ဒိယ၊ တရုတ်တို့နှင့် ကုန်သွယ်မှုများတိုးတက်ခဲ့သည်။ ကျောက်စိမ်းနှင့် ပတ္တမြားမှသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အထိ မြန်မာ့သယံဇာတကြွယ်ဝမှုသည် မြန်မာနိုင်ငံကိုအာရှတွင် ကြွယ်ဝသောနိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ သို့ဖြစ်ရာ ယနေ့မြန်မာ့စီးပွားရေးတန်ဖိုးများ ပြန်လည်မြှင့်တင်နိုင်ရေးတွင် GDP တိုးတက်ရေး၊ ထုတ်ကုန်တိုးမြှင့်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍတိုးမြှင့်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေးများအား အရှိန်အဟုန်ဖြင့် အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

## ဘာသာ၊ သာသနာ ယဉ်ကျေးမှုတန်ဖိုး

မြန်မာနိုင်ငံသည် ဘာသာ၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာများ နှစ်ပေါင်းထောင်ချီထွန်းကားတည်ရှိခဲ့သော နိုင်ငံဖြစ်သည်။ မြန်မာတို့၏ လူ့ဘောင်လောကနယ်ပယ်တွင်ဘာသာတရားနှင့်ယဉ်ကျေးမှုအစဉ်အလာများကို အစဉ်အဆက်ထိန်းသိမ်းရှင်သန်ရပ်တည်နေထိုင်ခဲ့ကြပေသည်။ မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာ၏ အဆုံးအမများပေါ်တွင်အခြေခံပြီး ကရုဏာ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားတို့ဖြင့် လူမှုအသိုင်းအဝိုင်းကို စည်းလုံးညီညွတ်စေသည်။ ရိုးရာပွဲတော်များ၊ ဘာသာရေးအခမ်းအနားများတွင်ပြည်သူများစုပေါင်းပါဝင်ခြင်းသည် ဤစည်းလုံးမှုကိုထင်ဟပ်စေသည်။ မြန်မာလူမျိုးတို့၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ကျေးဇူးသိတတ်မှုတို့သည် ဗုဒ္ဓဘာသာ၏သီလနှင့် ဝါရိတ္တသမာဓိများမှပေါက်ဖွားလာသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်သကဲ့သို့ ဘာသာမျိုးစုံ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသောနိုင်ငံလည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် မိမိဘာသာကို တန်ဖိုးထားမြတ်နိုးကြသလို သူတစ်ပါးဘာသာကိုလည်း လေးစားတန်ဖိုးထားသူများဖြစ်သည်။ သို့ဖြစ်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံရေးအရ လွတ်လပ်ခွင့်နှင့် ဘာသာရေးအရ လွတ်လပ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားရှိခြင်းဖြစ်သည်။

ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသများအား UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ထည့်သွင်းမှတ်တမ်းတင်ခြင်းကလည်း မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ကမ္ဘာကအသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်။ ထို့အတူ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်သည် UNESCO ၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့ပြီး မြန်မာ့ရိုးရာသနပ်ခါးသည်လည်း မကြာခင်အချိန်ကာလတစ်ခုတွင် UNESCO ၏ အမွေအနှစ်စာရင်းတွင် ပါဝင်လာနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ဆိုသည့်မှန်မြတ်သောရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ **ကမ္ဘာ့အလယ်တွင် မိမိတို့၏ကိုယ်ပိုင်သမိုင်းယဉ်ကျေးမှုများဖြင့် နှစ်ပေါင်းထောင်ချီ ခိုင်မာစွာတည်ရှိလာခြင်းနှင့်အတူ အနာဂတ်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ရေး၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများ တိုးမြှင့်ရေးနှင့် မြန်မာ့ Identity (မြန်မာ့ဝိသေသ)များ မြှင့်တင်နိုင်ရေးသည် နိုင်ငံသားအားလုံး၏ အဓိကသမိုင်းပေးတာဝန်တစ်ခုပင်ဖြစ်သည်။** မြန်မာတို့၏ ဘာသာ၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာသည် လူမှုအသိုက်အဝန်းစည်းလုံးညီညွတ်မှု၊ အနုပညာဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မားမှုနှင့် သမိုင်းအမွေအနှစ်တို့ကို ပေါင်းစပ်ထားသောမြန်မာ့အသက်သွေးကြောပင်ဖြစ်သည်။ ဤတန်ဖိုးများကို ထိန်းသိမ်းခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီသော ယဉ်ကျေးမှုတို့အခြေတည်လာသည့်သမိုင်းကြောင်းကို ထင်ဟပ်ပြသနေမည်ဖြစ်သည်။



## လူမှုရေးတန်ဖိုး

မြန်မာ့ရိုးရာ "ထမင်းဝိုင်း" သည်လည်း အစားအစာထက်ပိုသည့် မိသားစု၏ စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် လူမှုရေးတန်ဖိုးများဖော်ဆောင်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ မြန်မာ့ထမင်းဝိုင်းတွင် မိသားစုဝင်အားလုံးစုဝေးပြီး တစ်ဝိုင်းတည်းထိုင်ကာ ထမင်း၊ ဟင်းများကို အတူတကွမျှဝေစားသောက်ခြင်း၊ လူကြီး၊ လူငယ်၊ ကလေးအားလုံး အဆင့်အတန်းမခွဲခြားဘဲ တန်းတူညီမျှပါဝင်ခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထမင်းဝိုင်းသည် စည်းလုံးမှု၏ သင်္ကေတဖြစ်သည်၊ မိသားစုအတွင်း ချစ်ခြင်းမေတ္တာ၊ ပြောဆိုဆက်ဆံမှုများကို မြှင့်တင်ပေးသည်။ ဧည့်သည်များကို ထမင်းဝိုင်းသို့ ဖိတ်ခေါ်ခြင်းဖြင့် ရိုးရာဓလေ့ ဧည့်ဝတ်ကျေပွန်မှုကိုပြသသည်။ မိသားစုအခြေပြုကျေးလက်စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် ဘာသာတရားအပေါ် လေးစားမှု၊ တန်းတူညီမျှမှု၊ ကရုဏာနှင့် ရိုးသားမှု၊ မေတ္တာ၊ ဒါန၊ သဘာဝနှင့် ဟန်ချက်ညီစွာနေထိုင်မှုတို့သည် မြန်မာ့လူမှုရေးတန်ဖိုးများပင်ဖြစ်သည်၊ ထို့အတူ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အလှူအတန်းနှင့် ပေးကမ်းစွန့်ကြဲမှုအထက်သန်ဆုံးနိုင်ငံများတွင် ကမ္ဘာ့ထိပ်ဆုံးအဆင့်၌ ရပ်တည်လျက်ရှိခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထား လူမှုဆက်ဆံရေးဓလေ့တန်ဖိုးများကို တွေ့ရှိနိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ပဋိပက္ခများပြည့်နှက်နေသည့်နိုင်ငံဟု မည်သို့ပင်သမုတ်စေကာမူ မြန်မာတို့၏ "အလှူရေစက် လက်နှင့်မကွာ" ဓလေ့ရိုးရာတန်ဖိုးများသည် ကမ္ဘာပေါ်တွင်သဒ္ဓါတရားပြည့်ဝသော လူမျိုးများအဖြစ် နွံမနစ်သော ပတ္တမြားကဲ့သို့ပင် တည်ရှိနေမည်ဖြစ်သည်။





ဆက်လက်ဖော်ပြပါမည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ပထမက္ကစ္ဆာသယ ကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ လေသာကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ရတနာစေတီဆင်များရှင်စေတီနှင့် မဟာစေတီတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောသာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေသည့် အခြေအနေများ၊ စေတီတော်လုံးပတ်ပြန်လည်ပြုပြင်နေသည့် အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ ထူပါရုံကျောက်စာတိုက်၊ ရတနာဒီပံချောင်ကျောင်းတိုက်၊ တောလေးထပ်ကျောင်းတိုက်၊ ပထမဂန္ဓာရုံကျောင်းတိုက်၊ သောဘိတရာမရွှေသမားကျောင်းတိုက်၊ စိန်ရတနာကျောင်းတိုက်နှင့် ပထမက္ကစ္ဆာသယကျောင်းတိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ ဘက်စုံပြန်လည်ပြုပြင်နေသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် နှစ် ၇၀၀ ပြည့် အားကစားခန်းမနှင့် မဟာစည်းခုံကြီးစေတီတော်ရှိ သာသနာ့ဗိမာန်တို့တွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ စစ်ကိုင်းမြို့ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ကြီးကြပ်၍ နေအိမ်ပျက်စီးခဲ့သည့် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက်နှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လူနေအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ သောတာပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းဘေးဝဲယာ အပြိုအပျက်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် ရတနာခုဝံ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကနှင့် ဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ရတနာခုဝံ ပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် မဟာအတုလဝေယန်(အတုမရှိ) ကျောင်းဆောင်တော်ကြီး၌ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပလ္လင်တော်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ရုပ်ရှင်တော်မြတ်ကြီး၏အပေါ်ရှိ မျက်နှာကြက်အမိုးများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကြမ်းခင်းများ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းတော်ကြီး၏ မဟာရံတံတိုင်းများ ပျက်စီးနေမှုကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်ရှိ လေသာကျောင်းတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်အပျက်အစီးများကို တပ်မတော်သားများနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လုပ်အားပေး ဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ မဟာမုနိရုပ်ရှင်တော်ဘဏ္ဍာတော်ပိုင် တိုက်တန်းနှင့် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်တို့သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ နေ့စဉ်အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှုမဖြစ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၇**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲစည်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရှိသည့် အမျိုးသားအသင်း ခိုလမ်တပ်နယ်(က) အသင်းနှင့် အမျိုးသမီးအသင်း ခိုလမ်တပ်နယ်(ခ) အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ကိုးသင်းနှင့် အမျိုးသမီးပြိုင်ပွဲဝင်အသင်း ကိုးသင်းတို့ဖြင့် ဇူလိုင် ၁၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အမျိုးသားအသင်း ခိုလမ်တပ်နယ်(က)အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်



တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်စဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကိုဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးလျက်ရှိသည်။

ထို့ပြင် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များနှင့် အကြမ်းဖက်မှုကိုလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အချို့သည် ပြည်သူအတွက်ဟူ၍ အကြောင်းပြချက်ဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကျောင်းသား၊ ကျောင်းသူ၊ ကလေးသူငယ်များပါမချန် ခြိမ်းခြောက်သတ်ဖြတ်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်မှုများကြောင့် ပြည်သူလူထုကလည်း ထောက်ခံအားပေးမှုမရှိခြင်း၊ ၎င်းတို့အဖွဲ့များအချင်းချင်းတွင်လည်း အနိုင်ကျင့်ဗိုလ်ကျမှုများ၊ အဓမ္မမှုများကျူးလွန်ခြင်းတို့ ရှိလာခဲ့ခြင်းအပေါ် လက်ခံနိုင်ခြင်းမရှိတော့ဘဲ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် စိတ်အား ထက်သန်လျက်ရှိကြောင်း သိရှိရသည်။

၎င်းအပြင် တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter– Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး အကြမ်းဖက်သမားများ၏ သတင်းများကို အချိန်နှင့်တစ်ပြေးညီ နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရရှိခြင်းတို့ကြောင့် ပြည်သူများက လက်ခံခြင်းမရှိသည့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် စိတ်ပျက်နောင်တရသည့်အပြင် နိုင်ငံတော်နှင့်တပ်မတော်၏သဘောထားအမှန်တို့ကို နားလည်သဘောပေါက်လက်ခံလာခြင်းတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အဖွဲ့ဝင်အချို့တို့သည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေအလိုက်ရှိ နီးစပ်ရာတပ်စခန်းများ၊ တာဝန်ရှိသူများနှင့်ချိတ်ဆက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းဝင်ရောက်လျက်ရှိရာ TNLA အဖွဲ့ဝင် အမျိုးသားလေးဦး၊ DPLA အဖွဲ့မှ အဖွဲ့ဝင် အမျိုးသားငါးဦးနှင့် MDY–PDF အမျိုးသားသုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

❖ ကျောဖုံးမှအဆက်

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘောလုံးအားကစားဝါသနာရှင် ပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုးမရှိ သရေရလဒ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီ သရေရလဒ်တို့ အသီးသီးရရှိခဲ့ကြသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင် ၁၈ ရက် တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကိုးသိန်းအားကစားကွင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ STA


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |




သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ပဋ္ဌိပတ္တိမာမက ကျောင်းတိုက်အတွင်း၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် ဇူလိုင် ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဧရာဝတီမြစ်ရေနှင့် ဝေန်မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင်ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပေဝက်ကျော်တွင်ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

## ထူးခြားသည့် နေ့အပူချိန်များ

၁၇ - ၇ -၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၃ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |

ဝတ္ထုတိုကဏ္ဍ

# နေဝင်ချိန်

ထွန်းလှိုင်(မြိုင်)



ကလင် ကလင် ကလင်။

နာရီနှိုးစက်သံကြားသဖြင့် ဦးတင်မောင် အိပ်ရာမှ ထလိုက်တယ်။ ညက မိုးအေးအေးနဲ့ ဆရာကြီးဦးသုခရေးတဲ့ မေတ္တာသုတ်အနက်အဓိပ္ပာယ် စာအုပ်ဖတ်ကောင်းကောင်းနှင့် ဖတ်လိုက်တာ မနက် ၂ နာရီ ထိုးသွားတယ်။ မနက် ၅ နာရီ ပုံမှန်နိုးနေကျ အချိန်မနိုးဘဲနေမှာစိုးရိမ်လို့ နံနက် ၅ နာရီ သံပတ်ပေးထားခြင်းဖြစ်တယ်။ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်ခြင်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်လိုက်တယ်။ (မျက်နှာအရင်သစ်၊ သွားနောက်မှတိုက်တယ်ဆိုတော့ တစ်မျိုးဖြစ်နေတယ်)။ မကွေးဝင်းမြင့်ရဲ့ တိုင်းရင်းဆေးစာအုပ်ဖတ်ပြီး ကတည်းက သွားနောက်မှတိုက်တယ်။ ဒါကြောင့် လားမသိ။ ဦးတင်မောင်တစ်ယောက် ယနေ့အထိ သွားနာသွားကိုက်မဖြစ်ခဲ့ပေ။ တစ်ဆက်တည်း ဘုရားခန်းဝင် ဘုရားရှိခိုး၊ မေတ္တာပို့ ပုံမှန်လုပ်နေကျ အလုပ် တရားထိုင်ခြင်းဖြင့် ၄၅ မိနစ် အချိန်ကုန်သွားတယ်။ ဝန်ထမ်းဘဝကဆိုရင် ဘုရားရှိခိုး၊ မေတ္တာပို့ပြီးရင် ပုတီးကိုအရေအတွက်နဲ့စိပ်ခဲ့တယ်။ ရာထူးတိုးချင်တယ်။ စီးပွားလာဘ်လာဘမျှော်ကိုးတယ်။ အဆင်ပြေချင်တယ်လေ။ အခုတော့ ပင်စင်ယူပြီးကတည်းက ဝိပဿနာဘက် လမ်းကြောင်းပြောင်းလိုက်တယ်။ နိဗ္ဗာန်ရောက်ကြောင်းနည်းလမ်းကောင်းပဲလေ။ လောဘ၊ ဒေါသ၊ မောဟတွေနည်းပြီး အေးအေးချမ်းချမ်းပဲ နေချင်တော့တယ်။ ဒါကြောင့် ဝိပဿနာကို ကြိုးစားအားထုတ်တာပါပဲ။

ထုံးစံအတိုင်း ထမင်းစားခန်း ဝင်လိုက်တယ်ဆိုရင် ယခင်ရက်တွေနဲ့မတူဖြစ်နေတယ်။ တပည့်အောင်မြင့်ရဲ့လက်ရာဖြစ်တဲ့ ထမင်းပူပူဆီဆမ်း၊ တစ်ခါတလေ ထမင်းကြော်၊ ပဲပြုတ်ကို ကြက်သွန်နီပါးပါးလှီးပြီးသုပ်၊ ငါးပိမီးအုံ၊ ငါးရံ့ခြောက်၊ အကြော်စုံတို့ကို တစ်နေ့တစ်မျိုးမရိုးရအောင် စီစဉ်ပေးထားတယ်။ အခု တပည့်ကျော်အောင်မြင့် ဇာတိရွာ ဘုရားပွဲပြန်သွားတယ်။ တစ်ပတ်လောက် နေမယ်ပြောတယ်။ အေးလေ သူလဲလူငယ်ပဲ။ ကိုယ့်ဒေသရောက်တဲ့အခါ ပျော်ချင်နေချင်မှာပေ့ါ။ စဉ်းစားရင်းနဲ့ ဗိုက်ထဲက အသံမြည်နေပြီး ဓာတ်ဘူးထဲက ရေနွေးအကျန်တစ်ခွက် ငှဲ့လိုက်တယ်။ လက်ဖက်ခြောက်ခတ်ပြီး နောက်တစ်ခွက်ထပ်ငှဲ့။ ကော်ဖီမစ်တစ်ထုပ်ယူပြီးဖျော်လိုက်တယ်။ ညက ရေနွေးဆိုတော့သိပ်မပူတော့ဘူး။ မတတ်နိုင် ဗိုက်က ဆန္ဒပြနေပြီ။ ကြောင်အိမ်ထဲက ပေါင်မုန့်ခြောက်နဲ့ ကော်ဖီသောက်၊ ရေနွေးသောက်နဲ့ နေသာထိုင်သာတော့ ရှိသွားပြီ။ နေ့လယ်စာအတွက်ထမင်းချက်ဖို့ ထမင်းပေါင်းအိုးထဲကို ညစာပါ အဆင်ပြေသွားအောင် ဆန်နို့ဆီဘူးတစ်ဘူးဆေးပြီး ထမင်းပေါင်းအိုးတည်ဖို့ စီစဉ်လိုက်တယ်။ ရွှေခေါင်းပြောင်နှစ်လုံး(ဘဲဥ)ကို ရေဆေးပြီး ထမင်းအိုးထဲထည့်။ မီးခလုတ်ဖွင့်လိုက်တော့ ဗုဒ္ဓေါ အဲဒါမှဒုက္ခပဲ မီးကမလာ။ ဘယ်လိုလုပ်ရပါ့မလဲ။ မီးသွေးမီးဖိုနဲ့ချက်ဖို့ပဲ ရှိတော့တယ်။ ကျောင်းသားဘဝမှ အရာရှိဖြစ်သည်ထိ၊ အခု ပင်စင်ယူချိန်ထိ မိုးကြိုးပစ်ဘုရားစူး ထမင်းတစ်ခါ၊ နှစ်ခါပဲ ချက်ခဲ့ဖူးတာ။ ထမင်းချိုင့်ဆွဲစားတယ်။ အမေက ချက်ကျွေးတယ်။ အိမ်မှာနေတဲ့ "မလှမြင့်"သူတို့ပဲ ချက်ကျွေးခဲ့တာ။ အောင်မြင့်ရှိစဉ်က တပည့်ကျော်က ချက်ကျွေးတယ်။

အခုတော့ ကိုယ်တိုင်မီးမွှေးရတော့မယ်။ မီးသွေးယူပြီး မီးဖိုထဲထည့်လိုက်တယ်။ မီးမြန်မြန်စွဲဖို့ ရေနံဆီလဲမရှိ။ ထင်းရှူးသားကလဲ ကုန်နေတယ်။ ဒီတော့ စက္ကူစုတ်တွေ ရှာဖွေထည့်လိုက်တယ်။ ပြီးတော့ မီးညှိတယ်။ ခဏပဲလောင်တယ်။ မီးသွေးကို မီးမစွဲသေးပါ။ အတွေးတစ်ခုဝင်လာတယ်။ မီးမလာရင် အဆင်သင့်ထွန်းဖို့ဆောင်ထားတဲ့ ဖယောင်းတိုင်ထုပ်ထဲက တစ်တိုင်လောက်ယူလိုက်ပြီး မီးဖိုထဲထည့်လိုက်တယ်။ အခုမှ အဆင်ပြေသွားတယ်။ မီးသွေးခဲ မီးစွဲသွားပြီး ဆန်ကို ပေါင်းအိုးထဲကနေ ဒန်အိုးထဲပြောင်းထည့်ပြီး မီးသွေးဖိုပေါ်တင်လိုက်တယ်။ ထမင်းကျက်ရင် ဘဲဥလဲ ကျက်မယ်။ ကဲ အဆင်ပြေပြီ။ ဟူး မောရပါဘိ။ ထမင်းအိုးတည်နေရင်း ဦးတင်မောင်တစ်ယောက် လွန်ခဲ့သော အသက် ၃၀ လောက်က ဘဝကိုပြန်စဉ်းစားရင်း အတိတ်ကအရိပ်တွေ တရိပ်ရိပ်ပေါ်လာတော့တယ်။

ဦးတင်မောင်ဟာ ပခုက္ကူဇာတိဖြစ်တယ်။ သိန်းရာဇာဆေးပေါင်းရုံ မန်နေဂျာ ဦးမောင်မောင်၊ ဒေါ်တင်ဝင်းတို့၏ တစ်ဦးတည်းသောသားဖြစ်တယ်။ ဖခင်ဦးမောင်မောင်မှာ ရည်ရွယ်ချက်ကြီးမားသူဖြစ်တယ်။ သားကို ပညာတတ်တစ်ယောက်ဖြစ်အောင် ထိန်းကျောင်းသွန်သင်ပေးတယ်။ အဖေ့ဆန္ဒပြည့်ဝတယ်ပြောရမယ်။ ဦးတင်မောင်ဟာ မကွေးကောလိပ်ကတစ်ဆင့် ရန်ကုန်တက္ကသိုလ်မှာ ဆက်လက်ပညာသင်ကြားပြီး ဘီအေဘွဲ့ရရှိခဲ့တယ်။ တစ်ဦးတည်းသောသားဖြစ်သလို လိမ္မာရေးခြားလည်းရှိတယ်။ ဘွဲ့ရပြီး အစိုးရအလုပ်မလုပ်ဘဲ ဖခင်လုပ်ကိုင်နေတဲ့ သိန်းရာဇာဆေးပေါင်းရုံမှာပဲ ဖခင်ကို ကူညီလုပ်ကိုင်ခဲ့တယ်။ နှစ်နှစ်လောက် ကြာသွားတယ်။ နောက်တော့ သိန်းရာဇာဆေးပေါင်းရုံပိုင်ရှင်ရဲ့ အကူအညီနဲ့ ရန်ကုန်မြို့ ကုန်သွယ်ရေးဝန်ကြီးဌာနရုံးချုပ်မှာ အထက်တန်းစာရေးတစ်နေရာရရှိပြီး ဦးတင်မောင်ရဲ့ အလုပ်အပေါ်လေးစားမှု၊ ရိုးသားမှုတွေကို အထက်လူကြီးတွေက သဘောကျတာကြောင့် ရုံးအုပ်၊ ဌာနစုမှူး၊ ဌာနမှူးအဆင့်ထိ ရာထူးတိုးမြှင့်ခြင်းခံရတယ်။

ဦးတင်မောင်ဌာနမှူးဖြစ်ပြီး ဖခင်ဦးမောင်မောင် လူကြီးရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်။ မိခင်တစ်ဦးတည်း ကျန်ခဲ့တယ်။ ဒါကြောင့် မိခင်ကို ရန်ကုန်မှာ ခေါ်ထားပြီး ဌာနကပေးတဲ့ တိုက်ခန်းမှာနေကြတယ်။ ဦးတင်မောင် ဌာနမှူးဖြစ်ပြီး ရုံးသွားရုံးပြန်စီးဖို့ ကားတစ်စီးရတယ်။ ယာဉ်မောင်း၊ ရုံးအကူစတဲ့ အကူအညီအထောက်အပံ့တွေရတယ်။ အားလုံးဟာ ဦးတင်မောင်ဘဝအတွက် ပြည့်စုံနေတယ်။ အဆင်ပြေစေခဲ့တယ်။

ရုံးသွားရင် ရုံးမှာအဆင်သင့်စားဖို့ ထမင်းချိုင့်၊ ရေနွေးဓာတ်ဘူးကအစ ရုံးသွားမဲ့ကားပေါ်အရောက် အဆင်သင့်၊ ရုံးရောက်ရင်လဲ ကားတံခါးဖွင့်ပေးမဲ့သူ၊ ထမင်းချိုင့်၊ လက်ဆွဲအိတ်ကအစ စားပွဲပေါ်ပို့ပေးမဲ့သူတွေပြည့်စုံနေတယ်။ ထမင်းစားချိန်တန်ရင်လဲ စားပွဲရှေ့အရောက် ရုံးဝန်ထမ်းတွေပို့လာတဲ့ဟင်းတွေကို စားဦးစားဖျားအနေနဲ့ ဂါရဝပြုခံခဲ့ရတယ်။ ထမင်းစားပြီးရင်လဲ အချိုပွဲ၊ အချဉ်ပွဲအဆင်သင့်နဲ့ နေလာခဲ့ရတယ်။ ကိုယ်ကျိုးအတွက် လာလိုက်ကြတဲ့လူတွေ၊ ရုံးဝန်ထမ်းတွေအစီအရီပဲ။ လက်ထဲမှာလဲ လက်ဆောင်ပစ္စည်းလေးတွေ၊ စားစရာတွေပါလာပြီး ဦးတင်မောင်ကို ဂါရဝပြုကြတယ်။ တွေ့တဲ့ဆုံတဲ့နေရာမှာ ဆရာ ဆရာနဲ့ နားဝင်ချိုအောင် ပြောဆိုဆက်ဆံကြတယ်။

အခုတော့ ပင်စင်ယူလိုက်ပြီး ရုံးကိုတစ်ပတ်သုံးခေါက်လောက်ရောက်ဖြစ်တယ်။ မနေတတ်မထိုင်တတ်ဖြစ်နေတယ်။ ဒါကြောင့်လဲ ရုံးကို မကြာခဏဆိုသလို အလည်အပတ်သွားလေ့ရှိတယ်။ အရင်ကလို ရုံးဝန်ထမ်းတွေ လည်လည်ပတ်ပတ် မရှိကြတော့။ တဖြည်းဖြည်း ရှောင်လာကြတယ်။ ကိုယ့်ကိုမသိမသာ ခွာမှန်းမသိခွာလာကြတယ်။ ကိုယ်တိုင်လုပ်ပေးခဲ့သူတွေ၊ ကူညီပေးခဲ့သူတွေတောင် ခပ်ဝေးဝေးနေလာကြတယ်။ တရားကျဖို့ကောင်းလိုက်တာ။ ပင်စင်မယူခင်တုန်းကတော့ အခုလိုဖြစ်မယ်မထင်ပါ။ အခုတော့ ရာထူးဂုဏ်သိက္ခာဟာ တကယ်ကြောက်စရာကောင်းပါလား။ လူတွေရဲ့ ပတ်ဝန်းကျင်၊ လူတွေရဲ့ဘဝကို ဦးတင်မောင်တစ်ယောက် ပင်စင်ယူမှ သိခဲ့ရတယ်။ ဒါကြောင့် ရုံးဘက်ကိုမသွားတော့ဘဲ အိမ်မှာပဲ စာရေး၊ စာဖတ်၊ ဘုရား၊ တရားအလုပ်လုပ်တယ်။ အချိန်ရရင် ရသလို ရွှေတိဂုံဘုရားသွားပြီး တရားထိုင်ဖြစ်တယ်။

အိမ်ထောင်မပြု လူပျိုကြီးလုပ်နေခဲ့တယ်။ အခုတော့ အမေစီစဉ်ပေးတာယူခဲ့ရင် အကောင်းသား။ ကိုယ့်ကိုချစ်နေတဲ့သူတွေ တစ်ပြုံကြီး အရိုးများသလေး၊ ချေးခါးသလေးနဲ့ငြင်းပယ်ခဲ့မိတာ။ အခုမှ နောင်တရမိတော့တယ်။

ဦးတင်မောင်အရာရှိဖြစ်ပြီး မကြာခင်မှာပဲ မိခင်ကြီးနဲ့အတူ မြောက်ဒဂုံမှာ ဝန်ကြီးဌာနက စီစဉ်ပေးတဲ့ မြေကွက်တစ်ကွက်ကို ဌာနက အရစ်ကျချေးငွေစနစ်နဲ့ထုတ်ချေးတဲ့ငွေနဲ့ တစ်ထပ်တိုက်တစ်လုံးဆောက်ပြီး အမေနဲ့အတူနေခဲ့တယ်။ အမေ့အတွက် ကူဖော်လောင်ဖက်ရဖို့ ကိုယ့်ဒေသဖြစ်တဲ့ ပခုက္ကူက ဆွေမကင်းမျိုးမကင်း ၁၀ တန်းအောင်ပြီး တက္ကသိုလ်တက်မဲ့ မလှမြင့်ဆိုတဲ့ မိန်းကလေးတစ်ယောက် ခေါ်ထားရသေးတယ်။ မလှမြင့်ရောက်တယ်ဆိုရင်ပဲ အိမ်ရဲ့ဝေယျာဝစ္စအားလုံးလုပ်ကိုင်ပေးလို့ ဦးတင်မောင်တို့ မိသားစုအတွက် အစစအရာရာအဆင်ပြေတယ်။ မလှမြင့်က စာကြိုးစားတယ်၊ သိတတ်တယ်။ အမေ့ဝေယျာဝစ္စအပြင် ဦးတင်မောင်ရဲ့ဝေယျာဝစ္စအားလုံးကို လုပ်ပေးတယ်။ ရုံးသွားရင် အားလုံးအဆင်သင့်ဖြစ်အောင် မလှမြင့်က ဆောင်ရွက်ပေးတယ်။

မလှမြင့်က ဦးတင်မောင်ကို "အစ်ကိုကြီး"လို့ပဲ ခေါ်တယ်။ ဦးတင်မောင်ကလဲ ညီမလေးတစ်ယောက်လို စောင့်ရှောက်ကူညီတယ်။ ရုံးသွားရင်းနဲ့ မလှမြင့်ကို ကျောင်းပို့ပေးရတယ်။ တစ်ခါတစ်ရံ ရုံးပိတ်ရက်တွေမှာ အိမ်အတွက်လိုအပ်တဲ့ပစ္စည်းတွေပါ လိုက်ဝယ်လေ့ရှိတယ်။ ဒီလိုနဲ့ မလှမြင့်တစ်ယောက် ဦးတင်မောင်တို့အိမ်မှာနေရင်းနဲ့ ဘွဲ့ရချိန်မှာ မလှမြင့်ဟာ အသက် ၂၄ နှစ်ရှိနေပြီ။ အညာပခုက္ကူက လာခါစနဲ့ မတူတော့။ ရန်ကုန်သူဖြစ်နေပြီ။ အသားညိုတယ်။ ခန္ဓာကိုယ်အချိုးအစား နည်းနည်းဝတာကလွဲလို့ ပြေပြစ်လှပသူတစ်ယောက်ဖြစ်တယ်။

တစ်နေ့ညနေ ထမင်းစားပြီးချိန်–

"သား အမေ သားနဲ့ စကားပြောချင်တယ်။ တခြားတော့မဟုတ်ပါဘူး သားရယ်။ အခု သားလဲ အရွယ်ရလာပြီ။ ရာထူးရာခံလဲရှိတယ်။ စီးပွားရေးလဲ အဆင်ပြေတယ်။ အမေတို့နဲ့ တစ်သက်လုံးနေသွားလို့မဖြစ်ဘူး။ အမေ့မျက်စိမမှိတ်ခင်မှာ သင့်တော်တဲ့ သူတစ်ယောက်နဲ့ အိမ်ထောင်ချပေးချင်တယ်။ တကယ်လို့ သားမှာရည်ရွယ်ထားတဲ့သူရှိရင်လဲ အမေ့ကို ပြောပြပါ။ အမေ သဘောတူပါတယ်။ တကယ်လို့ သားမှာ ရည်ရွယ်သူမရှိရင်လဲ အမေသင့်တော်တဲ့သူနဲ့ စီစဉ်ပေးပါ့မယ်"

ဦးတင်မောင် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားတယ်။

"အမေရယ် သားမှာ ချစ်သူမရှိပါဘူး။ ရင်းနှီးသူတွေတော့ရှိပါတယ်။ တကယ်လို့ သားအိမ်ထောင်ပြုလိုက်ရင် အဆင်ပြေရင်တော်ပါရဲ့ အဆင်မပြေခဲ့ရင် အမေရော သားပါ စိတ်ဆင်းရဲရမယ်လေ"

"မဟုတ်သေးပါဘူးသား သေချာစဉ်းစားပါ။ အမေအမြဲမရှိဘူးလေ။ အချိန်တန်ရင် ခွဲခွာသွားရမှာ။ ဒါမှ သားမိသားစုနဲ့အတူနေမှ အစစအရာရာ အဆင်ပြေမယ်လေ။ သားလို မသောက်မစား ရာထူးရာခံနဲ့ အမေတစ်ခုသားတစ်ခုပဲရှိတာ။ သားဘက်က လက်ခံရင် အဆင်သင့်ကြိုက်မဲ့သူတွေ အများကြီးပဲလေ။ သားစဉ်းစားဖို့ ကောင်းတယ်"

ဆက်လက်ဖော်ပြပါမည်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၂၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၈၄၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငါးမုတ်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင်ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဇွန်လအတွင်းက ငါးမုတ်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာ ဖြစ်ပါတယ်။ ဒေသပွဲရုံတွေဆီ ဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေနေကြပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။



မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်တွေကိုဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် ကော်နမ့်ခဲဝမ်မိုင်ကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယန်း ဇူလိုင် ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော်နမ့်ခဲဝမ်မိုင်ကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကော်နမ့်ခဲဝမ်မိုင်ကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကော်နမ့်ခဲဝမ်မိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၇ ဒသမ ၁ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သန်းဖြင့် တစ်လက်မခွဲ PVC ပိုက်အရှည်ပေ ၂၃၀၀ ရှိ ရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လတတိယပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

## အလေးပြုကြပါစို့

\- ဇူလိုင် ၁၉ နေ့ရက်ဟာ
အာဇာနည်နေ့ပါ၊
၇၈ နှစ်ကြာ ဒီဖြစ်ရပ်
ဘယ်ခါမမေ့အပ်။

\- တိုင်းပြည်အနာဂတ် ဆွေးနွေးရန်
စည်းဝေးအချိန်မှန်၊
သတ်ဖြတ်လုပ်ကြံ အတွင်းဝန်ရုံး
ခေါင်းဆောင်များ ကျဆုံး။

\- ပြည်သူအားလုံး ကျမျက်ရည်
ဝမ်းနည်းပူဆွေးနေ၊
လုပ်ရက်ကြပေ အကြံမိုက်
လက်ပါးစေတစ်သိုက်။

\- အလစ်အငိုက် အချိန်ယူ
နယ်ချဲ့အကြံတူ၊
ဖမ်းဆီးအရေးယူ ပြစ်ဒဏ်ပေး
နောင်ခါမှတ်သားရေး။

\- စည်းလုံးစိတ်မွေး ရှေ့ဆက်ကာ
ညီညွတ်ကြစေရာ၊
ဦးဆောင်လို့သာ တို့ကြိုးစား
လွတ်လပ်ရေးယူထား။


\- အမျိုးသားရေး တို့တာဝန်
ထမ်းရွက်ကာကျေပွန်၊
ဒို့တာဝန်အရေး မြတ်သုံးပါး
စောင့်ထိန်းကာကြိုးစား။

\- ငြိမ်းချမ်းစေသား မြန်မာပြည်
သွေးစည်းကာချစ်ကြည်၊
အာဇာနည်များကို ဂုဏ်ပြုလို့
အလေးပြုကြစို့။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ခရီးသွားဆောင်းပါး

# ရှင်လန်းတစ်မှုထမ်းစန်းဂူ ရောက်ရှိလေ့လာကျန်းကျန်းမာ

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်မှာ မိုးနဲမြို့ကို ရောက်ရှိနေပြီး မိုးနဲစော်ဘွားကြီးရဲ့ဟော်၊ စော်ဘွားကြီးဆောက်လုပ်လှူဒါန်းခဲ့တဲ့ရွှေကျောင်း၊ ကျောင်းဝင်းအတွင်းမှာ တည်ထားကိုးကွယ်ခဲ့တဲ့ စေတီတော်၊ ရွှေကျောင်းဝင်းအပြင်ဘက်မှာရှိတဲ့ စော်ဘွားအဆက်ဆက်တည်ထားခဲ့ကြတဲ့ စေတီတော်တွေကို လေ့လာဖူးမြော်ခဲ့ကြပြီးပါပြီ။ ဒါ့ပြင် ဆင်တောင်နဲ့သမိုင်းဝင် ဒေဝီ(၁၂)ပါးဂူရှိရာတွေကို သွားရောက်ခဲ့ကြသလို ဒေဝီ(၁၂)ပါးဂူမှာ ဆက်လက်လေ့လာကြရအုံးမှာပါ။ ဒါပေမဲ့ရောက်ရှိနေပြီဖြစ်တဲ့ ဒေဝီ(၁၂)ပါးဂူရဲ့ သမိုင်းကြောင်းကို အခုချိန်ထိ သိရှိခွင့်မရကြသေးပါဘူး။

ဒေဝီ(၁၂)ပါးဂူဆိုတဲ့နေရာက သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း၊ ကျောင်းဆောင်ကျောင်းတိုက်ကြီးတွေ အများအပြားတည်ရှိနေတဲ့နေရာတစ်ခုပါ။ မြင်တွေ့နေရတဲ့ ဂူတွေအပြင် တောင်ပေါ်ကိုတက်ရောက်တဲ့ စောင်းတန်းလှေကားတွေလဲရှိနေတာကြောင့် ဂူရဲ့ သမိုင်းကြောင်းကို သိရလိုသိရငြား စောင်းတန်းလှေကားထစ်တွေအတိုင်း တောင်ပေါ်ကိုတက်လာခဲ့လိုက်တယ်။ လှေကားထစ်တွေက တချို့နေရာတွေမှာ မက်စောက်နေကြသလို လမ်းခွဲလှေကားတွေလဲရှိနေကြသေးတယ်။ လမ်းခွဲလှေကားတွေရဲ့ အဆုံးမှာ ကျောင်းဆောင်၊ ကျောင်းတိုက်တွေ ထပ်ပြီးရှိနေကြပြန်တယ်။ တောင်ပေါ်၊ တောင်အောက်နေရာအနှံ့အပြားမှာ အဆောက်အအုံတွေ များပြားပျံ့နှံ့နေတဲ့သဘောပါ။ လှေကားထစ်တွေကို တစ်ထစ်ပြီးတစ်ထစ်ကျော်၊ ကျောင်းဆောင်ကျောင်းတိုက်အဆောက်အအုံတွေကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာခဲ့ပြီး မကြာခင်မှာ တောင်ထိပ်ပေါ်ကိုရောက်လာခဲ့တယ်။

တောင်ထိပ်ပေါ်မှာ စေတီငယ်လေးတစ်ဆူကို တွေ့မြင်ဖူးမြော်နေရပေမဲ့ ရင်ပြင်တော်က ကျယ်ဝန်းမှုမရှိပါဘူး။ ဒါပေမဲ့ မနီးမဝေးမှာရှိနေတဲ့ မိုးနဲမြို့မြင်ကွင်းကို တောင်ထိပ်ပေါ်ကနေ လှမ်းမျှော်မြင်တွေ့နေရတယ်။ မြင်တွေ့နေရတဲ့ မိုးနဲမြို့မြင်ကွင်းတွေထဲမှာ ထိုးထိုးထောင်ထောင် ဘုရား၊ စေတီတွေက များနေပါတယ်။ မြို့ရဲ့ပတ်လည် ပတ်ဝန်းကျင်တစ်ခွင်မှာ စိုက်ခင်းစိမ်းစိမ်းတွေရှိနေကြတယ်။ မြို့အဝင်လမ်းမကြီးကတော့ ဖြောင့်စင်းနေတဲ့ မြွေကြီးတစ်ကောင်လိုပါ။ တောင်ထိပ်ပေါ်ကိုတက်လာခဲ့တာက တခြားခရီးဖော်တွေမပါဘဲ မိမိတစ်ယောက်တည်းလဲဖြစ်၊ တောင်ပေါ်မှာလဲ ရှုခင်းကြည့်ရုံကလွဲပြီး ဘာမှလေ့လာစရာမရှိတာနဲ့ မိုးနဲမြို့ရှုခင်းတွေကို ဓာတ်ပုံရိုက်ယူပြီး တောင်ပေါ်ကနေဆင်းလာခဲ့ရတယ်။

တောင်အောက်ကိုရောက်တဲ့အခါ သစ်ပင်ကြီးတစ်ပင်အောက်က အုတ်ခုံတစ်ခုပေါ်မှာ အစီအရီထိုင်နေကြတဲ့ ခရီးဖော်ကြီးတွေက ဒေဝီ(၁၂)ပါးဂူရဲ့သမိုင်းကြောင်းကို သိခဲ့ပြီလားဆိုပြီး ဆီးကြိုမေးမြန်းကြတယ်။ မိမိက မသိခဲ့သေးကြောင်းနဲ့ ခရီးဖော်ကြီးတွေကိုလဲ သိရှိပြီးကြပြီလားလို့ ပြန်လည်မေးမြန်းတဲ့အခါ သူတို့ကလဲ မသိကြသေးကြောင်း ပြောပြကြတာကြောင့် ဖုန်းဖွင့်ပြီး အင်တာနက်ပေါ်ကနေ ရှာဖွေလိုက်ရတယ်။ ဒေဝီ(၁၂)ပါးဂူရှိတဲ့နေရာကို ရောက်ရှိနေကြပြီး ဂူရဲ့သမိုင်းကြောင်းကို အလွန်သိချင်နေကြတာပါ။ ဘယ်သူ့ကိုမှလဲ မေးမြန်းစုံစမ်းလို့ မရတော့တဲ့အတူ အင်တာနက်ကိုသာ အားကိုးကြရတော့တယ်။ ဖုန်းဖွင့်ပြီး မိုးနဲမြို့ဒေဝီ(၁၂)ပါးဂူဆိုပြီး ရိုက်လိုက်တာနဲ့ ပုံပြင်တစ်ပုဒ်လို သမိုင်းကြောင်းအရှည်ကြီး ထွက်ပေါ်နားထောင်ကြရတယ်။

အင်တာနက်ပေါ်ကနေ နားထောင်နေရတဲ့ ဒေဝီ(၁၂)ပါးရဲ့ သမိုင်းကြောင်းကအလွန်ရှည်ပါတယ်။ ဒါပေမဲ့ ဒေဝီ(၁၂)ပါးဆိုတာက မိမိတို့တွေးတောထင်မှတ်ထားသလို မိုးနဲစော်ဘွားကြီးတွေနဲ့ ဘာမှအဆက်အစပ်ရှိမနေပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ မိုးနဲမြို့မဖြစ်ပေါ်မီကတည်းက အဖြစ်အပျက်တွေပါ။ သမိုင်းကြောင်းတွေအရ မိုးနဲမြို့အမည်ဖြစ်ပေါ်လာရပုံတွေနဲ့ အနီးပတ်ဝန်းကျင်မှာရှိနေတဲ့ တောင်တွေ၊ ချောင်းတွေရဲ့ အမည်ပေါ်ပေါက်လာရပုံတွေ ပါဝင်နေပြီး နားထောင်နေရတာလဲ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ဇာတ်လမ်းပြောသူက ခေတ်လူငယ်မိုးနဲသူ၊ မိုးနဲသားတွေ မြို့သမိုင်းကိုသိရှိကြပြီး ဗဟုသုတရအောင်လို့ရည်ရွယ်ပြောဆိုနေပေမဲ့ မိမိတို့ခရီးဖော်အဖွဲ့တွေအတွက်တော့ ဗဟုသုတအများအပြား ရရှိသွားရပါတယ်။ ဒီထက်ပိုပြီး မိမိတို့မြင်ကွင်းရှေ့မှာရှိနေတဲ့ ဂူကြီးအတွင်းမှာ မိဖုရားခေါင်ဘီလူးမကြီးက မျက်စိတွေဖောက်ထုတ်ပစ်လိုက်တာကြောင့် မျက်စိကွယ်သွားကြတဲ့ မိဖုရားငယ်ဒေဝီ(၁၂)ပါး၊ မျက်လုံးတစ်လုံးသာအဖောက်ခံလိုက်ရတဲ့ အငယ်ဆုံး၊ အထွေးဆုံး မိဖုရားလေးက သားတော်နဲ့အတူ ကျန်တဲ့အစ်မ၊



ဟိုပုံးမြို့ရှိ ထမ်းစန်းဂူကို တွေ့ရစဉ်။

အဒေါ်မိဖုရားတွေကို ကျွေးမွေးပြုစုစောင့်ရှောက်ပေးနေရပုံတွေကို မြင်ယောင်လာရတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဒီဂူကြီးအတွင်းမှာ မျက်စိကွယ်နေကြတဲ့ မိဖုရားဒေဝီ(၁၂)ပါး လာရောက်နေထိုင်သွားကြပါလားဆိုတဲ့ အသိကိုလဲ သိရှိသွားကြရတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ အင်တာနက်တွေရဲ့ ကျေးဇူးကြောင့် ဒေဝီ(၁၂)ပါးဂူရဲ့ သမိုင်းကြောင်းတွေကို သိပြီးကြတဲ့နောက်မှာ ရှေ့ခရီးကိုဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ အခုခရီးက မိုးနဲမြို့ကစတင်ပြီး ပြင်ဦးလွင်ထိ အပြန်ခရီးဖြစ်သွားပါပြီ။ ဒါပေမဲ့ လမ်းတစ်လျှောက်မှာ ဝင်စရာရှိတဲ့နေရာတွေကိုဝင်၊ လေ့လာစရာရှိတာတွေကို လေ့လာကြရပါအုံးမယ်။ ပထမဦးဆုံးအနေနဲ့ အလာခရီးတုန်းက ဖြတ်သန်းပြီးသာလာခဲ့ရပြီး ဝင်ရောက်လေ့လာလည်ပတ်ခြင်းမပြုရသေးတဲ့ နမ့်စန်မြို့ကို ဝင်ရောက်ကြပါမယ်။ ဒါကြောင့် မိုးနဲမြို့ ဒေဝီ(၁၂)ပါးဂူကနေ စတင်ထွက်ခွာလာပြီး နမ့်စန်မြို့ရှိရာကို ဦးတည်မောင်းနှင်လာခဲ့တယ်။ အချိန်က မနက် ၉ နာရီကျော်နေပါပြီ။ မိုးနဲမြို့မှာ ကျန်ရစ်ခဲ့ပြီဖြစ်တဲ့ မောင်ခိုင်၊ မောင်နိုင်ရွှေဘုန်းပွင့်ဘုရား၊ ရွှေသာလျောင်းဘုရားတို့က လမ်းဘေးမှာဖြစ်နေတာကြောင့် သွားရင်းလာရင်း၊ အမှတ်တရမှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြရင်းနဲ့ မြန်မြန်ဆန်ဆန် ဖူးမြော်လေ့လာခဲ့ကြရတယ်။

ညကတည်းက တဖွဲဖွဲတစိမ့်စိမ့်ရွာနေတဲ့မိုးက မနက်မိုးလင်းအိပ်ရာထကြတဲ့အချိန်ထိ အဆက်မပြတ်ရွာနေပေမဲ့ ဟိုတယ်ကနေစတင်ထွက်ခွာလာပြီး မိုးနဲဟော်ကို သွားရောက်လေ့လာကြတဲ့အခါမှာ တိတ်သွားခဲ့ပါပြီ။ မိုးနဲမြို့တွင်း၊ မြို့ပြင်နေရာတွေကို သွားရောက်လေ့လာကြတဲ့အချိန်မှာလဲ ရာသီဥတုက ကြည်ကြည်လင်လင် သာသာယာယာဖြစ်နေလို့ မိမိတို့ခရီးဖော်အဖွဲ့တွေ သွားချင်တဲ့နေရာအားလုံးကို ရောက်ရှိခဲ့ကြရပြီး ကံကောင်းသွားကြတယ်။ အခုလဲ ရာသီဥတု ကြည်ကြည်လင်လင် သာသာယာယာနဲ့ ရှေ့ခရီးကိုဆက်နိုင်ခဲ့ကြပါပြီ။ မိုးနဲ-နမ့်စန်လမ်းရဲ့ အခြေအနေက ဖြောင့်ဖြောင့်ဖြူးဖြူး၊ ရှင်းရှင်းလင်းလင်းပါ။ ဒါကြောင့်လဲ အေးအေးဆေးဆေး၊ သက်သက်သာသာမောင်းနှင်လာခဲ့ရတယ်။ မိုးနဲမြို့ကို မရောက်မီ ကျေးရွာလေးတွေကစပြီး မြင်တွေ့နေခဲ့ရတဲ့ မိုးနဲမြို့ရဲ့အမှတ်သင်္ကေတ ကြက်သွန်ဖြူဥကြီးတွေကလဲ တစ်လုံးပြီးတစ်လုံး နောက်မှာကျန်ရစ်နေခဲ့ကြပါပြီ။

မိုးနဲမြို့နဲ့ နမ့်စန်မြို့က ၂၃ မိုင် ၄ ဖာလုံသာ ဝေးကွာနေပြီး မောင်းဖူးပြီးသား လမ်းဖြစ်နေတာကြောင့် မကြာခင်မှာ နမ့်စန်မြို့ကို ရောက်လာခဲ့ကြတယ်။ နေ့ရက်အချိန်က သင်္ကြန်အကြတ်နေ့ မနက် ၁၀ နာရီဖြစ်နေတာကြောင့်လဲ နမ့်စန်မြို့ကိုဝင်ရောက်လာကတည်းက ရေပက်ခံကြရတော့တယ်။ မောက်မယ်မြို့ကို မရောက်ခင်ဖြစ်ပွားခဲ့ရတဲ့ ကားရဲ့အခြေအနေက ဂီယာထိုးရင်ရှေ့မှာရှိနေတဲ့ ခလုတ်အနီလေးကိုနှိပ်ပြီး ထိုးနေရသလို ကားမှန်အတင်အချတွေလဲ လုပ်လို့မရသေးတာမို့ ရေပက်ခံခဲ့ရတဲ့အကြိမ်တိုင်းမှာ ရွှဲရွှဲစိုကြရတော့တယ်။ မောက်မယ်မြို့မှာတုန်းက မိုးတွေသည်းသည်းထန်ထန် ရွာသွန်းတာကြောင့် စိုရွှဲခဲ့ရပြီး အခုတစ်ခါသင်္ကြန်ရေတွေကြောင့် စိုရွှဲကြရပြန်ပါတယ်။ မိုးနဲမြို့မှာ တစ်ညအိပ်ရပ်နားတည်းခိုနေစဉ်တုန်းက ကားကိုဝပ်ရှော့တစ်ခုခုမှာပြသပြီး ပြင်ဆင်မယ်လို့ စိတ်ကူးထားခဲ့ပေမဲ့ အချိန်မရတာရယ်၊ သင်္ကြန်တွင်း ဆိုင်တွေပိတ်နေကြတာရယ်ကြောင့် ပြသပြင်ဆင်လို့မရခဲ့ပါဘူး။ အပြန်ခရီးတွင် ပြင်ဆင်လို့ရနိုင်မဲ့ နေရာတစ်ခုခု၊ ဆိုင်တစ်ခုခုမှာ ပြသပြင်ဆင်လိုက်ပါအုံးမယ်။

နမ့်စန်မြို့ထဲကိုရောက်တော့ ခရီးဖော်အားလုံးက ဈေးကိုသွားကြရအောင်၊ အိမ်အပြန်လက်ဆောင်တွေ တွေ့ရင် ဝယ်ယူကြရအောင်ဆိုတာနဲ့ ဈေးရှိရာကို မောင်းနှင်လာခဲ့ရတယ်။ နမ့်စန်ဈေးက လမ်းမကြီးပေါ်မှာမဟုတ်ဘဲ အတွင်းဘက်လမ်းကြားထဲမှာပါ။ ဈေးကိုရောက်တော့လဲ အတွင်းဆိုင်တွေမဖွင့်ဘဲ၊ ဈေးအပြင်ဘက် ဆိုင်တန်းတွေသာ ဖွင့်လှစ်ရောင်းချနေကြပြီး စည်စည်ကားကားမရှိလှပါဘူး။ ဒါကြောင့် ရောက်ဖူးတယ်ရှိအောင် လှည့်ပတ်လေ့လာ ကြည့်ရှုရုံသာ လုပ်ကြရတော့တယ်။ နမ့်စန်မှာထူးထူးခြားခြား ထွက်ကုန်တွေမရှိဘဲ မိမိတို့ပြင်ဦးလွင်ဒေသနဲ့ ထွက်ကုန်တွေတူညီနေလို့လဲ လက်ဆောင်အဖြစ်ဝယ်စရာဘာမှရှိမနေပါဘူး။ ဈေးဟိုဘက်ထိပ်၊ ဒီဘက်ထိပ် လမ်းလျှောက်ကြည့်ရှုကြပြီးတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

အပြန်ခရီးစဉ်မှာ နောက်ထပ်ဆက်လက်ရောက်ရှိမဲ့မြို့က လွိုင်လင်မြို့ပါ။ ခရီးဖော်တချို့က လွိုင်လင်-ပင်လုံ- နမ့်လန်- သီပေါလမ်းကနေ ပြင်ဦးလွင်ကို ပြန်လို့ရနေတယ်။ အလာခရီးတုန်းကလဲ အခွင့်အခါသာရင် ဒီလမ်းကနေပြန်ကြမယ်လို့ စဉ်းစားထားကြပေမဲ့ အခြေအနေအရပ်ရပ်တွေနဲ့ ဟိုပုံးမြို့ထဲက ထမ်းစန်းဂူ၊ တောင်ကြီးမြို့တွေကို ဝင်ရောက်လေ့လာလည်ပတ်ချင်ကြသေးတာကြောင့် အလာခရီးအတိုင်း လွိုင်လင်-တောင်ကြီးလမ်းကနေ မောင်းနှင်လာခဲ့ရတယ်။ နမ့်စန်-လွိုင်လင်-ဟိုပုံး-တောင်ကြီးလမ်းက အေးအေးဆေးဆေး သာသာယာယာပါ။ အခက်အခဲဖြစ်တာတစ်ခုအနေနဲ့ နေ့လယ်စာစားသောက်ကြဖို့အတွက် ကောင်းမွန်တဲ့ စိတ်ကြိုက်ဆိုင် ရှာမတွေ့တာရယ်၊ တောင်ဆင်းတောင်တက်လမ်း နေရာတချို့မှာ တောင်ပြို၊ မြေပြိုနေတာကြောင့် ကားကို သတိထားဂရုစိုက်မောင်းနှင်နေရတာမျိုး လောက်သာရှိနေခဲ့ပါတယ်။ ဒါကြောင့် နေ့လယ်စာထမင်းကို ထမ်းစန်းဂူရောက်ခါနီးမှာ စားကြရတော့တယ်။ ဆိုင်ကလမ်းဘေးခြံကျယ်ကျယ်၊ မြေကျယ်ကျယ်မှာ အဆင့်မြင့်မြင့်ရောင်းချနေတဲ့ စားသောက်ဆိုင်ကြီးပါ။ မြန်မာ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ စတဲ့ စားသောက်စရာတွေ စုံစုံလင်လင်ရရှိနေတယ်။ မိမိတို့က စားလို့၊ သောက်လို့လဲကောင်း၊ မြန်လဲမြန်နိုင်တဲ့ တရုတ်ဟင်းလျာတွေကိုသာ မှာယူလိုက်ကြတယ်။

ထမင်းစားသောက်ပြီးကြတာနဲ့ မကြာခင်မှာ ရောက်ရှိလာတဲ့ ထမ်းစန်းဂူကိုဝင်ရောက်လေ့လာကြတယ်။ သင်္ကြန်ရက်ကာလဖြစ်နေတာကြောင့် ဂူတွင်း၊ ဂူပြင်၊ ဂူပတ်ဝန်းကျင်မှာ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားနေတယ်။ ထမ်းစန်းဂူက ဟိုပုံးမြို့နယ်အတွင်းမှာတည်ရှိနေပြီး တောင်ကြီးမြို့နဲ့ ၂၆ မိုင်ကွာဝေးပါတယ်။ လွိုင်လင်-တောင်ကြီး ကားလမ်းဘေးမှာတည်ရှိနေတယ်။ လိုဏ်ဂူအဝအမြင့်ပေ ၅၀ ရှိနေတဲ့ သဘာဝထုံးကျောက်ဂူကြီးပါ။ အခုချိန်ထိ လိုဏ်ဂူတော်ရဲ့အရှည်ကို အတိအကျမသိရသေးပါဘူး။ ဒါပေမဲ့ ပေ၆၀၀၀ ခန့်ထိ ဝင်ရောက်တိုင်းတာထားပြီးကြောင်းကိုတော့ သိရတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေက ဂူရှေ့အနီးမှာ ကားရပ်ထားခဲ့ပြီးတာနဲ့ ဂူအတွင်းကိုဝင်ရောက်လာခဲ့ကြတယ်။ ဂူထဲမှာဖူးမြော်စရာ ဘုရား၊ စေတီတွေနဲ့ လေ့လာကြည့်ရှုစရာတွေ အများအပြားပါ။ ရှိသမျှဘုရား၊ စေတီတွေကို တစ်ဆူချင်းဖူး၊ လေ့လာစရာရှိတာတွေကို တစ်ခုချင်းလေ့လာကြည့်ရှုနေကြမယ်ဆိုရင် တစ်နေကုန်သွားတဲ့ထိ ပြီးစီးမှာမဟုတ်ပါဘူး။ ဒါကြောင့် လိုအပ်သလောက်ကိုသာ ဖူးမြော်လေ့လာနေကြရတယ်။ ဂူကမြင့်လဲမြင့်၊ ကျယ်လဲကျယ်၊ ရှည်လဲရှည်လျားနေလို့ ဂူအတွင်းမှာ ချောင်ချောင်ချိချိ လွတ်လွတ်လပ်လပ် သွားလာခွင့်ရနေကြတယ်။ ဂူထဲမှာ အချိန်အနည်းငယ်ယူ၊ လေ့လာပြီးကြတာနဲ့ ဂူအရှေ့လမ်းတစ်ဖက်မှာရှိနေတဲ့ ဈေးဆိုင်တန်းတွေနဲ့ ထမင်းစားဆောင်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ထမင်းစားဆောင်၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်နဲ့ ဒေသထွက်ကုန်အရောင်းဆိုင်၊ တိုဟူးသုပ်နဲ့တိုဟူးကြော်ဆိုင် စတဲ့နေရာအားလုံးမှာ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားနေတာကို တွေ့မြင်နေရတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေထဲမှာ တစ်ဝက်ကျော်လောက်က ထမ်းစန်းဂူကိုမရောက်ဖူးကြသေးလို့ ဂူအတွင်းမှာ လေ့လာကြည့်ရှုခဲ့ကြတဲ့အပြင် ဂူအပြင်နေရာတွေမှာလဲ ဆက်လက်လေ့လာကြရအုံးမှာပါ။ ခရီးဖော်တွေအားလုံး နေ့စဉ်ရက်ဆက် သွားလာလှုပ်ရှား လေ့လာလည်ပတ်ပြီး ခရီးတွေပင်ပန်းနေကြပေမဲ့ အခုထမ်းစန်းဂူကို ရောက်ရှိလာတဲ့အခါ ရွှင်ရွှင်လန်းလန်း ပျော်ပျော်ပါးပါး ကျန်းကျန်းမာမာ ရှိနေကြပါသေးတယ်။ ဆက်လက်ပြီး ဈေးဆိုင်တန်းတွေမှာ လေ့လာလိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၂၁ ကေစိုက်ပျိုးရန်လျာထားပြီး မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၀၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ကေ ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲတီစိမ်းစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှမ်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၆၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ငွေကျပ် ၆၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

စာအုပ်စာပေ လူ့မိတ်ဆွေ

# သန္တာကျောက်တန်းများကို မပျက်စီးအောင်ထိန်းသိမ်းကာကွယ်ပေးသော ကြက်တူရွေးငါး

ကြက်တူရွေးငါးဟာ မျိုးစိတ် ၉၅ မျိုးလောက်ရှိတဲ့မျိုးစုကြီးဖြစ်ပြီး အပူပိုင်းဒေသရဲ့သန္တာကျောက်တန်းတွေမှာ ကျက်စားတတ်ကြပါတယ်။ ကြက်တူရွေးငါးတွေရဲ့ပါးစပ်ဟာ ကြက်တူရွေးနှုတ်သီးနဲ့တူနေလို့ ကြက်တူရွေးငါးဆိုပြီး အမည်တွင်နေတာဖြစ်ပါတယ်။ ဒ့ါပြင် ကြက်တူရွေးငါးကို အရောင်အမျိုးမျိုးနဲ့တွေ့ရတယ်။ ကြက်တူရွေးငါးတွေဟာ မျိုးရင်း Scaridae မှာပါဝင်ပြီး ပင်လယ်ငါးမျိုးစိတ်ဖြစ်ပါတယ်။ ကြက်တူရွေးငါးရဲ့ သိပ္ပံအမည်က Scarus ghobban ဖြစ်ပြီး အင်္ဂလိပ်လို Yellow scale Parrotfish လို့ အမည်တွင်ပါတယ်။

**တွေ့ရှိသည့်ဒေသ**

ကြက်တူရွေးငါးတွေကို အရှေ့အာဖရိက ကနေ အင်ဒိုနီးရှားထိ လူသိများတဲ့ အင်ဒို-ပစိဖိတ်ဒေသတစ်လျှောက်မှာ အများဆုံးတွေ့ရလေ့ရှိပါတယ်။ Galapagos ကျွန်းနဲ့ ဂျပန်၊ ဩစတြေးလျ တောင်ဘက်နဲ့ အရှေ့ဘက်၊ ပြင်သစ်နိုင်ငံ ပိုလီနီးရှားဒေသတွေမှာလဲတွေ့ရှိရပါတယ်။ ကြက်တူရွေးငါးတွေဟာ စူးအက်တူးမြောင်းကို ဖြတ်ကျော်ပြီးနောက် အစ္စရေးကမ်းလွန်မြေထဲပင်လယ်မှာ ပထမဆုံးအကြိမ်အနေနဲ့ ၂၀၀၁ ခုနှစ်မှာ တွေ့ရတယ်လို့ မှတ်တမ်းတွေအရ သိရပါတယ်။

**အရောင်နှင့် အထီး၊ အမ**

ကြက်တူရွေးငါးတွေဟာ သက်တမ်းတစ်လျှောက် အထီးကနေ အမ၊ အမကနေ အထီး အမျိုးမျိုးပြောင်းလဲနေသလို အရောင်တွေ၊ အကွက်ဆန်းတွေကလဲ ပြောင်းလဲနေပါတယ်။ ပြောင်းလဲမှုများလို့လဲ အမျိုးအစားခွဲဖို့ ခက်ခဲပါတယ်။ မျိုးစိတ်အများစုဟာ ဥမှပေါက်ခါစအဆင့်မှာ အနီရောင်၊ အညိုရောင်၊ မီးခိုးရောင်ဖြစ်ပြီး အရွယ်ရောက်စအဆင့်မှာ အစိမ်းရောင်၊ အပြာရောင်ဖြစ်ကာ တောက်ပတဲ့ ပန်းရောင်၊ လိမ္မော်ရောင်၊ အဝါရောင်အကွက်တွေပါရှိပါတယ်။ မြေထဲပင်လယ်ကြက်တူရွေးငါးတွေမှာ အရွယ်ရောက်ပြီးတဲ့ ငါးအမတွေဟာ တောက်ပတဲ့ပန်းရောင်ရှိကာ အရွယ်ရောက်ပြီး ငါးအထီးဟာ မီးခိုးရောင်ရှိပါတယ်။ မျိုးစိတ်အများစုဟာ အရောင်တူညီလေ့မရှိဘဲ အရွယ်မရောက်သေးမီ အရောင်နှင့် အရွယ်ရောက်ပြီး အရောင်မတူညီကြပေ။ အချို့သော အပူပိုင်းမျိုးစိတ်တွေဟာ အရွယ်မရောက်မီ အခြားမျိုးစိတ်တွေကိုတုပရန် ၎င်းတို့ရဲ့ အရောင်ကို ယာယီပြောင်းလဲနိုင်ပါတယ်။

**အစာစားသည့် အလေ့အထ**

ကြက်တူရွေးငါးဟာ သန္တာကျောက်တန်းတွေမှာရှိတဲ့ သန္တာကောင်၊ ရေမှော်တွေကို စားပါတယ်။ မခြေဖျက်နိုင်တဲ့ သန္တာကျောက်တွေကို ပြန်လည်စွန့်ထုတ်ပါတယ်။ ကြက်တူရွေးငါးနေထိုင်တဲ့တစ်ဝိုက်မှာ စိစိညက်ညက်ကြေနေတဲ့ သန္တာမှုန့်တွေကို တွေ့ရပါတယ်။

**အရွယ်အစား**

ကြက်တူရွေးငါးမျိုးစိတ်အများစုဟာ အရှည် ၁၂ လက်မကနေ လက်မ ၂၀ ထိ ရှိကြပါတယ်။ ဒါပေမဲ့ အချို့မျိုးစိတ်အနည်းငယ်ဟာ သုံးပေ သုံးလက်မထက် ပိုရှည်ပြီး အစိမ်းရောင်ကြက်တူရွေးငါးဟာ လေးပေ သုံးလက်မလောက်ထိ ရှိနိုင်ပါတယ်။ အသေးဆုံးမျိုးစိတ်တွေရဲ့ အကြီးဆုံးအရွယ်အစားဟာ ၅ ဒသမ ၁ လက်မ ရှိပါတယ်။

**သားပေါက်ခြင်း**

ကြက်တူရွေးငါးအမတွေဟာ ရေစီးကြောင်းထဲ ဥတွေချကြပါတယ်။ ဥတွေဟာ အကောင်ပေါက်တဲ့ထိ ရေစီးကြောင်းထဲမှာ လွတ်လွတ်လပ်လပ်လွင့်မျောနေပါတယ်။ သားပေါက်လေးတွေဟာ လျင်မြန်စွာကြီးထွားလာကြပြီး ၎င်းတို့ရဲ့ မိဘအနီးမှာ အချိန်အကြာကြီးမနေပါ။

**ကြက်တူရွေးငါးစားဖွယ်စုံ**

ကြက်တူရွေးငါးကို ကမ္ဘာပေါ်က နေရာတော်တော်များများမှာ စားကောင်းသောက်ဖွယ်တွေအနေနဲ့ စားသုံးကြပါတယ်။ ပြင်သစ်နိုင်ငံမှာရှိတဲ့ ပိုလီနီးရှားဒေသမှာဆိုရင် ဘုရင်တွေအတွက် အစားအစာအဖြစ် တည်ခင်းကြပါတယ်။

**သဲထုတ်လုပ်ပေးသော ကြက်တူရွေးငါး**

ကမ္ဘာတစ်ဝန်းက အပူပိုင်းရေပြင်မှာ ကျက်စားကြတဲ့ ကြက်တူရွေးငါးတွေဟာ သန္တာကျောက်



ကြက်တူရွေးငါးကို တွေ့ရစဉ်။

ခက်တွေကို ညက်ညက်ကြေအောင် ဝါးမျိုပြီး အဲဒီထဲက အစာအပိုင်းအစတွေ ထုတ်ယူပြီးနောက် ကျန်တာတွေကို သဲအဖြစ် စွန့်ထုတ်လိုက်တယ်။ အဲဒီလိုလုပ်ဖို့ ငှက်နှုတ်သီးနဲ့တူတဲ့ မေးရိုးကြီးတွေနဲ့ ကြွံခိုင်တဲ့နောက်သွားတွေကို အသုံးပြုတယ်။ အချို့မျိုးစိတ်တွေဟာ နှစ်ပေါင်း ၂၀ လောက်ထိ အသက်ရှင်ကြပြီး သွားတွေမပျက်စီးပါဘူး။ အချို့နေရာတွေမှာ ကြက်တူရွေးငါးက သန္တာကျောက်ခက်တွေကို တစ်ချိန်လုံးဝါးပြီး သဲဖြစ်စေပါတယ်။ သာမန်ကြက်တူရွေးငါးတစ်ကောင်ဟာ တစ်နှစ်ကို သဲကီလိုဂရမ် ရာနဲ့ချီထွက်စေတယ်လို့ သုတေသီတချို့က ခန့်မှန်းကြပါတယ်။ ကြက်တူရွေးငါးက နောက်ထပ်အရေးကြီးတဲ့ အလုပ်တစ်ခုကိုလဲ လုပ်ပေးပါတယ်။ ရေညှိစွဲနေတဲ့ သန္တာကျောက်ခက်တွေနဲ့ ရေမှော်ပင်တွေကို သန့်ရှင်းစေပါတယ်။ အဲဒါကြောင့်လဲ သန္တာကျောက်တန်းတွေဟာ လှပနေတာဖြစ်ပါတယ်။ ကြက်တူရွေးငါးနဲ့ အပင်တွေ၊ အရွက်တွေစားတဲ့ အခြားသတ္တဝါတွေ မရှိတဲ့နေရာမှာ သန္တာကျောက်တန်းတွေဟာ ခဏလေးနဲ့ ရေညှိ၊ ရေမှော်ဖုံးလွှမ်းသွားတတ်တယ်။ နေ့အချိန်မှာ အဲဒီလိုလုပ်နိုင်ဖို့ ကြက်တူရွေးငါးတွေဟာ ညမှာ ကောင်းကောင်း အနားယူကြတယ်။ ညအခါ သန္တာကျောက်တန်းတစ်ဝိုက်မှာ အစာရှာတဲ့ ငါးရှဥ့်ကဲ့သို့ ရေသတ္တဝါတွေများလွန်းလို့ အဲဒီမှာ အန္တရာယ်ရှိတယ်။ ကြက်တူရွေးငါးဟာ ငါးမန်းရန်ကနေ လွတ်ဖို့ ကျောက်တန်းအောက်ကလိုင်ထဲမှာပုန်းပြီး အိပ်လေ့ရှိတယ်။ ဒ့ါပြင် သူတို့ကိုယ်ကို အနံ့ဆိုးတဲ့အချွဲရည်တွေနဲ့ရစ်ပတ်ပြီး အကာအကွယ်ယူကြတယ်။ ဒါကြောင့် အစာရှာတဲ့ ရေသတ္တဝါတွေရဲ့ရန်ကနေ အကာအကွယ်ရတယ်လို့ အဏ္ဏဝါဗေဒပညာရှင်တွေက ယူဆကြတယ်။ ကြက်တူရွေးငါးဟာ သန္တာကျောက်တန်းနေ ငါးတွေထဲမှာ သိသာထင်ရှားပြီး အလှဆုံးဖြစ်တယ်။ ကြက်တူရွေးငါး အထီး၊ အမတွေဟာ ကြီးလာရင် အရောင်ပြောင်းသွားတယ်။ ငါးသိပ်မဖမ်းတဲ့နေရာတွေမှာ ကြက်တူရွေးငါးတွေဟာ ပိုပြီးယဉ်ပါးကြတယ်။ ဒါကြောင့် ရေအောက်လေ့လာသူတွေအနေနဲ့ ကြက်တူရွေးငါးတွေရဲ့ လှုပ်ရှားမှုကို အနီးကပ်ကြည့်လို့ရတယ်။ ကြက်တူရွေးငါးတွေရဲ့အနားသွားပြီး သန္တာကျောက်တွေကို တကြွပ်ကြွပ်ဝါးနေပုံတွေ၊ အသံတွေကို လေ့လာသူတွေက ကြည့်ရ၊ ကြားရပါတယ်။ ကြက်တူရွေးငါးတွေ လူးလာကူးခပ်တာက သန္တာကျောက်တန်းပတ်ဝန်းကျင်ကို သန့်ရှင်းစေပါတယ်။

**သန္တာကျောက်တန်းအတွက် အကျိုးပြု**

အရောင်အသွေးစုံတဲ့ ကြက်တူရွေးငါးဟာ သန္တာကျောက်တန်းတွေကြားမှာ မကြာမကြာဆိုသလို ကျင်လည်ကျက်စားတာကို တွေ့ရတတ်ပါတယ်။ ကြက်တူရွေးငါးနှုတ်သီးမှာ ထူးဆန်းတဲ့ သွားပြားကြီးကြီးတွေ ရှိပါတယ်။ အဲဒီသွားပြားကြီးကြီးတွေနဲ့ပဲ သန္တာခင်းတွေဆီလှည့်ပတ်ပြီး သန္တာကောင်အသေတွေကို ကိုက်ခြစ်ပြီး နူးညံ့တဲ့ သဲမှုန်လေးတွေ လုပ်ပေးတယ်။ အဲဒီကြက်တူရွေးငါးတွေဟာ တစ်နှစ်ကို သဲကီလိုဂရမ် ၉၀ လောက်ထိ ထုတ်လုပ်ပေးနိုင်တယ်လို့သိရတယ်။ ဒ့ါပြင် နောက်ထပ်အရေးကြီးတဲ့ တာဝန်တစ်ခုလဲလုပ်ပေးပါသေးတယ်။ အဲဒါကတော့ အခြားသောအကြောင်းအမျိုးမျိုးတွေကြောင့် သန္တာကျောက်တန်းတွေ သေဆုံးသွားကြတဲ့အခါ သန္တာကျောက်တန်းတွေအပေါ်ကို စုပုံဖုံးလွှမ်းလာတတ်ကြတဲ့ ရေညှိတွေကို စားပေးတာပါပဲ။ အဲဒီလိုစားပေးနိုင်တဲ့ ငါးမျိုးတွေမရှိရင် ရေညှိတွေဟာ နောက်ထပ်သန္တာကောင်လေးတွေ ထပ်ပေါက်နိုင်ခြေရှိတဲ့ ဧရိယာတစ်ခုလုံးကိုပါဖုံးလွှမ်းပြီး သန္တာကျောက်တန်းတွေပျက်စီးစေပါတယ်။ သေသွားတဲ့ သန္တာကောင်အဟောင်းတွေနေရာဆီမှာ သားလောင်းအသစ်လေးတွေလဲ အစားထိုးဖို့ မဖြစ်တော့ပါဘူး။

**အိပ်စက်ခြင်း အလေ့အထ**

ကြက်တူရွေးငါးတွေဟာ ညအိပ်ရင်း အင်းဆက်တွေ၊ သွေးစုပ်တတ်တဲ့သတ္တဝါတွေ အကိုက်မခံရအောင် ညဘက်အိပ်ရင် သူတို့ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းခြုံဖုံးလွှမ်းနိုင်ဖို့အတွက် သူ့ပါးဟက်မှာရှိတဲ့ ဂလင်းထဲကနေ အကျိအချွဲတစ်မျိုးကို စစ်ထုတ်ပြီး ပူဖောင်းအကြီးကြီးတစ်ခုကို မှုတ်ထုတ်ဖန်တီးလေ့ရှိကြတယ်။ အကျိအချွဲနဲ့ ပြုလုပ်ထားတဲ့ အဲဒီပူဖောင်းကြီးကိုလဲ မအိပ်ခင် တစ်နာရီလောက်ပြင်ဆင်ယူပြီးမှ အိပ်စက်လေ့ရှိကြတယ်။

**ကြက်တူရွေးငါး၏ ဂေဟစနစ်တွင်အရေးပါမှု**

ကြက်တူရွေးငါးတွေဟာ ကမ်းရိုးတန်းရှိသန္တာကျောက်တန်းတွေသန့်ရှင်းရေးကို ပုံမှန်လုပ်ဆောင်ပေးတဲ့ ထောင်ပေါင်းများစွာသော ငါးမျိုးစိတ်များထဲမှ တစ်ခုဖြစ်ပါတယ်။ ကမ်းခြေမှာရှိနေတဲ့ သဲနုနုလေးတွေဖြစ်လာအောင်လဲ ကြက်တူရွေးငါးက လုပ်ဆောင်ပေးပါတယ်။ ဒါက ကြက်တူရွေးငါးတွေရဲ့ အဏ္ဏဝါဂေဟဗေဒအပိုင်းမှာ အရေးပါတဲ့ လုပ်ဆောင်ချက်တွေပဲဖြစ်ပါတယ်။

**ထိန်းသိမ်းကာကွယ်သင့်**

ကြက်တူရွေးငါးတွေကို ထိန်းသိမ်းစောင့်ရှောက်တာဟာ အဲဒီငါးတွေရှင်သန်မှုအတွက်သာမကပဲ ကမ်းခြေမှာရှိတဲ့သန္တာကျောက်တန်းတွေရဲ့ ရေရှည်တည်တံ့မှုအတွက်ပါ မရှိမဖြစ်လိုအပ်နေပါတယ်။ သန္တာကျောက်တန်းတွေဟာ ကမ်းရိုးတန်းကို ရေတိုက်စားမှုကနေ ကာကွယ်ပေးထားတဲ့ သဘာဝအတားအဆီးတစ်ခုဖြစ်ပြီး ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်တာဟာ ကမ်းရိုးတန်းဒေသနဲ့ ၎င်းအပေါ်မှီခိုနေရတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ အသက်မွေးဝမ်းကျောင်းကို ကာကွယ်ခြင်းဖြစ်တဲ့အတွက် အရေးယူထိန်းသိမ်းရမဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားသယံဇာတတစ်ရပ်ဖြစ်ပါတယ်။

**အချုပ်အနေနဲ့ဆိုရရင်**

သန္တာကျောက်တန်းတွေကြားမှာ နေထိုင်တဲ့ ကြက်တူရွေးငါးဟာ သန္တာကျောက်တန်းတွေရဲ့ ဖွံ့ဖြိုးတိုးပွားမှုနဲ့ သက်တမ်းရှည်ကြာအောင်ထိန်းသိမ်းရာမှာအရေးပါတဲ့ သက်ရှိမျိုးစိတ်တစ်ခုဖြစ်တဲ့အပြင် သန္တာကျောက်တန်းတွေကို လွှမ်းမိုးကြီးထွားသွားနိုင်တဲ့ ရေညှိတွေကိုစားသုံးတာကြောင့် သန္တာကျောက်တန်းရပ်ဝန်းနဲ့ ဂေဟစနစ်ကိုကာကွယ်ပြီး သားဖြစ်သလို သန္တာကျောက်တွေကိုလဲ လွတ်လပ်စွာရှင်သန်ကြီးထွားစေဖို့ အပြန်အလှန်ထောက်ပံ့ကူညီနေတဲ့ ငါးမျိုးစိတ်တစ်မျိုးဖြစ်ပါကြောင်း မျှဝေပေးလိုက်ရပါတယ်။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၁)
(၂) ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊အမှတ်(၃)
(၃) Fish Base of Myanmar
(၄) Inland Fisheries of Myanmar

**နှင်းအိ(ရာမည‌မြေ)**

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

M L

# စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲကအသင်းလိုက်ကစားပုံကောင်းနေတဲ့ စပိန်အမျိုးသမီးအသင်းနဲ့ ချီလီအမျိုးသမီးအသင်းတို့ကို အားပေးရမှာပါ



စနေနေ့ညမှာတော့ အမျိုးသမီးယူရို ၂၀၂၅ ခုနှစ် ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တွေနဲ့ တောင်အမေရိကဇုန်က ၂၀၂၅ ခုနှစ် အမေရိကဖလား အမျိုးသမီးပွဲစဉ်တွေရှိနေတာကြောင့် အကြိတ်အနယ်ရှိအုံးမှာဖြစ်ပါတယ်။ အမျိုးသမီးပြိုင်ပွဲတွေဟာ အမျိုးသားပြိုင်ပွဲတွေထက် ပြိုင်ဆိုင်မှုပိုမို ပြင်းထန်တာကြောင့် နောက်ပိုင်းမှာ ပရိသတ်စိတ်ဝင်စားမှုမြင့်တက်လာ တာကိုတွေ့ရမှာပါ။ လက်ရှိအမျိုးသမီးယူရို ၂၀၂၅ခုနှစ် ပြိုင်ပွဲမှာတော့ ပရိသတ်တွေမျှော်လင့်ထားတဲ့ ဆွီဒင်နဲ့အင်္ဂလန်၊ နော်ဝေနဲ့အီတလီ၊ ပြင်သစ်နဲ့ဂျာမနီ၊ စပိန်နဲ့ဆွစ်ဇာလန်အသင်းတို့ ကွာတားဖိုင်နယ်မှာ ထိပ်တိုက်တွေဆုံခဲ့ပြီး အဲ့ဒီထဲမှာ စပိန်၊ ဂျာမနီ၊ အင်္ဂလန်၊ နော်ဝေတို့ ဖိုလ်စွဲဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ အမျိုးသမီးကိုပါ အမေရိကဖလားပြိုင်ပွဲမှာ တော့ ကလပ်အသင်း ၁၀ သင်းကို အုပ်စုနှစ်ခုနဲ့ကျင်းပနေတာဖြစ်ပြီး ဘရာဇီးအမျိုးသမီးအသင်းက ပြီးခဲ့တဲ့ ကိုးကြိမ်မှာ ရှစ်ကြိမ်ထိ ချန်ပီယံဆု ဖလားရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိအချိန်မှာလဲ ဘရာဇီးအသင်း၊ ပါရာဂွေးအသင်း၊ ချီလီအသင်း၊ အီကွေဒေါအသင်း၊ အာဂျင်တီးနား အသင်းတို့က နောက်တစ်ဆင့်တက်ရောက်ဖို့များနေပြီး ဘရာဇီးအသင်းပဲ ဖိုလ်စွဲဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ အမျိုးသမီးပွဲစဉ်တွေဟာ ကစားသမားစုဖွဲ့မှုထက် နည်းပြရဲ့နည်းစနစ်ပိုင်းနဲ့ အသင်းလိုက်စုဖွဲ့မှု အားပိုကောင်းတဲ့ အသင်းတွေကသာ ရလဒ်ကောင်းတွေရတာကြောင့် လာမဲ့စနေနေ့ညမှာလဲ အသင်းလိုက်ကစားပုံကောင်းနေတဲ့ အမျိုးသမီး ယူရိုပြိုင်ပွဲက စပိန်အသင်းနဲ့ အမျိုးသမီးကိုပါ အမေရိကဖလားပြိုင်ပွဲက ချီလီအသင်းတို့ကိုသာ အားပေးသွားရမှာဖြစ်ပါတယ်။

## စပိန်အမျိုးသမီးအသင်းရလဒ်ကောင်းမှာပါ

အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်မှာ အကြိုက်တွေ့ မိတာကတော့ စပိန်အမျိုးသမီးအသင်းနဲ့ ဆွစ်ဇာလန်အမျိုးသမီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စပိန်အမျိုးသမီးအသင်းဟာ ကမ္ဘာ့အဆင့်နှစ်မှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပြီး လက်ရှိမှာလဲ ခြေစွမ်းပြကစားသမားတွေ ဖြစ်တဲ့ မာရီအိုနာ၊ ဗစ်ကီလိုပက်ဇ်၊ ကက်စတယ်လို၊ ပူတဲလက်စ်၊ ဘွန်မာ တီတို့နဲ့စုဖွဲ့ထားတာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲကိုတော့ အုပ်စု (B) မှာ အီတလီ၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီတို့နဲ့ ကစားခဲ့ရတာကြောင့် ပွဲစဉ်ချောင်ခဲ့ သလို ပြိုင်ဘက်တိုင်းကိုလည်း ဂိုးပြတ်နိုင်ပွဲရယူခဲ့တာဖြစ်ပါတယ်။ အဖွင့် ပွဲစဉ်မှာသူတို့အသင်းဟာ ပေါ်တူဂီအသင်းနဲ့ ကစားရတာကြောင့် ပြိုင်ဘက်ကို ထိန်းချုပ်ကစားပြီး ငါးဂိုးပြတ်နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပွဲစဉ်မှာလဲ ဘယ်လ်ဂျီယံအသင်းနဲ့ ပထမပိုင်းမှာ အပြန်အလှန် သွင်းဂိုးတွေနဲ့ အကြိတ်အနယ်ရှိခဲ့ပေမဲ့ ဒုတိယပိုင်းမှာ တိုက်စစ်ကစားပုံ မြှင့်တင်လိုက်တာကြောင့် ခြောက်ဂိုးနှစ်ဂိုးနဲ့ ဂိုးပြတ်နိုင်ပွဲထပ်ရခဲ့တာဖြစ် ပါတယ်။ နောက်ဆုံးပွဲစဉ်မှာတော့ အီတလီအသင်းကို အရင်ပွဲတွေက ခြေစွမ်းအတိုင်းကစားနိုင်ခဲ့တာကြောင့် သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲဆက်ခဲ့တာ ဖြစ်ပါတယ်။

စပိန်အမျိုးသမီးအသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာတော့ ၁၉၉၇ ခုနှစ်မှာ ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အဲ့ဒီနှစ်မှာပဲ ဆီမီးဖိုင်နယ်အဆင့် ထိအမြင့်ဆုံးတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းနှစ်တွေမှာတော့ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိဘဲ ၂၀၁၃ ခုနှစ်ကစပြီး ခြေစွမ်းပိုင်းပြန်လည် တိုးတက်လာတာကြောင့် အခုချိန်ထိ ယူရိုပြိုင်ပွဲမှာ ခြေစစ်ပွဲအောင်မြင်ခဲ့ တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ယူရိုပြိုင်ပွဲမှာတော့ ကွာတားဖိုင်နယ်အဆင့် ထိသာတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ သူတို့ အသင်းဟာ ကမ္ဘာ့အဆင့်ကစားသမားတွေ ပေါ်ထွက်လာတာကြောင့် အကောင်းဆုံးပုံစံရရှိခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲဆက်တိုက်ရှုံးပွဲမရှိခဲ့ တာကိုတွေ့ရမှာပါ။ လက်ရှိနည်းပြ တိုမီကလဲ နည်းပြချုပ်တာဝန်ထမ်း ဆောင်ခဲ့တဲ့ ၂၀၂၃ ခုနှစ်ကစပြီး အသင်းကို ၂၀၂၃ ကမ္ဘာ့ဖလားနဲ့ ၂၀၂၃ -၂၀၂၄ နေးရှင်းလိဂ်ချန်ပီယံဆုဖလားတို့ ဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာလဲ အိမ်ရှင်အားသာချက်သာရှိပြီး အဘက်ဘက်က အားနည်းချက်တွေရှိနေတဲ့ ဆွစ်ဇာလန်အသင်းကို ပွဲချိန်ပြည့်ဖိအားပေး နိုင်မှာသေချာပါတယ်။

အိမ်ရှင်အသင်းအဖြစ်တဲ့ ဆွစ်ဇာလန်အမျိုးသမီးအသင်းဟာ အခုပြိုင် ပွဲမှာနော်ဝေအမျိုးသမီးအသင်း၊ ဖင်လန်အမျိုးသမီးအသင်း၊ အိုက်စလန် အမျိုးသမီးအသင်းတို့နဲ့ ကစားခဲ့ရတာကြောင့် ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့် (၂၃) မှာ ရပ်တည် နေပြီး အုပ်စုအဖွင့်ပွဲစဉ်မှာ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ နော်ဝေအသင်းနဲ့ ကစားရပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာ ထိရောက်တဲ့ဂိုးပေါက်ကန်သွင်းမှု အသာနဲ့ ကစားနိုင်ခဲ့တာဖြစ်လို့ ပထမပိုင်းမှာဦးဆောင်ဂိုးရခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ခံစစ်ကစားအားကျဆင်းသွားတာကြောင့် နော်ဝေ အသင်းတန်ပြန်တိုက်စစ်ကို ထိန်းချုပ်မရဘဲ ဦးဆောင်ဂိုးတွေဆက်တိုက် ပေးလိုက်ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာကိုတွေ့ရမှာပါ။ အုပ်စုဒုတိယပွဲမှာလဲ အိုက်စလန်အသင်းနဲ့ကစားရပေမဲ့ ခြေစွမ်းပိုင်းအသာဂိုးပေါက်ခြိမ်းခြောက် မှုအသာနဲ့ ထပ်မံကစားနိုင်ခဲ့ပြီး နှစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးပွဲစဉ်မှာတော့ သရေရလဒ်ကစားနိုင်ရင် နောက်တစ်ဆင့်တက်ဖို့ သေချာနေတာဖြစ်လို့ ပွဲစကတည်းက ဖင်လန်အမျိုးသမီးအသင်းရဲ့ဖိအား ပေးမှုခံရပေမဲ့ ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်ခဲ့လို့ တစ်ဂိုးစီသရေရလဒ်နဲ့ ပြီးဆုံးခဲ့ပြီး ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ပထမဆုံးကွာတားဖိုင်နယ် အဆင့်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဆွစ်ဇာလန်အမျိုးသမီးကလဲ ယူရိုပြိုင်ပွဲသမိုင်းမှာ ၂၀၁၇ ခုနှစ်ကသာ ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ခြေစစ် ပွဲအောင်ပြီး အုပ်စုအဆင့်သာ တက်ရောက်နိုင်ခဲ့ပေမဲ့ ရှုံးထွက်အဆင့်ကို တစ်ကြိမ်မှတက်ရောက်ခဲ့ဖူးခြင်းမရှိလို့ စပိန်အသင်းနဲ့ယှဉ်ရင် အတွေ့ အကြုံပိုင်းက အားနည်းနေတယ်လို့ဆိုရမှာပါ။ လက်ရှိကစားသမားစုဖွဲ့မှုက လဲ ဝယ်လ်တီ၊ အလီရှာလီမန်းတို့လောက်သာ ကစားသမားကောင်းတွေရှိ ခဲ့ပြီး ကျန်ကစားသမားတွေကတော့ ဥရောပကလပ်အသင်းငယ်တွေက ဖြစ်နေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ စပိန်အသင်းက ရှုံးပွဲမရှိခဲ့ဘဲ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ၂၀၂၃ ခုနှစ် ယူအီး အက်ဖ်အေနေးရှင်းလိဂ်မှာ စပိန်အမျိုးသမီးအသင်းက ဆွစ်ဇာလန် အမျိုးသမီးအသင်းကို ခုနစ်ဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ စပိန်အသင်းဟာ ၂၀၂၃ ခုနှစ်က လူစာရင်းအတိုင်းအများ ကြီးပြောင်းလဲခဲ့ခြင်းမရှိဘဲ လူငယ်ကစားသမားကောင်းတွေ ထပ်မံပေါ် ထွက်လာတာဖြစ်တာကြောင့် အခုပွဲစဉ်မှာအဘက်ဘက်က သာလွန် နေတဲ့ စပိန်အမျိုးသမီးအသင်းပဲ ရလဒ်ကောင်းမှာပါ။

**စပိန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၂ | - | ၁ | အင်္ဂလန် |
| စပိန် | ၃ | - | ၁ | ဂျပန် |
| စပိန် | ၅ | - | ၀ | ပေါ်တူဂီ |
| စပိန် | ၆ | - | ၂ | ဘယ်လ်ဂျီယံ |
| အီတလီ | ၁ | - | ၃ | စပိန် |

**ဆွစ်ဇာလန်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၄ | - | ၀ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၀ | - | ၁ | နော်ဝေ |
| ဆွစ်ဇာလန် | ၁ | - | ၂ | နော်ဝေ |
| ဆွစ်ဇာလန် | ၂ | - | ၀ | အိုက်စလန် |
| ဖင်လန် | ၁ | - | ၁ | ဆွစ်ဇာလန် |

## ချီလီအမျိုးသမီးအသင်းကိုရွေးရမှာပါ

အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ အာဂျင်တီးနားအမျိုးသမီးအသင်းနဲ့ ချီလီအမျိုးသမီးအသင်းတို့ပွဲစဉ်ပဲဖြစ် ပါတယ်။ သူတို့နှစ်သင်းဟာ ကိုပါအမေရိကဖလားပြိုင်ပွဲအုပ်စု (A) မှာ အိမ်ရှင်အီကွေဒေါ၊ ဥရုဂွေး၊ ပီရူးအသင်းတို့ တွေ့ဆုံနေပေမဲ့ ဒီအုပ်စုမှာ အီကွေဒေါ၊ ချီလီ၊ အာဂျင်တီးနားတို့ သုံးသင်းထဲကနှစ်သင်းသာအုပ်စုက ကျော်ဖြတ်နိုင်ဖို့ အခွင့်အရေးများနေတာကိုတွေ့ရမှာပါ။ အာဂျင်တီးနား အသင်းဟာ နိုင်ငံတွင်းမှာ ခြေစွမ်းပြနေတဲ့ ကစားသမားအများစုသာ စုဖွဲ့ ထားပြီး ဥရောပကလပ်တွေမှာ ကစားတဲ့ ကစားသမားအနည်းငယ်သာ ပါဝင်တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုပြိုင်ပွဲကို ၁၉၉၁ ခုနှစ်ပြိုင်ပွဲ စတင်ခဲ့တဲ့ အချိန်က ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိပေမဲ့ နောက်ပိုင်းနှစ်တွေမှာ အနိမ့်ဆုံးဆီမီးဖိုင်နယ်ထိရောက်ရှိခဲ့ပြီး ၂၀၀၆ ခုနှစ်မှာ ဆုဖလားတစ်ကြိမ် ရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ သူတို့အသင်းဟာ ခြေစွမ်းပိုင်းတည် ငြိမ်မှုမရသေးဘဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်မှာနှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အခုအဖွင့်ပွဲမှာတော့ ဥရုဂွေးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ပေမဲ့ တိုက်စစ်မှူးတွေဂိုးရဖို့ခက်ခဲနေ တာကြောင့် ပွဲကစားချိန် ၇၆ မိနစ်မှာရရှိခဲ့တဲ့ သွင်းဂိုးတစ်ဂိုးတည်းနဲ့နိုင်ပွဲ ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အာဂျင်တီးနားအသင်း တိုက်စစ်ပိုင်းက ချီလီအသင်းလို ခံစစ်ကစားပုံကောင်းတဲ့ အသင်းနဲ့ဆိုနိုင်ပွဲရဖို့ မလွယ်ပါဘူး။

ချီလီအသင်းဟာ အခုပြိုင်ပွဲသမိုင်းမှာ အမြဲတမ်းပါဝင်ယှဉ်ပြိုင်ခဲ့ပေမဲ့ အမြင့်ဆုံးဗိုလ်လုပွဲနှစ်ကြိမ်ထိ တက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့ အသင်းကတော့ အာဂျင်တီးနားအသင်းထက် ဥရောပကလပ်အသင်းတွေ မှာကစားနေတဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားတာကြောင့် စုဖွဲ့မှုအားကောင်း တယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာတော့ ပီရူးအသင်းနဲ့တွေ့ ဆုံခဲ့တာကြောင့် ခြေစွမ်းပိုင်းအသာဘောလုံးပိုင်ဆိုင်မှုအသာနဲ့ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်ခဲ့ပေမဲ့ ပထမပိုင်းမှာ ပြိုင်ဘက်ခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိလို့ ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းပွဲကစားချိန်မှာ တော့ တိုက်စစ်ပိုင်းအချိတ်အဆက်မိခဲ့တာကြောင့် ပွဲချိန် ၆၂ မိနစ်၊ ပွဲချိန် ၈၂ မိနစ်၊ ပွဲချိန် မိနစ် ၉၀ ကျော်တို့မှာ ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်း ယူနိုင်ခဲ့ပြီး သုံးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အုပ်စုအမှတ် ပေးဇယားမှာ အိမ်ရှင်အီကွေဒေါက နှစ်ပွဲကစားရမှတ်လေးမှတ်နဲ့ အဆင့် (၁)၊ ချီလီကတစ်ပွဲကစားရမှတ်သုံးမှတ်နဲ့အဆင့် (၂)၊ အာဂျင်တီးနားက ရမှတ်သုံးမှတ် ဂိုးကွာခြားချက်နဲ့အဆင့်(၃)၊ ဥရုဂွေးက နှစ်ပွဲကစားရ မှတ်တစ်မှတ်နဲ့ အဆင့်(၄)၊ ပီရူးအသင်းက ရမှတ်မရသေးဘဲ အုပ်စုအောက် ဆုံးမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့်တက်ရောက်ဖို့ အရေးကြီးပွဲစဉ်ဖြစ်တာကြောင့် အကြိတ် အနယ်ရှိလာမှာပါ။ သူတို့နှစ်သင်းဟာ ဖေဖော်ဝါရီ ၂၅ ရက်မှာ ကစားခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာဂိုးမရှိသရေရလဒ်နဲ့ ပြီးဆုံးခဲ့တာ ဖြစ်ပေမဲ့ လက်ရှိခြေစွမ်း ပိုင်းနဲ့စုဖွဲ့မှုမှာ ချီလီအသင်းကသာလွန်နေတာ ကြောင့် အနိမ့်ဆုံးသရေရလဒ် ကစားနိုင်မဲ့ ချီလီအမျိုးသမီးအသင်းကိုပဲ ရွေးရမှာပါ။

**အာဂျင်တီးနားအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကနေဒါ | ၃ | - | ၀ | အာဂျင်တီးနား |
| ကနေဒါ | ၀ | - | ၁ | အာဂျင်တီးနား |
| ဩစတြေးလျ | ၂ | - | ၀ | အာဂျင်တီးနား |
| ဩစတြေးလျ | ၄ | - | ၁ | အာဂျင်တီးနား |
| ဥရုဂွေး | ၀ | - | ၁ | အာဂျင်တီးနား |

**ချီလီအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချီလီ | ၀ | - | ၃ | အာဂျင်တီးနား |
| ချီလီ | ၀ | - | ၀ | အာဂျင်တီးနား |
| ချီလီ | ၂ | - | ၁ | ဟေတီ |
| ချီလီ | ၅ | - | ၀ | ဘိုလီဗီးယား |
| ပီရူး | ၀ | - | ၃ | ချီလီ |

# Call for Open Tender
## အိတ်ဖွင့်တင်ဒါ ဖိတ်ကြားခြင်း

**Tender Ref No.: TD-MM-CSI-2025-02** **Date: 18/07/2025**

The Center for Social Integrity has been officially registered as a Union-level local organization under the Ministry of Home Affairs and the Union Registration Board, with registration certificate number 1/Domestic/0086(2022), dated November 4, 2024.

The Center for Social Integrity is actively engaged in emergency relief operations for people affected by natural disasters (such as floods, earthquakes, etc.).

At present, the Center for Social Integrity is inviting tenders for the supply of the following items to assist people affected by the earthquake in Mandalay City, Mandalay Region and Sagaing City, Sagaing Region.

လူမှုရေးရာပေါင်းစည်းမှုအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက် ရက်စွဲပါ အမှတ် ၁/ပြည်တွင်း/၀၀၈၆(၂၀၂၂)ဖြင့် ပြည်ထောင်စုအဆင့် ပြည်တွင်း အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ် ရရှိထားပြီး သဘာဝဘေးအန္တရာယ်(ရေဘေး၊ငလျင်ဘေးအစရှိသည်) ခံစားရသည့်ပြည်သူများ အတွက် အရေးပေါ် ကူညီထောက်ပံ့ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ လူမှုရေးရာပေါင်းစည်းမှုအဖွဲ့အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများကို ကူညီထောက်ပံ့ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများ တင်ဒါခေါ်ယူခြင်း ဖြစ်ပါသည်။

The Center for Social Integrity (CSI) is inviting tender proposals for the suppliers to provide the following lists:

လူမှုရေးရာ ပေါင်စည်းမှုအဖွဲ့(CSI)သည် အောက်ပါပစ္စည်းများဝယ်ယူရန်အတွက် အရည်အချင်း ပြည့်ဝသော ကုန်ပစ္စည်းပေးသွင်းသူများခေါ် ယူရန် တင်ဒါဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။

- Reverse Osmosis (RO) units (ရေသန့်စက်များ)
- Food kits (အစားအသောက် ပစ္စည်းများ)
- Hygiene kits (တစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်းများ)
- Dignity kits (အမျိုးသမီးကျန်းမာရေးဆိုင်ရာ အသုံးဆောင်ပစ္စည်းများ)

You may submit tenders for some or all of these products. Center for Social Integrity (CSI) is not obliged to award a Contract Agreement for all the products indicated to a single company. All commodity prices must be imported at Mandalay prices. Detailed technical specifications are included within the tender documents.

လူကြီးမင်းတို့အနေဖြင့် ကုန်ပစ္စည်းများ၏ တစ်ချို့ကိုသော်လည်းကောင်း၊ အားလုံးသော်လည်းကောင်း တင်ဒါအတွက် တင်သွင်းနိုင်သည်။ ကုမ္ပဏီတစ်ခုတည်းနှင့် ပစ္စည်းအားလုံးအတွက် သဘောတူ စာချုပ်ချုပ်မည်ဟု CSI မှ အာမ မခံနိုင်ပါ။ ကုန်ပစ္စည်းဈေးနှုန်းများအားလုံးသည် မန္တလေးအရောက်ဈေးများဖြင့် တင်သွင်းကျရမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို တင်ဒါခေါ် ယူမှုစာရွက်တွင် ဖော်ပြထားပါသည်။

The tender will be conducted using CSI standard bidding documents, open to all qualified suppliers. Interested bidders may collect the bidding documents package (in English) free of charge at the following address before 21st July at 4:00pm.

တင်ဒါခေါ် ယူခြင်းသည် CSI ၏ တင်ဒါလျှောက်ထားမှု စာရွက်စာတမ်းများကို အသုံးပြု၍ လျှောက်ထားရမည်ဖြစ်ပြီး အရည်အသွေးပြည့်မီသော ကုမ္ပဏီများ အားလုံးမှ လွတ်လပ်စွာ လျှောက်ထားနိုင်ပါသည်။ တင်ဒါလျှောက်ထားမှု စာရွက်စာတမ်းကို အောက်ပါလိပ်စာများတွင် (၂၁-ရက်) ဇူလိုင်လ ညနေ (၄-နာရီ) မတိုင်မီအထိ လာရောက်ထုတ်ယူနိုင်ပါသည်။

- CSI ရန်ကုန်ရုံးချုပ် - အမှတ်၊ ၆၉-B2 ၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- CSI မန္တလေးရုံး - အမှတ်၊ မ ၃၃/၇၈၊ လမ်း ၅၅ နှင့် ၄၁ (C) ထောင့်၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။

All bids must be submitted not later than 23rd July -2025 within office hours (09:00 am to 5:OO pm) at the above given addresses in a sealed envelope or by email at tender@csi-global.org Late bids will be automatically rejected.

တင်ဒါဖောင်များကို အထက်ဖော်ပြပါ ရုံးလိပ်စာများတွင် ဇူလိုင်လ (၂၃) ရက်နေ့ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း (နံနက် ၉-နာရီမှ ၅-နာရီအတွင်း) လာရောက် တင်သွင်းကြရပါမည်။

If you need further details, please Contact:

သိလိုသည်များရှိပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

09-977631357 or email tender@csi-global.org

ခြင်ဆေးခွေ ဗလ
သုံးလျှင် ငါးတန်
သတိယှဉ် ဖွံ့ဖြိုးဖို့
အောက်တွင် စာအုပ်
ခံခွက် စာပေ
မမေ့နှင့် ဖတ်ကြစို့

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

စာပေမြင့်မှ လူမျိုးတင့်မည်

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၆၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်၂၆၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်ဧက ၉၃၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက၂၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာပေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကGAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာ သင်တန်းပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးနေကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)










## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရွှေစံကိုင်ရပ်ကွက်နေ ဦးကျော်အောင်+ဒေါ်သီတာဦးတို့၏သား မောင်သုခ (၉/ခမစ(နိုင်)၀၆၂၀၉၀)သည် မိဘစကားနားမထောင်ဘဲ မိမိဆန္ဒအလျှောက် နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်အောင်(၉/မရတ(နိုင်)၁၀၁၀၃၅)
ဒေါ်သီတာဦး(၉/မရတ(နိုင်)၀၄၅၇၀၁)

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်နေ ဒေါ်အောင်မေရီ (ဘ) ဦးလှမောင် (၁/ကမန(နိုင်)၀၁၀၉၄၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၇၈၀၆၅၉

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်၊ ရှမ်းဘုရားရွာနေ ဦးစို၏သား ဦးကြည်ထွန်းနိုင် (ခ) ဦးလက်ဘရ (၉/ရမသ(နိုင်) ၁၈၁၉၉၁)သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးကြည်ထွန်းနိုင် (ခ) ဦးလက်ဘရ
(၉/ရမသ(နိုင်)၁၈၁၉၉၁)

## သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(806-E)၊ ၂၈ လမ်း၊ ၆၀ x ၆၁ လမ်းကြားနေ ဒေါ်ယဉ်ယဉ်လှိုင်၏သား မောင်အောင်မြတ်ကျော်သည် မိဘ၏ဆိုဆုံးမမှု၊ ဆွေမျိုးများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ အုပ်ထိန်းသူခွင့်မပြုဘဲ မိမိ၏စိတ်ဆန္ဒအလျှောက် နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ရာသက်ပန်သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မောင်အောင်မြတ်ကျော်နှင့်ပတ်သတ်၍ မည်သည့်အကြောင်းကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ နောက်နောင်တွင်ဖြစ်လာသမျှ ကိစ္စတိုင်းသည် လက်ခံထားသူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယဉ်ယဉ်လှိုင်(၁၄/ကကထ(နိုင်)၁၃၁၀၇၇)

## အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အထက(ခွဲ)၊ လက်ကောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းမင်းအောင်၏သား မောင်ကောင်းခန့်ကျော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အောင်ခန့်ကျော်ဖြစ်ပါကြောင်း။ မောင်အောင်ခန့်ကျော်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)နေ ဦးတင်နိုင်မိုး၏သား မောင်အောင်ကောင်းမြတ် (ခ) မောင်ကောင်းဝေယံမိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်အောင်ကောင်းမြတ် (ခ)
မောင်ကောင်းဝေယံမိုး (၉/ပဥလ(နိုင်)၁၂၀၂၃၇)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)တွင် ပညာသင်ကြားနေသော Grade-6(A) မသွန်းရတီအောင်နှင့် Grade-5(B)မှ မခွန်းဆင့်ရတီအောင်တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမင်းလွင်ဖြစ်ပါကြောင်း။

ဦးစိုးမင်းလွင်(၉/မမန(နိုင်)၀၉၀၅၈၅)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းနောက်ရပ်ကွက်နေ ဦးသိန်းဟန် (ဘ) ဦးကီယာဆင်ဂီရိ (ခ) ညိုစိန်(၉/မကန(နိုင်)၀၈၆၄၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၂၈၆

## အဖိုးတန် ရေချိုကို ချွေတာပါ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထားဆောင်ရွက်ပေးသွားရန်လို...**

❖ **ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## "မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်"

(Myanmar's Value - Myanmar's Future)

ဆောင်းပါး စာမျက်နှာ- ၂၀

**တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်**

စာမျက်နှာ- ၂၃

---

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၏ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

---

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် ဇူလိုင် ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊

စာမျက်နှာ ၂၃ ကော်လံ ၁ ❖

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

OUR SERVICES
- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Service
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services
- Foreign Banking Services

" စိတ်ချရတာ မြဝတီဘဏ် "

Phone No : (01) 2301367, 2301368, 2301452, 2301378